The Lightning သတင်းစဉ်

(၁၅-၁-၉၉)ရက်နေ့တွင် စတင်တည်ထောင်သည်။ | ၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလ | ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ | အမှတ်(၁၆)



ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရေးဆွဲမည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ( ၂ ) နှစ်မြောက်အခမ်းအနား၌ထုတ်ပြန်ကြေညာ

၁၉၉၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် လူမျိုးစုံပြည်သူလူထုကြီး၏ ထောက်ခံဆန္ဒမဲ(၈၂)ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲတော့မည်ဟု သတင်းရရှိသည်။

ဩဂုတ်လတွင်း ကွမ်းခြံကုန်း-တံ့တေးခရီးစဉ်ကြောင့် နအဖစစ်အုပ်စုမှ(၁၂)ရက်ကြာ နေအိမ်တွင်အကျယ်ချုပ်ထားရှိခဲ့ပြီး၊ စက်တင်ဘာလ (၁၄) ရက်နေ့၌ ယခင်အတိုင်း ပြန်လည်နေထိုင်ခွင့်ပြုခဲ့သည့်အပြင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံးကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ရာ တင်းကျပ်သောလုံခြုံရေးများကြားမှ ပါတီအစည်းအဝေးကျင်းပ၍ ယခုကဲ့သို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ရေးဆွဲမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။

ထိုဆုံးဖြတ်ချက်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်ပြီး တိုင်းရင်းသားနိုင်ငံရေးပါတီ (၄)ပါတီနှင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (၂)နှစ်ပြည့်အခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် နအဖ စစ်အုပ်မှ မတရားဥပဒေမဲ့ ဖမ်းဆီးအကျဉ်းချထားခြင်းခံနေရသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူးနှင့်တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၏ တာဝန်ဝတ္တရားများအား ဒေါ်အောင်ဆန်းစုကြည် မှ လွှဲပြောင်းတာဝန်ယူမည်ဖြစ်ကြောင်းလည်း ကြေညာခဲ့သည်ဟု သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဌာနချုပ်ရုံးတွင်ပြုလုပ်သော အဆိုပါအခမ်းအနားမှ ဆုံးဖြတ်ချက် (၃)ရပ်

— — — — — —

❑စာမျက်နှာ(၃)ကော်လံ(၁)သို့

## လူထုဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သောဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာရမည်

## ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စအား မည်သို့ပင်တားဆီးနေပါစေ လုံးဝ လက်လွှတ်မည်မဟုတ်

### မြန်မာစစ်အစိုးရ ဖိနှိပ်ရက်စက်မှုမျိုးစုံလုပ်နေတာကိုက သူတို့အားနည်းနေပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုပျက်ပြီး မလုံမခြုံဖြစ်နေပြီဆိုတာကို သက်သေခံဖော်ပြနေတာပါပဲ



ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စကို ကျမတို့ ဘယ်တော့မှ လက်မလွှတ်နိုင်ဘူး။ ဒီကိစ္စကို လက်လွှတ်လိုက်လို့ရှိရင် ကျမတို့ဟာ ပြည်သူလူထုရဲ့ဆန္ဒကို ချိုးဖောက်တယ်ဆိုတဲ့ မကောင်းတဲ့အစဉ်အလာကြီးကို လက်ခံရာရောက်မယ်လို့ ကျမတို့ပြောခဲ့ပါတယ်။ အခုဆိုရင် ကျတို့ရဲ့စကားကို တကမ္ဘာလုံးက ပိုပြီးတော့ သဘောပေါက်ကြပါလိမ့်မယ်။ အရှေ့တီမောမှာ ဖြစ်တာကိုကြည့်ပြီးတော့ ကျမတို့နိုင်ငံမှာ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စကို လက်မလွှတ်ဘူးဆိုတာ မှန်ပါလေခြင်းဆိုပြီးတော့ ကမ္ဘာက သြဘာပေးလိမ့်မယ်လို့ ကျမ ယုံကြည်ပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မက်ဒယ်လင်းအောဘရိုက်က အထက်ပါစကားကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၅၅)နှစ်မြောက် မွေးနေ့သဝဏ်လွှာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နအဖစစ်အုပ်စုတို့၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖျက်သိမ်းနိုင်ရေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီဖျက်သိမ်းနိုင်ရေး ကြိုးပမ်းမှုတို့ကား အလွန်တရာ သွေးရူးသွေးတန်းနိုင်ပြီး အောင်မြင်မှု မရရှိသည့်အပြင် ပြည်သူလူထုနှင့် နိုင်ငံတကာကပင် ပြင်းထန်စွာ ရှုတ်ချခြင်းခံနေရသည်။

၁၉၉၀ပြည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလာဒ်ကို လစ်လျူရှုပြီး စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက် အဖက်ဖက်မှ လုပ်ဆောင်နေသော်လည်း လူမျိုးစုံပြည်သူလူထုတို့ကမူ မိမိတို့၏ မဲဆန္ဒရလာဒ်များကို အဆုံးရှုံးမခံကြသသည့် သဘောထားများ အခါအခွင့်ရတိုင်း ပြသနေသောကြောင့် သွေးတိုးစမ်းပြောဆိုလှုပ်ရှားမှုများသာရှိသည်။

ယင်းကဲ့သို့သော နအဖ စစ်အုပ်စု၏ သွေးရူးသွေတန်းလုပ်ရပ်များ ပေါ်လွင်ထင်ရှားနေသော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမူ လူမျိုးစုံပြည်သူလူထုတို့၏ဆန္ဒနှင့် ကိုက်ညီပြီးဖြစ်သော မူလရည်မှန်းချက်များကို အပွန်းအပဲ့ပင်မခံဘဲ ပြည်သူ့လွှတ်တော်ကိုယ်သားပြုကော်မတီနှင့် အတူ ချီတက်နေသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်က“ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေနဲ့ ဥပဒေဘောင်အတွင်းကနေပြီးတော့ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို ကျမ့တို့ ဆက်ပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။ ကျမတို့ကို ခြိမ်းခြောက်လို့လည်း ကျမတို့နောက်ဆုတ်မှာ မဟုတ်ပါဘူး။ ကျမတို့ရဲ့ ကိုယ်စားလှယ်များကို ဓါးစာခံများသဖွယ် ခေါ်ထားပြီးတော့ အမျိုးမျိုး ကျမတို့ရဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဖျက်သိမ်းဖို့ရာအတွက် စည်းရုံးလို့လည်း ကျမတို့ဟာ ဖျက်သိမ်းပေးမှာ မဟုတ်ပါဘူး။ ကျမတို့လိုချင်တဲ့ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စကိုလည်း လက်လွှတ်မှာ မဟုတ်ပါဘူး။

ကျမတို့ ခဏခဏပြောပါတယ်။ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စကို ကျမတို့ ဘယ်တော့မှ လက်မလွှတ်နိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီကိစ္စကို လက်လွှတ်လိုက်လို့ရှိရင် ကျမတို့ဟာ ပြည်သူလူထုရဲ့ဆန္ဒကို ချိုးဖောက်တယ်ဆိုတဲ့ မကောင်းတဲ့အစဉ်အလာကြီးကို ကျမတို့လက်ခံရာရောက်မယ်လို့ ကျမတို့ ပြောခဲ့ပါတယ်။ အခုဆိုရင် ကျမတို့ရဲ့စကားကို တကမ္ဘာလုံးက ပိုပြီးတော့ သဘောပေါက်ကြပါလိမ့်မယ်။ အရှေ့တီမောမှာ ဖြစ်တာကိုကြည့်ပြီးတော့ ကျမတို့နိုင်ငံမှာ ပြည်သူ့လွှတ်တော်ခေါ်ယူရေးကိစ္စကို လက်မလွှတ်ဘူးဆိုတာ မှန်ပါလေခြင်းဆိုပြီးတော့ ကမ္ဘာက သြဘာပေးမယ်လို့ ကျမယုံကြည်ပါတယ်”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အပေါ်ထားရှိသော သဘောထားများကို ပြောကြားခဲ့သည်။

ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ရွှေကလည်း“ဒီ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူလူထုနဲ့ တိုင်းပြည်အတွက် အကျိုးပြုလုပ်ငန်းများကို ပြည်သူ့လွှတ်တော်မှတဆင့် ဆောင်ရွက်ကြရန် တာဝန်ပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါပေမယ့် လွှတ်တော် ပေါ်ပေါက်လာခြင်းမရှိတော့ ဒီတာဝန်များကို မထမ်းဆောင်နိုင်ပါ။ ပြည်သူ့လွှတ်တော်ကို ခေါ်ယူမပေးခြင်းဟာ ဒီမိုကရေစီမပေးဘူးဆိုပြီး ငြင်းပယ်လိုက်ခြင်းပါပဲ။ ဒါ့အပြင် နိုင်ငံမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ကျန်းမာရေး အစရှိတဲ့ အကျပ်အတည်းများကို ဖြေရှင်းမပေးလိုတဲ့ဆန္ဒ ပေါ်လွင်နေတယ်ဆိုတာ ထင်ရှားပါတယ်”

— — — — — — —

● နောက်ကျောသို့



နေအိမ်အကျယ်ချုပ် ချထားခြင်း ခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ၏ လမ်းထိပ်တွင် နအဖစစ်အုပ်စု၏ လုံခြုံရေး အဖွဲ့ဝင်များ စောင့်ကြပ် ထိန်းချုပ်ထားသည်ကို အောက်တိုဘာလအတွင်းက တွေ့မြင်ရစဉ်

**လူထုဦးဆောင် သတ္တရာဇ် ( ၂၀၀၀ )**

- ☆နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ်ပေးရန်
- ☆မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော် မပေါ်ပေါက်သေးသရွေ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထားရှိရန်
- ☆နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲရန်

လူ့သမိုင်းဆိုသည်မှာ အနှစ်ချုပ်၍ အဆီထုတ်ထားသော သတင်းစာတမျိုးပင်တည်း ..... သောမတ် ကာလိုင်း (၁၇၉၅-၁၈၈၁) အင်္ဂလိပ်စာရေးဆရာ

## မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# လွတ်လပ်စွာ ဖွဲ့စည်းပိုင်ခွင့်အား နှလုံးသည်းပွတ်ပမာ ကာကွယ်ထိမ်းသိမ်းကြ

* လူ့အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့အဓိဌာန်ပြုကြေညာစာတမ်းအပိုဒ်၂၀(၁) ၌ "လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးခွင့်နှင့် ဖွဲ့စည်းပိုင်ခွင့်ရှိမည်"ဟု အတိအလင်းဖော်ပြထားပေသည်။လူသည် တဦးတယောက်တည်း နေထိုင်၍မရ၊ အသင်းအပင်းနှင့်စုပေါင်းနေထိုင်နေသော သတ္တဝါဖြစ်သည်။အိမ်ထောင်စု မျိုးနွယ်စု၊လူမျိုးစု ဟူ၍ ဆင့်ကဲဖြစ်ပေါ်တိုးပွားမှုများမှတဆင့် မြို့ပြပြည်ရွာများ တည်ဆောက်ကာ တိုင်းပြည်နိုင်ငံအသီးသီးကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းများ၏ ပကတိလိုအပ်ချက်များနှင့်အညီ ထူထောင်ခဲ့ကြသည်။ ယင်းသည်ပင် လူသားသမိုင်း၏ အခြေခံအကျဆုံးသော ဖြစ်ပေါ်တိုးပွါးမှုလည်း ဖြစ်သည်။သို့ပါ၍ အသင်းအပင်းထူထောင်ဖွဲ့စည်းခွင့်သည် လူသားမျိုးနွယ်တရပ်လုံး၏ မွေးရာပါအခွင့်အရေးတရပ်ဖြစ်သကဲ့သို့ လူသားဘဝ ရှင်သန်တိုးပွါးရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်ဟု ဆိုနိုင်သည် ။

* လွတ်လပ်ရေးရပြီး အုပ်စိုးသူအဆက်ဆက်သည် လွတ်လပ်စွာ အသင်းအပင်း ထူထောင်ဖွဲ့စည်းပိုင်ခွင့်တည်းဟူသော ပြည်သူတို့၏ အခြေခံအခွင့်အရေးကို တရားမဲ့စွာနင်းချေဖျက်ဆီးခဲ့သည်။ဖဆပလ အုပ်စိုးသူတို့သည် အလံနီကွန်မြူနစ်ပါတီ၊ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးစသည့် စည်းရုံးရေးသြဇာကြီးမား၍ လူထုအခြေခံရှိသော နိုင်ငံရေးအဖွဲ့အစည်းများကို မတရားသင်း ကြေညာခြင်းအားဖြင့် အမျိုးသားပြိုကွဲမှုကြီးကို ဦးတည်စေခဲ့သည်။ နှစ်ပေါင်း (၅၀)ကျော်ကြာ ငြိမ်းမရသည့်ပြည်တွင်းစစ်မီးတောက်မီးလျှံကို တောက်လောင်စေခဲ့သည်။

* ရှစ်လေးလုံးအရေးတော်ပုံ၏ရလဒ်အဖြစ် နိုင်ငံရေးပါတီများ စတင်ဖွဲ့စည်းကြစဉ်ကာလ၌ပင် နအဖသည် အမြဲစိမ်းပါတီ၊အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုနှင့် ပြည်သူ့တိုးတက်ရေးပါတီ စသောနိုင်ငံရေးပါတီများအား တဖက်သတ်ဖျက်သိမ်းခဲ့သည်။ ပါးစပ်က ဘုရားဘုရား၊လက်က ကားယားကားယားလုပ်သော လုပ်ရပ်ဖြစ်သည်။ ရွေးကောက်ပွဲ အနိုင်ရနိုင်ငံရေးပါတီပေါင်း(၂၇)ပါတီအနက် ပါတီ(၂၀) ဖျက်သိမ်းခဲ့သည့်အထိ လက်ရဲဇက်ရဲကျူးလွန်ခဲ့သည်။အထူးသဖြင့် ရခိုင်၊မွန်၊ကချင်၊ကယား၊ကယန်း၊ဇိုမီး၊ပလောင်၊နာဂ၊ကရင်၊ဘမန်၊မရာ စသည့် လူမျိုးစုံပြည်သူအပေါင်းတို့ကိုယ်စားပြုသည့် တိုင်းရင်းသားပါတီများအား မတရားသင်း ကြေညာဖျက်သိမ်းခဲ့မှုသည် စစ်ဝါဒီနအဖ၏ မဟာလူမျိုးကြီးဝါဒ သရုပ်သကန်ကို မဖုံးဖိနိုင်သော ဖော်ပြမှုဖြစ်သည်။

* ယခုကာလ၌လည်း ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်သည့် အင်န်အယ်လ်ဒီ အား ရန်သူနံပါတ်(၁) အဖြစ်သတ်မှတ်လျက် ဖျက်သိမ်းပစ်ရန် အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံရေးပါတီတရပ်၏ တရားသဖြင့်သော လှုပ်ရှားစည်းရုံးပိုင်ခွင့်အား ပိတ်ပင်တားဆီးလျက် အဖွဲ့ချုပ်ခေါင်းဆောင်များအား ဖမ်းဆီးထိန်းသိမ်းခြင်း၊အဖွဲ့ချုပ်ဌာနချုပ်အား ဝင်ရောက်ရှာဖွေစီးနင်းခြင်း၊ အဖွဲ့ချုပ် အဖွဲ့ဝင်များအား မတရားခြိမ်းခြောက်ဖမ်းဆီးခြင်းများကို တရားလက်လွတ် ပြုလုပ်လျက်ရှိသည်။

* စစ်မှန်သော ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ပေါ်ထွန်းရေးအတွက် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် လွန်စွာမှအရေးပါလှပေသည်။ နိုင်ငံရေးပါတီများမှတဆင့် လူမျိုးစုံပြည်သူတရပ်လုံးအား တိုင်းပြည်၏နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိမှသာ စစ်မှန်သော ဒီမိုကရေစီအစိုးရတရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး (၂၁) ရာစုနှစ်တွင် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာထည်ဝါ၍ ခေတ်မီကြွယ်ဝသော မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ယနေ့ကာလ၏ လက်ငင်းနိုင်ငံရေးလိုအပ်ချက်ဖြစ်သော နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာဖွဲ့စည်းတည်ဆောက်ပိုင်ခွင့်အား နှလုံးသည်းပွတ်ပမာ ကာကွယ်စောင့်ရှောက်ရန်တာဝန်မှာ ယနေ့ကာလပြည်သူတရပ်လုံး၏ လက်ငင်းနှင့်သမိုင်းပေးတာဝန်ဖြစ်ကြောင်း ဖော်ပြအပ်ပေသည် ။

**ပြည်သူသည်သာ အဓိဗ ပြည်သူသည်သာ အဓမိ**

# ညအခါလာသော ဝန်ကြီး
# ဘုရားဖူးခဲ့ လေသလား --- ဘီယာမူးခဲ့လေသလား

(၁၅)ဖေဖော်ဝါရီ၁၉၉၇ခုနှစ်၊
ပဲခူးတိုင်း အနောက်ခြမ်း၊
ပန်းတောင်း မြို့နယ်၊
ဥသျှစ်ပင်(အထက)

"မနက်ဖြန် ဝန်ကြီးခရီးစဉ်ရှိသည်။ ဆရာ/ဆရာမအားလုံး ဝတ်စုံပြည့်ဖြင့် အချိန်ပြည့်တာဝန်ထမ်းဆောင်ကြရမည်"

ကျောင်းအုပ်ဆရာမကြီး ခေါ်ယူသော အရေးပေါ်အစည်းအဝေး၏ အဓိကအကြောင်းအရာနှင့် အမိန့်သံစွက်သော စကားသံ။

ဝတ်စုံပြည့်ဆိုသည်မှာ နေ့စဉ်ဝတ်နေကျ အဖြူအစိမ်းအပြင် ဆရာမများ ပုဝါခြုံရမည်။ဆရာများ တိုက်ပုံဝတ်ရမည်။ အတန်းတင်စာမေးပွဲကြီး နီးနေသဖြင့် အလုပ်ရှုပ်နေချိန် ဝန်ကြီးကလာဦးမည်ဆို၍ ဆရာ၊ဆရာမများပို၍ စိတ်ညစ်ကြ၏။ သို့သော် ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်ကို ကြည့်ရှုပြီး လိုအပ်သော ငွေကြေးချပေးမည်ဆို၍ တစ်ဘက်ကလည်း မျှော်လင့်နေမိသည်။ များပြားလှသော ကျောင်းသား ဦးရေနှင့် သေးငယ်ဟောင်းနွမ်းစုတ်ချာ သောကျောင်း။ စာသင်ကြားရသည့် ဒုက္ခ။

မိမိ ပဲခူးတိုင်းအရှေ့ခြမ်း တောရွာများတွင် တာဝန်ထမ်းဆောင်စဉ်က တစ်နှစ်နေ၍ တစ်ခေါက်ပင် ဝန်ကြီးရောက်မလာ။ယခု၌ကျောင်းတွင် စာသင်နှစ်အစမှ ရေတွက်ရသော် ဝန်ကြီးလာသည်မှာ ဤတစ်ကြိမ်နှင့်ဆိုလျှင် (၃)ကြိမ်မြောက်ပဲ ဖြစ်သည်။ လာရန်အကြောင်းကလည်းရှိပေ၏။ ဥသျှစ်ပင်မြို့သည် ပန်းတောင်း–တောင်ကုတ်လမ်းနှင့်ပုသိမ်–မုံရွာလမ်းဆုံရာအရပ်ဖြစ်သဖြင့်၊ထိုမြို့မှ အနောက်ဘက်(၉၃)မိုင်အကွာတွင် နာမည်ကြီးလှသော ရွှေစက်တော်ဘုရား တည်ရှိလေသည်။ ပထမအခေါက် ဝန်ကြီးရောက်အလာ အခြွေအရံများအပြင် ဘုရားဖူးလိုသည့် ဇနီးသည်ကို ခေါ်လာ၏။ ဒုတိယအခေါက်တွင် ငပလီ၌အပန်းဖြေရေကူးလိုသည့် သားသမီးများကိုခေါ်လာ၏။ ယခုတတိယအခေါက်တွင် မည်သူတွေပါလာမည်ကို မသိနိုင်။

နောက်တစ်နေ့ နံနက် (၇)နာရီမှစ၍ ဆရာ၊ဆရာမအားလုံး တာဝန်ကိုယ်စီဖြင့် ဝန်ကြီးအလာကို စောင့်မျှော်ကြရသည်။အရံမီးသတ်နှင့် ကြက်ခြေနီအဖွဲ့များက ကျောင်းဝင်းပြင်ပ လုံခြုံရေးနှင့်ကြိုဆိုရေးကို တာဝန်ယူပြီး ကြံ့ဖွတ်အဖွဲ့နှင့် မြို့နယ်ပညာရေးမှူးအပါအဝင် မိမိတို့ကျောင်းမှ ဆရာ(၃)ဦးက ရှေ့ပြေးအကြိုအဖွဲ့အဖြစ် မင်းတုန်းသို့သွားနေကြပေပြီ။ ဝန်ကြီးမှာ ရန်ကုန်ဘက်မှ လာခြင်းမဟုတ်။ မကွေးတိုင်းတွင်း စစ်ဆေးပြီး ပြန်လာသော ဝန်ကြီးသည် ပဲခူးတိုင်းအနောက်ခြမ်းမှကျောင်းများကို ဆက်လက် စစ်ဆေးလျက်၊ ရန်ကုန်သို့ပြန်မည်။ ဥသျှစ်ပင်သို့ နံနက်(၉)နာရီတွင် ရောက်လာမည်။ ပန်းတောင်း(အထက)တွင် ခေတ္တရပ်နားပြီး ဆင်တဲတွင်ညစာ စားမည်။ ပြည် ဆရာအတတ်သင်ကျောင်းတွင် ညအိပ် ရပ်နားမည်။

ခရီးစဉ်တစ်လျှောက်ရှိ ကျောင်းအသီးသီးမှ ဆရာ၊ဆရာမများ မူလသတင်းရရှိထားသည့်အတိုင်း ဝန်ကြီးအား ဧည့်ခံရန် ပြင်ဆင်စောင့်မျှော်နေသော်လည်း နံနက်(၉)နာရီအထိ ဝန်ကြီးရောက်မလာပါ။နေ့လည်(၁)နာရီကျော်သည့်တိုင်အောင်လည်း ပေါ်မလာ။ညနေ(၄)နာရီ ပုံမှန်အတိုင်းကလေးများအား ကျောင်းဆင်းပေးလိုက်ရသော်လည်း ဆရာ၊ဆရာမများ အိမ်မပြန်ရသေး။ယနေ့ အချိန်ပြည့်(stand by)ဟု ဆရာမကြီးက အမိန့်ပေးထား၏။

ညနေ(၅)နာရီတွင်မိမိတို့ကျောင်းမှ ဆရာ၊ဆရာမများအလှည့်နှင့်ထမင်းပြန်စားကြရသည်။ ပြည်၊ ဆင်တဲ၊ ပန်းတောင်း၊ဥသျှစ်ပင်၊ မင်းတုန်းကျောင်းများ အပြန်အလှန် ဖုန်းတစ်ဂွမ်ဂွမ်ဆက်၍ ဝန်ကြီးသတင်းကို ပို့ကြ၊မေးကြရသည်။ ညနေ (၅:၃၀)နာရီခွဲတွင် မင်းတုန်းအဖွဲ့မှ ဖုန်းသတင်းပို့၏။ ဝန်ကြီး ည(၇)နာရီတွင် ရောက်မည်။

**ဆရာမတဦး**

ည (၇)နာရီခွဲသောအခါ ရင်သွေးငယ်ရှိသောဆရာမများ အိမ်ပြန်ချင်လှပြီ။ အသက်(၅၀)ကျော် ဆရာမကြီးများလည်း ပင်ပန်းငြီးငွေ့လှပြီ။ မိမိလည်း စိတ်တိုစပြုနေပြီ။ နိုင်ငံတော်ဌာနကြီးတစ်ခု၏ အကြီးအကဲသည် အချိန်လေးစားဖို့တော့ ကောင်းသည်။ မိမိလက်အောက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအများအပြား၏ ကိုယ်ပိုင်အချိန်များကို အကြောင်းမဲ့ မဖြုန်းတီးသင့်ဟု မိမိတွေးနေမိသည်။ ငယ်ငယ်တုန်းက တတိယတန်း မြန်မာဖတ်စာတွင် တာဝန်ကျေသော တံခါးမှူးက ညအခါစစ်ရေးအခြေအနေကြောင့် အချိန်မဟုတ်ပါဘဲ မြို့ဝင်ရန်ပြန်လာသော ဘုရင်ကို"တိုင်းပြည်ဘုရင် အမှန်ဖြစ်က နံနက်မိုးသောက်မှ မင်းတို့၏ အဂီရပ်နှင့်အညီ မြို့တွင်းဝင်ပါ။ လူဆိုးဓါးပြတို့ ဘုရင်ဟန်ဆောင်၍ဝင်ခဲ့သော် မခက်လော တံခါးမဖွင့်နိုင်"ဟုဆိုကာ မြို့တံခါးကို မဖွင့်ဘဲနေခဲ့၏။

ယခုလည်း "ပညာရေးဝန်ကြီး အမှန်ဖြစ်က ဝန်ကြီး၏ အဂီရပ်နှင့်အညီ နောက်တနေ့တာဝန်ချိန်မှ လာပါ။ ညအခါလာသောဝန်ကြီးကို ငါတို့မတွေ့ဖူးပါ"ဟုဆို၍ ဆရာ/ဆရာမများ အားလုံး ကျောင်းတံခါးပိတ်ကာ အိမ်ပြန်ကြလျှင် နောက်တနေ့၌ အလုပ်ပြုတ်မှာတော့ သေချာလှပေသည်။ ဩော်.... မြန်မာလူမျိုးတို့သည် စစ်အုပ်စုလက်ထက်တွင် သက်ဦးဆံပိုင်ဘုရင်ခေတ်လောက်တောင် တာဝန်ကို လွတ်လပ်စွာ၊ မှန်ကန်စွာ ပြောဆိုခွင့်၊ ထမ်းရွက်ခွင့် မရှိပါတကားဟု မိမိ ကြုံကြုံဖန်ဖန် တွေးနေမိပေသည်။

ည (၉)နာရီခန့်တွင် မင်းတုန်းမှ မည်သည့်ဖုန်းသတင်းမှ မလာတော့ပါ။ ဆရာ၊ ဆရာမများလည်း စာသင်ခန်းတစ်ခုတွင် ခုံများကိုစုကာ အစုလိုက်၊ အဖွဲ့လိုက်ခြေဆန့် ကျောဆန့်လှဲကာ ဝန်ကြီးအားစောင့်ရင်း တဖြည်းဖြည်းနှင့် ငိုက်မြည်းစ အိပ်ပျော်စပြုလေပြီ။ မိမိလည်း မှေးကနဲအိပ်ပျော်သွားမိသည်။

ည (၁)နာရီ။

ရှေ့ပြေးမော်တော်ဆိုင်ကယ်မှ လမ်းရှင်းအချက်ပေးဟွန်းသံနှင့်အတူ

"ဝန်ကြီးရောက်လာပြီ ဆရာမများ ကျောင်းပေါက်ဝကို အမြန်ထွက်ကြိုပါ "

အခန်းထဲတွင် ဆူညံပွက်လောရိုက်ကုန်တော့သည်။ အခန်းထဲ၌ မီးကမရှိ။ ဆံညှပ် ရှာသူကရှာ၊မျက်မှန် ပျောက်သူကပျောက်၊ ပုဝါများမှားဆွဲမိ၍ သူ့ဟာငါ့ဟာငြင်းသူကငြင်း၊ ဝန်ကြီးအားကမ်းရန် (snow towel)များ ထည့်ထားသော လင်ပန်းကို ခြေနှင့်ကန်ချမိ၍ စာသင်ခုံများအောက်သို့ ကုန်းကုန်းကွကွ ကုန်းကောက်သူက ကောက်၊ ခလုတ်တိုက်သူက တိုက်နှင့် ရှုပ်ကုန်တော့သည်။

မကြာမီ ကား(၅)စီး ထိုးဆိုက်ထားရာ ကျောင်းပေါက်ဝဆီသို့ ဆရာမများ ဆံပင်ဖရိုဖရဲ၊ ပုဝါ တစ်စဆွဲနှင့် ကိုရိုးကားရားပြေးကာ ပညာရေးဝန်ကြီးကို ကြိုကြလေသည်။စူးရှလှသော ကားမီးရောင်အောက်တွင် အိပ်မှုန်စုံဝါးဖြစ်နေသော မျက်လုံးများ၊ မသေမသပ်ဖြစ်နေသောပုံစံများနှင့် (၁)နာရီထိုးသည့်တိုင်အောင် မိမိအား ကြိုဆိုနေသော ဆရာ၊ဆရာမများကို ပညာရေးဝန်ကြီး ဦးပန်းအောင် (ယခု မီးရထားဝန်ကြီး)က ခါးထောက်လျှက် မိန့်မိန့်ကြီး ပြုံးကြည့်လေသည်။ ဝန်ကြီး၏ မျက်နှာမှာ အဆီတစ်ဝင်းဝင်းနှင့် ရေချိန်ကိုက်လာပုံရ၏။

အထူးဧည့်ခန်းတွင် စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်၊ဆောက်လုပ်ဆဲ ကိုယ်ထူကိုယ်ထကျောင်းဆောင်အကြောင်း အလှူငွေအများဆုံး ထည့်ဝင်ထားသော ပညာရေးအပေါ်စိတ်ဝင်စားအားပေးသည့် မြို့မျက်နှာဖုံး မိဘတစ်ဦးကို ကျောင်းဆောင်ပုံစံကားချပ်နှင့်တကွ ဆရာမကြီးက ရှင်းပြရသည်ဖြစ်ရာ အတွေ့အကြုံမရှိသဖြင့် မိဘများ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ရသော ကျောင်းဆောင်တွင် ပါဝင်သည့် အခန်းအရေအတွက်၊ ကုန်ကျစားရိတ်များနှင့် ငွေကြေးဆက်လက် မထည့်နိုင်တော့သဖြင့် မပြီးနိုင်ဘဲရပ်ထားရသည့် အကြောင်း၊ နောက်ထပ်ကျောင်းဆောင်သစ်တိုးချဲ့ရန် နိုင်ငံတော်မှ ငွေကြေးချပေးပါရန် တောင်းဆိုလိုကြောင်း ပြောကြားရာတွင် လိုရင်းမရောက်နိုင်ဘဲ ထစ်ငေါ့နေ၏။ ဝန်ကြီးမှာ စိတ်မရှည်တော့ဘဲ၊ စားပွဲကို ဝုန်းကနဲ လက်ဝါးဖြင့် ရိုက်လိုက်လေသည်။

ထို့နောက် ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး၊ ကျောင်းအုပ်ဆရာမကြီးဘက်သို့ မျက်နှာမူကာ

"ဟေ့ မမေမြင့် နင့်မြို့မှာရှိတဲ့ မိဘတွေကို ဆက်စည်းရုံးပြီး ကိုယ်ထူကိုယ်ထ ကျောင်းဆောင်တစ်ဆောင် ပြီးအောင်ဆောက်ပြစမ်း၊ ငါတို့ အကြီးအကဲတွေက ရေပါတာပဲ လိုချင်တယ်။ ရေဗူးပေါက်တယ်ဆိုတဲ့ ဆင်ခြေတွေ မလိုချင်ဘူး။ မိဘတွေဆောက်တဲ့ကျောင်းဆောင် ဒီနေ့ပြီးရင် မနက်ဖန်ငါဆီလာခဲ့။ ဒီထက်နှစ်ဆကြီးတဲ့ ကျောင်းဆောင်ဆောက်ဖို့ ငွေချပေးမယ်။နင်တို့က ဘာမှလုပ်မပြဘဲနဲ့ ငါက ဘာမှမချပေးနိုင်ဘူး။ ရှင်းလား။ကဲ....ပြန်မယ်"

ဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာသွားလေပြီ။

တစ်နေကုန်ရုံးမျှမက ည (၁)နာရီထိုးသည့်တိုင် ဝန်ကြီးအား စောင့်ကြိုရသည့်အကျိုးရလာဒ်က ဒါပဲဖြစ်ပါသည်။ ပညာရေးဝန်ကြီးက မိမိတို့ ကျောင်းအတွက် ငွေကြေးတစ်ပြားတစ်ချပ်လေးတောင်မှ ချမပေးသွားသော်လည်း မိမိတို့ကျောင်းရန်ပုံငွေထဲမှ ဝန်ကြီး၏ အပြန်ကားပေါ်သို့ အလွန်ဈေးကြီးလှသော ပုသိမ်ပေါ်ဆန်းမွှေးတစ်အိတ်၊ ဆီနှစ်ပုံး၊ ဘီယာ(၃)ကတ်၊ ကွမ်းယာအလွန်ကြိုက်သော ပညာရေးဝန်ကြီး ဦးပန်းအောင်အတွက် ရေခဲစိမ်ကွမ်းယာများ ရေခဲဗူးနှင့်တစ်ဗူး၊ အခြားဒေသထွက် စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ် တင်ပေးလိုက်ရလေတော့၏။

အားလုံးသိမ်းဆည်းပြီး၍ ဆရာ၊ ဆရာမများ အိမ်ပြန်ရန်ပြင်ဆင်ကြသောအခါ ည(၂)နာရီထိုးပေပြီ။တစ်ဦးကိုတစ်ဦး ဘယ်သူမှလိုက်မပို့နိုင်ကြ။ မိမိအိမ်မှာ ကျောင်းနှင့်အနည်းငယ်လှမ်းသည်။ ဖေဖော်ဝါရီလဆောင်းက ရုတ်တရက် စိမ့်အေးလာရသည့်အထဲ လမ်းကြားထဲမှခွေးတို့က ဝိုင်း၍ဟောင်ကြလေသောအခါ ကြောက်စိတ်နှင့် ပင်ပန်းနွမ်းနယ်စိတ်တို့ပေါင်းပြီး ထွက်ပေါက်မဲ့ဒေါသတွေအဖြစ် ကူးပြောင်းလာ၏။ထို့နောက် တစ်ခုတည်းသောဆန္ဒကိုသာ အကြိမ်ကြိမ်အခါခါ ဆုတောင်းနေမိပါတော့သည်။

**စစ်အုပ်စုမြန်မြန်ပြုတ်ကျပါစေ....**
**အာဏာရှင်ဆန်သောဝန်ကြီးတွေ**
**မြန်မြန်နေဝင်ချိန်ရောက်ပါစေ....**
**ကိုယ်ပိုင်အခွင့်အရေးတွေ**
**ဆုံးရှုံးနေသောစစ်အုပ်စု၏**
**ဝန်ထမ်းဘဝက**
**မြန်မြန်ဝဋ်ကျွတ်ပါစေ....**

❖

# စာရေးဆရာ မောင်ဝံသနှင့် ဒေါက်တာသန်းအောင် ကျန်းမာရေးအခြေအနေဆိုးရွား အင်းစိန်အကျဉ်းထောင်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ဆေးကုသခံယူနေရ



ဦးစိုးသိန်း
(စာရေးဆရာမောင်ဝံသ)

နအဖစစ် အကျဉ်းထောင်အတွင်း မတရားဖမ်းဆီး အကျဉ်းချထားခြင်းခံနေရသော ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်နှင့် ပဲခူးတိုင်း၊ ဝေါမြို့နယ်အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း (စာရေးဆရာ မောင်ဝံသ) တို့နှစ်ဦး အင်းစိန်အကျဉ်းထောင်ဆေးရုံတွင် ဆေးကုသမှုခံယူနေရာမှ ရောဂါအခြေအနေ ဆိုးရွားလာသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ဆေးကုသခွင့်ပေးရကြောင်း သိရသည်။

ဒေါက်တာသန်းအောင်မှာ အင်းစိန်အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရစဉ် နှလုံးရောဂါနှင့် သွေးတိုးရောဂါများရရှိခံစားခဲ့ရပြီး၊ ဦးစိုးသိန်း (စာရေးဆရာ မောင်ဝံသ)မှာ အစာအိမ်နှင့် နှလုံးရောဂါများ ရရှိခံစားခဲ့ရကြောင်း၊ ယခုကဲ့သို့ ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသနိုင်ရန် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ICRC ၏ မေတ္တာရပ်ခံချက်လည်း ပါဝင်ကြောင်းသိရသည်။

ဒေါက်တာသန်းအောင်သည် နအဖစစ်အုပ်စု၏ လူသေမှုအမည်တပ် အဓမ္မအမှုဆင်ဖမ်းဆီးခြင်းကို ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလက ခံခဲ့ရသူဖြစ်သည်။

ဖြစ်ရပ်မှန်မှာ ဒေါက်တာသန်းအောင်၏ ကိုယ်ပိုင်ဆေးခန်းသို့ ပန်းနာရင်ကြပ်ဝေဒနာသည်တဦး အရေးပေါ်ဆေးကုသမှုခံယူရန် ရောက်ရှိလာရာ ဒေါက်တာသန်းအောင်က အသက်ကယ်ဆေးထိုးပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့အမြန်ဆုံးသွားရောက်ရန် အကြံပေးညွှန်ကြားခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ထိုလူနာရောက်သောအခါ တာဝန်ကျဆရာဝန်များက ရန်ကုန်ပြည်သူ့ဆေးရုံသစ်သို့ သွားရောက်ရန် ထပ်မံညွှန်ကြားပြန်သည်၊ တဖန် ဆေးရုံသို့အသွားလမ်းတွင် ကားဘီးပေါက်သဖြင့် အသစ်လဲနေရပြန်ရာ အချိန်ကြာမြင့်သွားခဲ့သည်။ သို့ဖြင့် ဆေးရုံသစ်သို့မရောက်မီ ထိုလူနာ သေဆုံးသွားတော့၏။

အခြေအနေဖြစ်ရပ်မှန်အားလုံးကိုသိရှိကြသူ လူနာ၏ဆွေမျိုးသားချင်းတို့က ဒေါက်တာသန်းအောင်အား တစုံတရာပြစ်တင်ပြောဆိုမှု လုံးဝမရှိကြသော်လည်း မြို့နယ် နအဖစစ်အာဏာပိုင်များနှင့် ကြံ့ဖွံ့အဖွဲ့ဝင်တို့ သိရှိသွားကြပြီး ဆေးထိုးမှားသဖြင့်သေဆုံးရကြောင်း အမည်တပ်အမှုဆင် ဖမ်းဆီးကာထောင်ဒဏ်(၁၄)နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဦးစိုးသိန်း(စာရေးဆရာ မောင်ဝံသ)သည် နိုင်ငံတော်လုံခြုံရေးအကြောင်းပြပုဒ်မ၁၀(က)ဖြင့် ၁၉၉၆ ခုနှစ်က နအဖစစ်အုပ်စု၏ မတရားဖမ်းဆီးအကျဉ်းချထားခြင်းကို ခံခဲ့ရသူဖြစ်သည်။

ထိုသို့အကျဉ်းကျခံနေရရာမှ ယခုနှစ်စက်တင်ဘာလအတွင်း အစာအိမ်နှင့် နှလုံးရောဂါဝေဒနာ ဆိုးရွားစွာခံစားရသဖြင့် အင်းစိန်ထောင်တွင်း သတိလွတ်မေ့မြောခဲ့ရကြောင်း၊ ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသခွင့်ရရှိခဲ့ကြောင်း သိရသည်။

**စာရေးဆရာ မောင်ဝံသ ကျန်းမာရေးအခြေအနေဆိုးရွားနေဆဲ စစ်ထောက်လှမ်းရေးတို့က ဆေးရုံမှထောင်တွင်းသို့ အဓမ္မပြန်ပို့**

ဦးစိုးသိန်း (စာရေးဆရာ မောင်ဝံသ)အား အောက်တိုဘာလ (၂၃) ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အင်းစိန်အကျဉ်းထောင်သို့ ပြန်ပို့လိုက်ကြောင်း သိရသည်။ ကျန်းမာရေးရပ်ကွက်မှ ထွက်ပေါ်လာသောသတင်းအရ ဦးစိုးသိန်း(စာရေးဆရာ မောင်ဝံသ)၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်မှုလုံးဝမရှိသေးဘဲ အင်းစိန် အကျဉ်းထောင်သို့ အဓမ္မပြန်ပို့ခံရခြင်းဖြစ်ကြောင်း သိရသည်။

ဦးစိုးသိန်း(စာရေးဆရာ မောင်ဝံသ)၏ စာဖတ်ပရိသတ်နှင့် စာပေမိတ်ဆွေများက ဆေးရုံသို့ လာရောက်တွေ့ဆုံရန် ကြိုးစားမှုများအား နအဖစစ်ထောက်လှမ်းရေးများက သဘောမကျဖြစ်ပြီး ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာပြီဟု အကြောင်းပြကာ ယခုကဲ့သို့ ပြန်ပို့ခြင်း ဖြစ်ကြောင်းသိရသည်။ ပြင်သစ်နိုင်ငံအခြေစိုက် နိုင်ငံတကာ စာနယ်ဇင်းသမားများ ကာကွယ်ရေးအဖွဲ့ (နယ်ခြားမဲ့ သတင်းထောက်များအသင်း) RSFက ကျန်းမာရေးအခြေအနေ ဆိုးရွားနေသော ဦးစိုးသိန်း (စာရေးဆရာ မောင်ဝံသ)ကို ပြန်လွှတ်ပေးရန် နအဖစစ်အုပ်စုအား တောင်းဆိုထားသည်ဟုသိရသည်။ ❖

## ❑ရွှေ့မျက်နှာဖုံးမှ ....

ချမှတ်ခဲ့ရာ

(၁) နိုင်ငံရေးအကျဉ်းသားအားလုံးပြန်လွှတ်ပေးရန်

(၂) မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော် မပေါ်ပေါက်သေးသရွေ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကိုထားရှိရန်

(၃) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ရေးဆွဲရန် တို့ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလ (၁၆)ရက်၊ စနေနေ့ကကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၏ (၂)နှစ်ပြည့်အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ နိုင်ငံတကာသံတမန်များနှင့် ဧည့်သည်တော်များ စုစုပေါင်း(၂၀၀)ခန့် တက်ရောက်ကြကြောင်း၊ ပထမပိုင်းတွင် နအဖ စစ်အုပ်စု၏ လုံခြုံရေးအဖွဲ့ဝင်များက ပါတီဌာနချုပ်သို့သွားရာလမ်းများကို ပိတ်ဆို့ထားပြီး နောက်ပိုင်း၌ တက်ရောက်လိုသူအားလုံးကို သွားခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၈ခုနှစ်၊စက်တင်ဘာလ (၁၆)ရက်နေ့မှ ယခု (၂) နှစ်တာကာလအတွင်း နအဖ စစ်အုပ်စု၏ တင်းကျပ်သော၊ လူမဆန်သော၊အဟန့်အတား အနှောင့်အယှက်များကို ခက်ခဲပင်ပန်းစွာဖြတ်သန်းနေရသည့်ကြားမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အား ရေးဆွဲမည်ဟုကြေညာလိုက်ခြင်းသည် နအဖ စစ်အုပ်စုအား ရဲဝံ့စွာစိန်ခေါ်ခြင်းဖြစ်ကြောင်း နိုင်ငံတကာရှိ အကဲခတ်သူတို့က ပြောဆိုနေကြပါသည်။ ❖

# တစည ပါတီ၏ စည်းရုံးရေးခရီးစဉ် နအဖအဖွဲ့ဝင်များက အပြည့်အဝစောင့်ရှောက်



ဩဂုတ်လအတွင်းက ဒလမြို့တနေရာတွင် တားဆီးပိတ်ပင်ခြင်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)မှ အမည်ပြောင်းထားသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)၏ စည်းရုံးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုံခြုံရေး အပြည့်အဝဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုကော်မတီဝင် ဦးသာကျော်၏ တနင်္သာရီတိုင်း စည်းရုံးရေးခရီးစဉ်အား တိုင်းရဲတပ်ဖွဲ့မှူး ရဲအုပ်စိုးသန်းနှင့်အဖွဲ့က လုံခြုံရေး အပြည့်အဝဖြင့် စောင့်ရှောက်လိုက်ပါပေးခဲ့သည်ဟု သိရသည်။

ထို့ပြင် အောက်တိုဘာလ(၃၁) ရက်နေ့ကလည်း မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့ (ဈ)ရပ်ကွက်ရှိ တစည ပါတီဝင် ဦးအောင်ညွှန့်နေအိမ်၌ မြို့နယ်အဆင့် ပုံမှန်အစည်းအဝေး ပြုလုပ်ရာ ပါတီဝင်(၅၀)ကျော် တက်ရောက်ပြီး မြို့နယ်စည်းရုံးရေးမှူး ဦးမြင့်စန်းက တစည ပါတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပါတီဝင်တိုးချဲ့ရေး လုပ်ငန်းများကို ရှင်းလင်းပြောပြသွားသည်ဟု သိရသည့်အပြင် အဆိုပါအစည်းအဝေးပြုလုပ် နေစဉ်တလျှောက်လုံး ပြည်ကြီးတံခွန်ရဲတပ်ဖွဲ့က လုံခြုံရေး အပြည့်အဝဖြင့် စောင့်ရှောက်ပေးနေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံက နိုဝင်ဘာ(၂၇)ရက်နေ့တွင်ပြောဆိုသွားသည်။

တရားဝင် နိုင်ငံရေးပါတီနှင့် ၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒလ–ကွမ်းခြံကုန်း–တွံတေးခရီးစဉ်ကို တားဆီးပိတ်ပင်ခဲ့သည့် နအဖစစ်အုပ်စုသည် ရွေးကောက်ပွဲအသစ်ပြုလုပ်မည်ဟု လေသံလွှင့်ပြီး တစည ပါတီ၏ စည်းရုံးရေးခရီးစဉ်ကို လုံခြုံရေး အပြည့်အဝဖြင့် စောင့်ရှောက်ပေးနေခြင်းမှာ မရိုးသားသော လုပ်ရပ်ဖြစ်ကြောင်း မန္တလေးမြို့မှ ဒေသခံတဦးကသုံးသပ်ပြောဆိုကြောင်းလည်း သိရသည်။ ❖

# ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ မြန်မာပြည်ရှိမိသားစုများအား နအဖစစ်ထောက်လှမ်းရေးတို့ အကျပ်ကိုင် ခြိမ်းခြောက် သိမ်းသွင်းမှုများပြုလုပ်နေ

ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများ၏ မြန်မာပြည်တွင် ရှိနေသော မိသားစုများအား နအဖစစ်ထောက်လှမ်းရေးအဖွဲ့ဝင်တို့က ခြိမ်းခြောက်အကျပ်ကိုင်မှုများ ပြုလုပ်နေသည့်အပြင် မိသားစုများ၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် အိမ်ဂရန်၊ ကားပိုင်ဆိုင်မှုစာချုပ်များကိုပါ သိမ်းယူနေကြကြောင်း လွတ်လပ်သောအာရှအသံRadio Free Asia က အောက်တိုဘာလ(၁၁)ရက် နေ့တွင်ပြောဆို သည်။

နအဖ၏ စစ်ထောက်လှမ်းရေးတို့ကဂျပန်ရောက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ မိသားစုများ အိမ်သို့ရောက်ရှိလာကာ ခြိမ်းခြောက်မှုများပြုလုပ်ကြောင်း၊ ယင်းတို့ သိမ်းသွင်းပြောဆိုတိုင်း မရသောအခါ မိသားစုများပိုင်ဆိုင်သော ကား၊အိမ်အရောင်းအဝယ်စာချုပ်ကအစ မည်သို့မျှမသက်ဆိုင်သော မိသားစုဝင်များကို ဒုက္ခပေး၊အနိုင်ကျင့်၊ အကျပ်ကိုင်သိမ်းဆည်းမှုများ လုပ်ဆောင်နေကြောင်း၊ ထိုသို့သောပြုမူဆောင်ရွက်ချက်များသည် နအဖစစ်အုပ်စု၏ လူ့အခွင့်အရေး ဆိုးဆိုးဝါးဝါးကျူးလွန်ဖောက်ဖျက်သော ခိုင်လုံသည့်သက်သေအထောက်အထားများဖြစ်ကြောင်း တိုကျိုအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူတဦးက ပြောဆိုသည်။

ထိုသို့သော အကျပ်ကိုင်မှုများသည် ပြီးခဲ့သည့်ဇွန်လ နအဖစစ်အုပ်စု အတွင်းရေးမှူး(၁)ဒု ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်သို့ရောက်ရှိပြီးသည့်နောက်ပိုင်း ပိုမိုပြင်းထန်လာသည်ဟု သိရသည်။

ထို့အပြင် နအဖစစ်အုပ်စုနှင့် စစ်ထောက်လှမ်းရေးအဖွဲ့ဝင်တို့၏ ပြည်တွင်း၊ပြည်ပမကျန် နည်းမျိုးစုံနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကုလသမဂ္ဂအထိတင်ပြနိုင်ရန် အချက်အလက်အထောက်အထားများကို စုဆောင်းပြင်ဆင်နေပြီဟု ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများကပြောဆိုကြောင်း လွတ်လပ်သော အာရှအသံ RFA က ဆိုသည်။ ❖



မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် မြောက်မြားလှစွာသော အစည်းအဝေးများကို ပြုလုပ်ခဲ့သော်လည်း အရာမရောက်ဖြစ်နေသဖြင့် ထိုအစည်းအဝေးများမှာ ဟန်ပြအဆင့်ပြုလုပ်သော အစည်းအဝေးများဟု တချို့က အမည်တပ်နေကြ၏

# ရန်ကုန်မြို့တော်အတွင်း ပြည့်တန်ဆာများပေါများလာ မှုခင်းနှိမ်နင်းရေးအဖွဲ့ရှိပြီး ထိရောက်အောင်မဆောင်ရွက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးတဦး မော်ဒယ်တဦးအား အဓမ္မပြုကျင့်မှုဖြစ်ပွား

မြန်မာနိုင်ငံ၏မြို့တော် ရန်ကုန်မြို့အတွင်း နအဖစစ်အုပ်စု အသိအမှတ်ပြုထားသော မျက်နှာကြီး ပြည့်တန်ဆာများပေါများလာကြောင်း၊ ရန်ကုန်မြို့အတွင်း ပြည့်တန်ဆာနှိမ်နင်းရေးအဖွဲ့ဖွဲ့စည်းထားသော်လည်း ထိပ်တန်းစစ်ခေါင်းဆောင်များ အသိအမှတ်ပြုထားသည့် ပြည့်တန်ဆာများကိုမူ လက်ဖျားနှင့်ပင် တို့ထိ၍မရနိုင်ဟု သိရသည်။

ဇိမ်ခံကားနှင့် လာခေါ်ပါက လိုက်လေ့ရှိသော ကန်တော်ကြီး ကရဝိက်ဟိုတယ်မှ ဟိုတယ်ဝန်ထမ်း အမျိုးသမီးအဆိုတော်များကိုမူ မည်သည့် တာဝန်ရှိအဖွဲ့ကမျှ ဖမ်းဆီးခြင်းမပြုကြောင်း သိရပြီး ပြည့်တန်ဆာနှိမ်နင်းရေးအဖွဲ့ တာဝန်ရှိသူများကမူ ကရဝိက်ဟိုတယ်မှ အမျိုးသမီးအဆိုတော်များမှာ ပြည့်တန်ဆာများ မဟုတ်ကြောင်း၊ ဟိုတယ်ဝန်ထမ်းဖြစ်ပြီး အရေးကြီးပုဂ္ဂိုလ်တို့၏ အဆက်အသွယ်များဖြစ်ကြောင်း ပြောဆိုသည်ဟု သိရ သည်။

ပြီးခဲ့သည့် အောက်တိုဘာလ (၂၅)ရက်နေ့က စူပါမော်ဒယ်တန်း ဝင် မချယ်ရီအောင် အသက်(၂၇)နှစ် အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဟိုတယ်နှင့်တည်းခိုရိပ်သာကြီးကြပ်ရေးဌာနမှူးက မတရားပြုကျင့်ခဲ့ကြောင်း၊ မချယ်ရီအောင်က မကျေနပ်သဖြင့် အမှုဖွင့် တိုင်ကြားရာ ငွေကျပ်တသိန်းနှင့် လှိုင်သာယာရှိ အိမ်တလုံးလျော်ကြေးပေး ကြေအေးပစ်သည်ဟု သိရသည်။

❖

❖

## သက္ကရာဇ် ( ၂၀၀၀ ) ပြည့်နှစ်အတွက် နိုဘဲလ် ငြိမ်းချမ်းရေးဆု တောင်ကိုရီးယား သမတ ကင်မ်ဒေးဂျုံအား ရွေးချယ်ကြောင်း ကြေညာ



သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်အတွက် နိုဘဲလ်ငြိမ်းချမ်းရေးဆုအား တောင်ကိုရီးယားသမတ ကင်မ်ဒေးဂျုံရရှိသွားကြောင်း နိုဘယ်လ်ဆု ရွေးချယ်ရေးကော်မတီက ကြေညာသည်။

သမတ ကင်ဒေးဂျုံသည် တောင်ကိုရီးယားနိုင်ငံအတွင်း ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများ ထွန်းကားရေးအတွက် အာဏာရှင်များကို နှစ်ပေါင်း(၄၀)ကြာ တိုက်ပွဲဝင်ခဲ့သူဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးအတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် အောင်မြင်စွာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့သူလည်း ဖြစ်သည်။

ယခုကဲ့သို့ သမတကင်မ်ဒေးဂျုံ နိုဘဲလ်ငြိမ်းချမ်းရေးဆု ရရှိခြင်းအတွက် တောင်ကိုရီးယားပြည်သူတို့ ပျော်ရွှင်စွာအောင်ပွဲခံနေကြကြောင်းလည်း သိရသည်။ ❖



## ဒီမိုကရေစီအင်အားစုများအား မကောင်းသတင်းလွှင့်ထုတ်ရန် နအဖစစ်ထောက်လှမ်းရေးတို့က သင်တန်းပေးပြီးစေလွှတ်နေဟုဆို

နအဖစစ်အုပ်စု၏ မကောင်းသတင်းများကိုချေပပြီး ဒီမိုကရေစီအင်အားစုများ၏ မကောင်းသတင်းများကို လွှင့်ထုတ်ရေးအတွက် နအဖ၏ စစ်ထောက်လှမ်းရေးအဖွဲ့က အပြစ်မြင် နိုင်ငံတကာ သတင်းဝေဖန်တုန့်ပြန်ရေးအစီအစဉ်အား ပြင်ဆင်နေကြောင်း၊ လွတ်လပ်သောအာရှအသံ (RFA) က အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်လွှင့်ပြောဆိုသွားသည်။

ပြီးခဲ့သည့် ဇူလိုင်လ (၂၀)ရက်နေ့က ရန်ကုန်မြို့နအဖနိုင်ငံခြားရေးဌာနရှိ သံတမန်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင်ဆုံးဖြတ်ခဲ့သော အပြစ်မြင် နိုင်ငံတကာသတင်းစဉ်များကို တုန့်ပြန်ရေးစီမံချက် ပထမအသုတ် သင်တန်းဆင်းပွဲအား အောက်တိုဘာလ (၁၀)ရက်နေ့က ကျင်းပသွားခဲ့ကြောင်း၊

အဆိုပါ သင်တန်းဆင်းပွဲအား သင်တန်းပေးခဲ့သောနေရာဖြစ်သည့် ထားဝယ်မြို့ ဘုံမော်ရပ် အမှတ်(၁၉) စစ်ထောက်လှမ်းရေးရုံးချုပ်ရှိ အဆောင်အမှတ်(၄)တွင်ပြုလုပ်ခဲ့ကြောင်း၊ သင်တန်းစတင်ချိန်တွင် သင်တန်းသား(၄၀) ကျော်ရှိခဲ့သော်လည်း သင်တန်းဆင်းသည့်အခါတွင် (၃၀)ကျော်သာ ကျန်တော့ကြောင်း RFA ကဆိုသည်။

သင်တန်းသားများအား နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ၏ အဖွဲ့ဝင်များ နေထိုင်သော ငြိမ်းချမ်းရေးရွာမှခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခင်က ABSDF အဖွဲ့ဝင်ဖြစ်ခဲ့သူများ၊မြိတ်–ထားဝယ်တပ်ပေါင်းစုအဖွဲ့ဝင်ဖြစ်ခဲ့သူများနှင့် လူမျိုးစုအဖွဲ့များတွင် ပါဝင်ခဲ့ဖူးသူများ ပါဝင်ကြောင်း၊ သင်တန်းဆင်းပွဲတွင် အမှတ်(၁၁)၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး သက်တင်က "ဒီသင်တန်းက ပေးလိုက်တဲ့ပညာတွေနဲ့ အရင်က မှားခဲ့တာတွေအတွက် ပေးဆပ်ကြရမှာဖြစ်တယ်၊ နအဖရဲ့ မကောင်းတဲ့သတင်းတွေ ဖြန့်ချိနေကြတဲ့သူတွေကို ဒီပညာရပ်တွေနဲ့ တုန့်ပြန်တိုက်ခိုက်ကြရမှာဖြစ်တယ်" ဟုပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်ဟု သိရသည်။

ထို့ပြင် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၈)တပ်မှူး ဗိုလ်မှူးကြီး ရဲမင်းသိန်းက သင်တန်းသား တဦးချင်းအား လက်ကိုင်ဖုန်း(၁)လုံးနှင့် ငွေ(၅၀၀၀)ကျပ်ပေးသည်ဟု RFA က ဆိုသည်။

ထို့နောက် ပထမပတ် သင်တန်းဆင်း(၃၀)ကျော်အား ရန်ကုန်မြို့သို့ပို့ပြီး စစ်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးတွင် ထပ်မံသင်တန်းတက်ကြရကြောင်း၊ ထို့မှတဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံကူးလက်မှတ်၊နိုင်ငံခြား တိုင်းပြည်များတွင်ရှိသော ပုဂ္ဂလိကအသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများတွင် တက်ရောက်သင်ကြားခွင့်ပေးသောထောက်ခံစာ၊ မြန်မာပြည်အတွင်းရှိကုမ္ပဏီတခုခု၏ ကိုယ်စားလှယ်ဖြစ်ကြောင်း ထောက်ခံသည့်စာရွက်စာတမ်းများကိုလည်း တပါတည်း ပေးအပ်လိုက်သည်ဟု သိရသည်။

အောက်တိုဘာလကုန်ပိုင်းအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အသုတ်လိုက်ပို့ကာ ထိုင်း–မြန်မာနယ်စပ်နှင့် ဘန်ကောက်မြို့များ၌ ဖြန့်ခွဲနေရာချပေးမည်ဖြစ်ပြီး နအဖစစ်အုပ်စုကို ကောင်းကျိုးပြုကာ ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တို့၏ မကောင်းသတင်းများကို ညင်သာစွာ ဖြန့်ချိပေးရန် တာဝန်ပေးထားကြောင်း၊ ဖြန့်ချိရမည့်သတင်းများအား ရန်ကုန်မြို့ရှိ စစ်မဟာဗျူဟာလေ့လာရေးဌာနချုပ်မှ အဖွဲ့ငယ်တခုက ရေးသားပေးပို့သွားမည်ဟု သိရသည်။

အဆိုပါ ပထမပတ်သင်တန်းသားများထဲမှ သုံးပုံတပုံသည် သင်တန်းအား မလိုက်နိုင်ဟု အကြောင်းပြကာ ဆက်လက်တက်ရောက်ခြင်းမရှိတော့ကြောင်း မည်သည့်အကြောင်းကိစ္စ ဖြစ်သည်ဆိုသော အသေးစိတ်အချက်အလက်များကိုမူ ယခုထိမသိရသေးဟု RFA က ဆိုသည်။ ❖

## ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင် ပြောင်းရွှေ့ရေးမြို့ဒေသခံလူထုတို့စိတ်ဆင်းရဲနေကြပြီ

စက်တင်ဘာလ (၂၉)ရက်နေ့မှ အောက်တိုဘာလ(၁)ရက်နေ့အထိ ရန်ကုန်မြို့ ကာကွယ်ရေးဦးစီးချုပ်ရုံးတွင်ပြုလုပ်သော နအဖစစ်အုပ်စု၏ တိုင်းမှူး၊ တပ်မှူးကြီးများအားလုံး တက်ရောက်ရသည့် ဒုတိယအကြိမ်လေးလပတ်အစည်းအဝေးဆုံးဖြတ်ချက်အရ ကမ်းရိုးတန်းဒေသ စစ်တိုင်းမှူး ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခဲ့ကြောင်း သိရသည်။

ယခင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်အောင်အား ရာထူးမှအနားယူခိုင်းလိုက်ပြီး ကမ်းရိုးတန်းဒေသစစ်တိုင်းမျူးအဖြစ် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှူး ဗိုလ်မှူးချုပ် အေးကြွေအား ဗိုလ်ချုပ်အဆင့်တိုးမြှင့်ပေးပြီး ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင်နေရာတွင် အစားထိုး ခန့်အပ်ခဲ့သည်ဟု သိရသည်။

ပြောင်းရွှေ့ခံရသော ဗိုလ်ချုပ် သီဟသူရသူရစစ်မောင်အား နှုတ်ဆက်



**အနားယူသွားရသော ယခင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မြင့်အောင်**

ပွဲနှင့် အသစ်ခန့်အပ်ခံရသော တိုင်းမှူးသစ် ဗိုလ်ချုပ်အေးကြွေအတွက် ကြိုဆိုပွဲကို ပြီးခဲ့သည့် အောက်တိုဘာလ(၇)ရက်နေ့က မြိတ်မြို့ ပုလဲရတနာခမ်းမတွင် ဒေသခံပြည်သူများဆီမှ အဓမ္မကောက်ခံထားသောငွေများဖြင့် အကုန်အကျခံ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါညှော့ခံပွဲစရိတ်အတွက် မြိတ်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ပူးပေါင်းပြီး အဖွဲ့(၅)ဖွဲ့ခွဲကာ မြို့တွင်းရှိ အမြန်ယာဉ်ပိုင်ရှင်တဦး ကျပ်(၈၀၀)ကုန်စုံဆိုင်တဆိုင်လျှင် ကျပ်(၁၀၀၀) ရွှေဆိုင်နှင့်ကုမ္ပဏီအလုပ်ရုံများ ကျပ်(၅၀၀၀)မှ ကျပ်(၁၀၀၀၀)ကျော်အထိ သတ်မှတ်ပြီး အောက်တိုဘာလ(၅)ရက်နေ့က အဓမ္မ ကောက်ခံခဲ့သည်ဟု သိရသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး နေရာသို့ ဗိုလ်ချုပ် သီဟသူရ စစ်မောင် စတင်ပြောင်းရွှေ့ တာဝန်ယူသည့်နေ့မှာပင် ဒေသခံပြည်သူလူထုများ စိတ်ဆင်းရဲနေကြရသည်ဟု သိရသည်။ပြီးခဲ့သည့် အောက်တိုဘာလ(၈)



**ယခု အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်လာသည့် ဗိုလ်ချုပ် သီဟသူရ သူရစစ်မောင်**

ရက် မွန်ပြည်နယ်ဥက္ကဌနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ဗိုလ်ချုပ်သီဟသူရ သူရစစ်မောင် စတင်တာဝန်ယူခဲ့ပြီး ပထမဆုံးဆောင်ရွက်ချက်အဖြစ် မွန်ပြည်နယ် ရေးမြို့အားမြို့တော်အဂ္ဂါရပ်နှင့် ညီညွတ်ပြည့်စုံအောင် ရွှေ့ပြေးဆောင်ရွက်ရေး အစည်းအဝေးအား မွန်ပြည်နယ်ရာမည ခမ်းမတွင်ပြုလုပ်ခဲ့ကြောင်း၊ ဗိုလ်ချုပ်စစ်မောင်က မော်လမြိုင်–ထားဝယ် ကားလမ်းမကြီး၊ရေးမြို့တွင်းဖြတ်သန်းရာလမ်းမတလျှောက် လူသွားလမ်းဘေးစင်္ကြံဖောက်လုပ်ရေး၊ အရိပ်ရ သစ်ပင်စိုက်ရေး၊မြို့တွင်းမြို့ပတ်လမ်းကို တိုးချဲ့ရေးနှင့်အရိပ်ရ သစ်ပင်စိုက်ရေး၊မြို့နယ်ဈေးမွမ်းမံပြင်ဆင်ရေး၊ မြို့ပတ်လမ်းဘေးအိမ်များ ဆေးသုတ်ရေး၊ တိုက်ခံအိမ်မဆောက်နိုင်သောသူများကို ဆောက်နိုင်သောသူများနှင့် အစားထိုးရေးများအား စီမံချက်ချမှတ်လုပ်ဆောင်သွားမည်ဟုပြောဆိုခဲ့သည်။

ထို့ကြောင့် အဆိုပါမွမ်းမံပြင်ဆင်ရေးစီမံချက်အပေါ် ကောက်ခံလာမည့် ရှိပုံငွေအတွက် ရေးမြို့နေကုန်သည်များ၊ စီပွားရေးလုပ်ငန်းရှင်များ၊ ကားလိုင်းအသင်းများ၊ ဥယာဉ်ခြံပိုင်ရှင်များနှင့် မြို့နေလူထုတို့က စိုးရိမ်ပူပန်နေကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံက ပြောဆိုသွားသည်။ ❖

နောက်ကျောဖုံးမှ အဆက်

ဒေသမှာ တွေ့သင့်တဲ့သူတွေကိုတွေ့ဆုံပြီး စောင့်ကြည့်မယ့်လူ တယောက်လိုပါတယ်။ မနှစ်ကစပြီး ကျနော့်ကို အကူအညီပေးမယ့်လူ တယောက်မှ မရှိခဲ့ပါဘူး။ အဲဒီ အခက်အခဲတွေကို ကျနော့်အနေနဲ့ လူ့အခွင့်အရေး မဟာမင်းကြီးဆီ တင်ပြခဲ့ပြီး နောက်ဆုံး ဒီလို မပြည့်မစုံနဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တော် အနေနဲ့ ဆောင်ရွက်မယ့်အစား လူ့အခွင့်အရေးကော်မတီဝင်အဖြစ် ဆောင်ရွက်တာကမှ လူ့အခွင့်အရေးကိစ္စကို ပိုဆောင်ရွက်နိုင်မယ်လို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီကော်မတီရဲ့လုပ်ငန်းဟာ အထူးကိုယ်စားလှယ်လုပ်ငန်းနဲ့တော့ မတူပါဘူး။ကော်မတီမှာ အဖွဲ့ဝင်နိုင်ငံပေါင်း (၁၅၀)ပါဝင်တယ်။ကော်မတီရဲ့ အလုပ်က သက်ဆိုင်ရာနိုင်ငံတွေရဲ့ လူ့အခွင့်အရေးအခြေအနေတွေကို နိုင်ငံတကာစံတွေနဲ့ ကိုက်ညီမှုရှိမရှိ လေ့လာစိစစ်ရပါတယ်။အဲဒီကော်မတီဟာ နိုင်ငံရေးရပိုင်ခွင့်နဲ့ နိုင်ငံသားအခွင့်အရေးဆိုင်ရာကော်မတီဖြစ်ပြီး အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေရဲ့အခြေအနေတွေကိုတော့ မစိစစ်ပါဘူး။ မြန်မာနိုင်ငံဟာ အဖွဲ့ဝင်မဟုတ်ပါဘူး။ ဒါပေမယ့် ကျနော့်အနေနဲ့ မြန်မာနိုင်ငံရေးကို ဆက်လက်စိတ်ဝင်စားပြီး စောင့်ကြပ်သွားမှာကတော့ သေချာပါတယ်။

ကုသမဂ္ဂအထွေထွေညီလာခံက ပြဌာန်းချက်တွေ ချမှတ်ခဲ့ရတာနဲ့ မြန်မာနိုင်ငံမှာ အဓိက အပြောင်းအလဲ မရှိခဲ့တာ၊ ကျနော် ဒီတာဝန်ကို လက်ခံကာစ ၁၉၉၆ခုနှစ် မြန်မာနိုင်ငံမှာ တွေ့ခဲ့ရတဲ့ နိုင်ငံရေးဖိနှိပ်ချုပ်ချယ်မှုတွေ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ ဆက်လက်ရှိဆဲဖြစ်တဲ့အတွက် ကျနော် စိတ်ပျက်မိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ အလားတူအခြေအနေဆိုးတွေ ရှိနေတယ်ဆိုတာကို ထောက်ပြခဲ့တာ ကျနော် တယောက်ထဲ မဟုတ်ပါဘူး။ ILO ခေါ် ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီး ကိုယ်စားလှယ်အဖွဲ့ကအလားတူ အစီရင်ခံမှုတွေရှိနေတာပဲ။ စစ်အုပ်စုက ဒါတွေကိုပြောတိုင်း မြန်မာယဉ်ကျေးမှုကို တခြားလူတွေ နားမလည်ကြဘူးလို့ဆိုပါတယ်။ ဒါပေမယ့် မြန်မာ့ယဉ်ကျေးမှုဟာ အတင်းအဓမ္မ အလုပ်ကြမ်းခိုင်းစေမှုကို အားပေးတယ်လို့ ကျနော် မထင်ပါဘူး။ အတင်းအဓမ္မ အလုပ်ကြမ်းခိုင်းစေမှုကို ယဉ်ကျေးမှုက ခွင့်ပြုတယ်ဆိုရင်တော့ ကမ္ဘာမှာ ကျွန်စနစ်လည်း ပပျောက်သွားစရာ အကြောင်းမရှိပါဘူး။ ဘာလို့လည်းဆိုတော့ ကျွန်စနစ်ဟာလည်းပဲ ဟိုတုန်းကလူသားတွေရဲ့ ယဉ်ကျေးမှုတစိတ်တဒေသ ဖြစ်ခဲ့လို့ပါပဲ။ဒါကြောင့် အတင်းအဓမ္မ အလုပ်ကြမ်းခိုင်းစေမှု၊ ရွေးကောက်ပွဲအနိုင်ရပါတီကို အာဏာလွှဲမပေးတာတို့ဟာ မြန်မာ့ယဉ်ကျေးမှုဖြစ်တယ်ဆိုတာကို ကျနော် လက်မခံပါဘူး" ဟု မစ္စတာလာလားက ပြောဆိုသွားပါသည်။ ❖

**မတရားတဲ့ အမိန့်အာဏာ မှန်သမျှ တာဝန်အရ ဖီဆန်ကြ**

# မူးယစ်ဆေးဝါးအတွက် ထိရောက်သောအစီအစဉ် နအဖတွင်မရှိ မြန်မာနိုင်ငံသည် အမ်ဖက်တမင်း အများဆုံးထွက်သည့်နိုင်ငံ

အရှေ့တောင်အာရှဒေသအတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် အရေးပါသော အစီအစဉ်များချမှတ် အကောင်အထည်ဖော်နိုင်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အောက်တိုဘာလ ဒုတိယပတ်အတွင်း ရောက်ရှိနေသော ဒေသတွင်းမူးယစ်ဆေးဝါးဆိုင်ရာ အကြီးအကဲများက အမ်ဖက်တမင်း စိတ်ကြွဆေးအန္တရာယ် အာရှကိုအကြီးအကျယ်ခြိမ်းခြောက်နေပြီဟု ဝန်ခံပြောဆိုပါသည်။

အာဆီယံမူးယစ်ဆေးဝါး ကင်းမဲ့ရေးဇုံပေါ်ပေါက်ရေးနိုင်ငံတ ကာကွန်ဂရက်သို့ အီးယူ၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ အာဆီယံ စသောနိုင်ငံပေါင်း (၃၄)နိုင်ငံနှင့် ကုလသမဂ္ဂတို့မှ ဝန်ကြီးများ၊ မူးယစ်ဆေးဝါးကျွမ်းကျင်သူများ တက်ရောက်ကြပြီး အဆိုပါကွန်ကရက်ကို(၃)ရက်ကြာကျင်းပကာ (၂၀၀၅) ခုနှစ်တွင် အာဆီယံဒေသတွင်း မူးယစ်ဆေးပပျောက်ရေးနည်းလမ်း ဖွေရှာကြမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူး Pino Alacchi က “မကြာသေးတဲ့ နှစ်များအတွင်းကစပြီး အမ်ဖက်တမင်းဟာ သတိပြုရမယ့်အနေအထားကို ရောက်လာတယ်”ဟုပြောဆိုသည်။ထိုင်းဝန်ကြီးချုပ်ချွန်လိပိုင်ကလည်း “မူးယစ်ဆေးထိန်းချုပ်မှုလုပ်ငန်းဟာ နိုင်ငံအားလုံးနဲ့ သက်ဆိုင်တယ်။ အမ်ဖက်တမင်းဟာ လူကြီးတွေသာမက ကလေးလူငယ်အားလုံးကိုပါထိခိုက်နေတယ်”ဟု ပြောဆိုသည်။



ထိုင်း ဝန်ကြီးချုပ် ချွန်လိပိုင်

မြန်မာနိုင်ငံသည် အမ်ဖက်တမင်း အများဆုံးထွက်သည့်နိုင်ငံဖြစ်ပြီး နအဖ စစ်အုပ်စုအနေဖြင့်လည်း မူးယစ်ဆေး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုများကို မသိချင်ယောင်ဆောင်နေကြောင်း အနောက်နိုင်ငံများက စွပ်စွဲနေသော်လည်း နအဖစစ်အုပ်စုကမူ ထိုစွပ်စွဲချက်ကိုငြင်းဆိုကာ မိမိတို့အစွမ်းကုန်တိုက်ပွဲဝင်နေကြောင်း တုန့်ပြန်ပြောဆိုသည်။



နအဖ၏ စစ်မဟာလေ့လာရေးဌာနမှ ဗိုလ်မှူးကြီး ကျော်သိန်း

နအဖစစ်အုပ်စု၏ စစ်မဟာလေ့လာရေးဌာနကြီးမှူး ဗိုလ်မှူးကြီး ကျော်သိန်းက“မြန်မာပြည်မှာ ဒီအတွက် ကိုယ်ပိုင်စီမံကိန်းရှိတယ်၊ (၂၀၁၄)ခုနှစ်မှာ မူးယစ်ဆေးမှန်သမျှ အကုန်ပျောက်စေရမယ်”ဟု ဆိုသည်။ သို့သော်လည်း မြန်မာပြည်သည် မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် ထိရောက်သောအစီအစဉ် ဘယ်လိုမှမရှိကြောင်း အမေရိကန်ကိုယ်စားလှယ်က တုန့်ပြန်ပြောဆိုသည်။ ❖

# ယုံကြည်ခြင်း၏…… ခြေလှမ်းများ

ခင်ကြေးမို

ကျမဖေဖေရဲ့ မိတ်ဆွေတဦး ဖြစ်တဲ့ NLD အဖွဲ့ဝင် ဦးလူအေးရဲ့ အကြောင်းကို ကျမ ပြောပြချင်ပါတယ်။ သူဟာ ကျမတို့နဲ့ တရပ်ကွက်တည်း အတူနေပါတယ်။မိသားစုဝင်(၅)ယောက် အနက်သမီး(၂)ယောက်၊သား(၁) ယောက် သူ့မှာရှိပါတယ်။ရွှေနေဘွဲ့ရ ထားသူတဦးပါ။ရိုးရိုးအထက်တန်း ရှေ့နေဘဝနဲ့ ဘဝကို ရပ်တည်ခဲ့ပါတယ်။ ၁၉၈၈ ဒီမိုကရေစီလှုပ်ရှားမှုများမှာ တက်ကြွစွာ ပါဝင်ခဲ့လို့ ရှေ့နေအလုပ်လုပ်ကိုင်ခွင့်ကို ပိတ်ပင်ခံခဲ့ရပါတယ်။ အဲဒီနောက်ပိုင်း သူဟာ ကလေးတွေရဲ့ စားဝတ်နေရေး၊ ပညာရေး စရိတ်တို့ အတွက် အိမ်ဆိုင်ကလေးတခုတည်ပြီး ဘဝကို ရပ်တည်ခဲ့ပါတယ်။ ဦးလူအေးရဲ့ မိသားစုဘဝဟာ စီးပွားရေးအထူး ကျပ်တည်းမှုများနဲ့ ရင်ဆိုင်နေရချိန်တွေမှာတောင် လိုအပ်တဲ့အရေးပေါ် အစည်းအဝေးများကို သူ့ရဲ့အိမ်မှာပြုလုပ်ခြင်း၊ အဖွဲ့ချုပ်ရုံးမှ အခမ်းအနားများကို မပျက်မကွက်တက်ရောက်ခြင်း ၊အဖွဲ့ချုပ်မှထုတ်ပြန်သော ကြေညာစာတမ်းများကို ပေးသင့် ပေးထိုက်သူများကိုလိုက်လံပေးပို့ခြင်း၊လိုအပ်ရင်လိုအပ်တာတွေဟာ တရားဝင်အနိုင်ရထားတဲ့ ကျနော်တို့ပါတီရဲ့ တရားဝင်ကြေညာစာတမ်းကိုပဲ ဖြန့်ဖြူးပေးတာပါလို့”သူအမြဲပြန်ပြောကြောင်း ကျမတို့ကို ပြောပြပါတယ်။ ဒါပေမယ့် သူ့ရဲ့ အိမ်မှာ အစည်းအဝေးများပြုလုပ်ရင်တော့ လူစုလူဝေးပြုလုပ်မှုနဲ့ အိမ်သိမ်းခြင်း၊ထောင်ချခြင်းများပြုလုပ်မယ်လို့ တင်းကြပ်စွာတားမြစ်ချက်ကြောင့် အစည်းအဝေးပြုလုပ်မှုများကိုတော့ ရပ်ဆိုင်းခဲ့ရပါတယ်။

ဦးလူအေးဟာ လွန်စွာရိုးသားသူတဦးပါ။ အိမ်ဆိုင်ကလေးနဲ့ မိသားစု (၅)ယောက်ရဲ့ဘဝကို ရပ်တည်နေရသူပါ။ ဇနီးဖြစ်သူကလည်း ကျန်းမာရေးသိပ်မကောင်းလို့ စားဝတ်နေရေး လူမှုရေး၊ အိမ်တွင်းမှုများမှအစ ပြုလုပ်ရသူပါ။ မနက်မိုးလင်းတာနဲ့ ထမင်းချက်၊ဈေးရောင်း၊အဝတ်လျှော် အားလုံးကို အိမ်ထောင်ရှင်မသဖွယ် ပြုလုပ်ရသူပါ။ အိမ်မှုကိစ္စများပြီးလို့ မနက်စာထမင်း စားပြီးတဲ့အချိန်ကစပြီး ရန်ကုန်အဖွဲ့ချုပ်ရုံးကိုဖြစ်စေ၊ဒါမှ မဟုတ် ကျမတို့ မြို့နယ်ရုံးခွဲကလေးကိုပဲဖြစ်စေ မပျက်မကွက်သွားနေမြဲပါ။တခါ တလေ

သလို ကျမတို့မြို့နယ်ရုံးခွဲမှာလူအများ မြင်သာအောင်၊ဖတ်နိုင်အောင် စာရွက်များကပ်ပေးခြင်းတို့ကို ပြုလုပ်ပါတယ်။

အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး သူဟာ မကြာခဏဆိုသလိုပဲဖမ်းဆီးထိန်းသိမ်း ခံရပါတယ်။(၃)လမှ (၆)လကြာ လောက်ထိ အထိမ်းသိမ်းခံရပါတယ်။ ပြန်လွှတ်ပေးတဲ့အခါ သူ့ကို နောက်နောင် ဒီလိုကိစ္စမျိုးတွေ မပြုလုပ်ရဘူးလို့ အမိန့်ပေးတားမြစ်မှုများလုပ်ပြီး ပြန်လွှတ်ပေးပါတယ်။ သူက “ကျနော် တရားမဝင်တဲ့အလုပ်မျိုး၊ သတ်မှတ်ထားတဲ့ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်မျိုး မလုပ်ပါဘူး။အခုကျနော်လုပ်နေသူ့ကို ခါးတောင်မြှောင်အောင် ကျိုက်ပြီး “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်” ဆိုတဲ့ဆိုင်းဘုတ်ကို ရေနဲ့ဆေးကြောနေတာမျိုးကိုလည်း ကျမတို့မြို့နယ်ထဲမှာ မကြာခဏတွေ့ရပါတယ်။

အဲဒီကိစ္စတွေနဲ့ မကြာခဏဆိုသလိုပဲ အဖမ်းခံနေရတာမို့ ထောက်လှမ်းရေးတွေကလာခေါ်လို့လိုက်သွားချိန်မှာ အိမ်မှာရှိတဲ့ မိသားစုက ဈေးရောင်းမပျက်၊ စာဖတ်မပျက်ကြတော့ပါဘူး။ ကြာတော့လည်း တုန်လှုပ်ဝမ်းနည်းမှုများလည်း မရှိနိုင်ကြတော့ပါဘူး။ သူတို့ မိသားစုရဲ့စီးပွားရေးကတော့ အိမ်ဆိုင်မှတဆင့် ကြက်ဥတမျိုးတည်းကိုသာရောင်းတဲ့ဆိုင်လေးအဖြစ် ပြောင်းလဲကျဆင်းသွားခဲ့ပါတယ်။ အဖမ်းခံရစဉ်ကာလတွင်း သူ့ရဲ့မိသားစုဟာ သူ့ကို ထောင်ဝင်စာ ဒါမှမဟုတ် သူ့ကို ထိမ်းသိမ်းထားတဲ့ ရေကြည်အိုင်မှာပဲဖြစ်ဖြစ် သွားရောက်တွေ့ဆုံနိုင်ခြင်း အစားအသောက်များ ပေးပို့ခြင်းတို့ကိုတော့ စီးပွားရေးအခြေအနေအရ မပြုလုပ်နိုင်ခဲ့ပါဘူး။ ဒါပေမယ့် ဦးလူအေးရဲ့ နိုင်ငံရေးဝတ္တရားဆောင်ရွက်ချက်တွေကတော့ နည်းနည်းကလေးမှမလျော့ပါးသွားခဲ့ပါဘူး။ကျမတို့ဖေဖေကလည်း တတ်နိုင်သလောက် ထောက်ပံ့မှုများပေးခဲ့ပေမယ့် လုံးဝလက်မခံခဲ့ပါဘူး။ ဒေါက်တာ မိုက်ကယ်အဲရစ် ဆုံးပါးချိန်တုန်းက ဒေါက်တာမိုက်ကယ်အဲရစ်နဲ့ ပတ်သက်တဲ့ ကိုယ်ရေးရာဇဝင် စာရွက်စာတန်းများ၊ကဗျာများ၊ဆောင်းပါးများ ဖြန့်ဖြူးမှုနဲ့ အဖမ်းခံရပြန်ပါတယ်။ (၃)လကျော်လောက်ကြာတဲ့အချိန်၊ စနေနေ့ မနက်စောစောတရက်မှာ ထောက်လှမ်းရေးက ကားနဲ့ပြန်ပို့တာကို ကျမတို့တွေ့လိုက်ရပါတယ်။ အဲဒီနေ့မနက် (၁၀) နာရီလောက်မှာ ဦးလူအေးကို ပင်နီအင်္ကျီတိုက်ပုံဝတ်ပြီး လွယ်အိတ်ကလေးလွယ်လို့ ကျမဖေဖေနဲ့ လမ်းထိပ်မှာတွေ့ကြပါတယ်။ ဖေဖေက“ဦးလူအေး ဘယ်သွားမလို့လဲ”လို့မေးတော့ “ဒီနေ့စနေနေ့လေ၊အဖွဲ့ချုပ်ရုံးကို ကျနော်သွားရမယ်”လို့ ပြန်ပြောပါတယ်။ ဖေဖေက “ဒီနေ့မှ ပြန်ရောက်တာမဟုတ်လား၊ ခင်ဗျားကြည့်ရတာ နေသိပ်ကောင်းပုံမရဘူး။ တရက်လောက်နားပါလား” လို့ပြောတော့“ရပါတယ်၊ကျနော် အားနည်းနေတာပဲထင်ပါတယ်၊ စနေနေ့ ဆိုတော့ နားလို့မဖြစ်သေးဘူး”လို့ ပြန်ပြောနှုတ်ဆက်ပြီး ထွက်သွားပါတယ်။

နေ့လည် (၁၂)နာရီလောက်မှာ ဦးလူအေးကို ကျမတို့လမ်းထိပ်ကဆေးခန်းမှာ တွေ့ရပါတယ်။ မျက်နှာရော၊ လက်တွေ၊ ခြေထောက်မှာပါ သွေးတွေနဲ့ချင်းချင်းရဲလို့ပါ။အဖွဲ့ချုပ်ကို အသွားဘတ်စကားတွယ်စီးတာ ရုတ်တရက်ဘရိတ်လည်းအုပ်လိုက်ရော ခေါင်းထဲမှာ မိုက်ခနဲမူးသွားလို့ ကိုယ်ရှိန်မထိန်းနိုင်ဘဲ ကားပေါ်ကပြုတ်ကျလာရကြောင်း၊ ပြောပြပါတယ်။နောက်တနေ့ တနင်္ဂနွေနေ့ မနက်စောစောမှာ ဦးလူအေးဟာ သူ့အိမ်ကအလုပ်များလုပ်လာပြီး အဖွဲ့ချုပ်ရုံးကို မပျက်မကွက် သွားရောက်ခဲ့ပါတယ်။

တကယ်တော့ ဦးလူအေးဟာ သာမန် NLD အဖွဲ့ဝင်တဦးပါ။ ဒါပေမယ့်သူဟာ အဖွဲ့အပေါ်သစ္စာရှိမှုရဲရင့်ပြတ်သားမှုမဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် တတ်နိုင်တဲ့နေရာ၊ကျရောက်လာတဲ့ တာဝန်တွေအပေါ်မှာ ကျေပြွန်စွာထမ်းဆောင်မှုတွေကိုတော့ ကျမတို့ အသိအမှတ်မပြု မချီးကျူးဘဲ မနေနိုင်ကြတော့ပါဘူး။

❖

# တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်အတွင်း အဖွဲ့ချုပ်အဖွဲ့ဝင်များအား အဓမ္မနုတ်ထွက်ခိုင်း

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ချုပ် အဖွဲ့ဝင်များအား အဓမ္မနှုတ်ထွက်ခိုင်းနေကြောင်း၊ ယခုအချိန်နှုတ်မထွက်ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းပြီးသောအခါတွင် အရေးယူခြင်းခံရမည်ဟု ဘုတ်ပြင်းမြို့နယ်ရဲမှူးကြီး ဗိုလ်မှူးဇော်ဝင်းက ခြိမ်းခြောက်ပြောဆိုကြောင်း သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလ (၂၇)ရက်နေ့မှ (၃၀)ရက်နေ့အထိ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် (၃၇)ဦး အား မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမတွင် မြို့နယ်ရဲမှူးကြီး ဗိုလ်မှူးဇော်ဝင်းက ခေါ်ယူတွေ့ဆုံပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အမျိုးသားညီလာခံကိုကာကွယ်သော ဥပဒေကြေညာချက်အမှတ်(၅/၉၆)ပုဒ်မများအရ မတရားအသင်း ကြေညာပြီးလျှင် နှုတ်မထွက်ရသေးသော ကိုယ်စားလှယ်များနှင့် ပါတီဝင်များ အရေးယူခံရဖွယ်ရှိကြောင်း၊ထို့ကြောင့် မြို့နယ်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နှုတ်မထွက်ရသေးသူများ စုပေါင်းနှုတ်ထွက် လွှာတင်သွင်းကြောင်း ကြေညာပွဲကို အမြန်ဆုံးပြုလုပ်ပါဟု ခြိမ်းခြောက်ပြောဆိုကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်(၃၇)ဦး တက်ရောက်ပြီး တက်ရောက်သူများ ကိုယ်စား ဦးရွှေရည် အသက်(၆၄)နှစ်က “မိမိတို့၏ လွတ်လပ်စွာယုံကြည်မှုသည် မည်သည့်ဥပဒေကိုမှ ချိုးဖောက်ရာ မရောက်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ရာမှ ယခုမိမိတို့ပါတီအား မတရားအသင်း ကြေညာရန် နအဖစစ်အုပ်စုမှ ကြိုးစားခဲ့သည်မှာ (၁၂)နှစ်ကျော်တော့မည်။ ပါတီအဖျက်ခံရပြီး နောက်ပိုင်းမှာပင် ပါတီဝင်များ၌အပြစ်ရှိသေးပါက အချိန်မရွေးအရေးယူနိုင်ရန် နေအိမ်တွင်စောင့်နေမည်” စသည်ဖြင့်ပြောဆိုရာ ရဲမှူးကြီးဇော်ဝင်းက တစုံတရာတုန့်ပြန်ပြောဆိုခြင်း မပြုသော်လည်းအဖွဲ့ချုပ်အဖွဲ့ဝင်(၃၇)ဦးအား ဓါတ်ပုံရိုက်ခြင်း၊ လက်ဗွေရာများယူခြင်းတို့ ပြုလုပ်ပြီးမှ ပြန်ခွင့်ပြုခဲ့သည်ဟု သိရသည်။

အလားတူ ကော့သောင်းမြို့နယ်ရဲအထူးသတင်းတပ်ဖွဲ့မှ တပ်ကြပ်ကြီး မြဝင်းဇော်နှင့် အင်အား(၆)ဦးကလည်း နှုတ်ထွက်ခြင်း မပြုရသေးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ယင်းတို့၏နေအိမ်များအား ဓါတ်ပုံရိုက်ယူခြင်းတို့ပြုလုပ်ခဲ့ကြောင်း ဒီမိုကရက်တစ်မြန်မာ့အသံမှ နိုဝင်ဘာလ (၂)ရက်နေ့က ပြောဆိုသွားသည်။ ❖

## ဘယ်မလဲ အနုပညာလွတ်လပ်ခွင့်



ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်ရေးကော်မတီဟု အမည်တပ်ထားသော်လည်း အမှန်တကယ်တွင် အနုပညာလွတ်လပ်ခွင့်များကို ကန့်သတ်ပိတ်ပင်မှုပြုလုပ်ရန် နအဖစစ်အုပ်စုက ဖွဲ့စည်းထားသော အဖွဲ့ပင်ဖြစ်သည်။ ပုံတွင်မြင်ရသည်မှာ စစ်အုပ်စုဆန့်ကျင်ရေးနှင့် ဒီမိုကရေစီအရိပ်အရောင်များ ပါလေသလားဟု စစ်ဆေးပြီး ယုံကြည်စိတ်ချရမှ ပန်းချီပြပွဲလက်မှတ် ထုတ်ပေးနေပုံဖြစ်သည်။


မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# ထားဝယ်မြို့ အထက(၄) ကျောင်းဝင်းအတွင်း စစ်အုပ်စုဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်ပွား

ပြီးခဲ့သည့် အောက်တိုဘာလ (၂၆)ရက်နေ့က တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ အမှတ်(၄) အထက်တန်းကျောင်းဝင်းအတွင်း ဆန္ဒပြမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ကျောင်းထုတ်ခံထားရသော ကျောင်းသား(၄)ဦးက ၎င်းတို့၏ မကျေနပ်ချက်များကို ကျောင်းတွင်းသို့ ဝင်ရောက်ပြီး အော်ဟစ်ဆန္ဒပြခဲ့ရာမှ အခြားကျောင်းသားများပါဝင်လာကာ စစ်အုပ်စုဆန့်ကျင်ရေးကြွေးကြော်သံများ အော်ဟစ်ခဲ့ကြကြောင်း သိရသည်။

ထိုဆန္ဒပြပွဲကို ကျောင်းအုပ်ဆရာကြီး ဦးစောရှိန်နှင့် ဆရာ-ဆရာမများက အချိန်တိုအတွင်း ထိန်းသိမ်းလိုက်ကြသော်လည်း နအဖ၏ ဒေသခံစစ်ထောက်လှမ်းရေးအဖွဲ့က သိရှိသွားပြီး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ-ဆရာမများ၊ သက်ဆိုင်ရာ ကျောင်းသားမိဘများအား အောက်တိုဘာလ (၂၈)ရက်နေ့က ခေါ်ယူစစ်ဆေးခဲ့သည်ဟု သိရသည်။

ကျောင်းတွင်းသို့ ဝင်ရောက်ဆန္ဒပြခဲ့သော ကျောင်းသား(၄)ဦးအား ယခင်က မည်သည့်အတွက်ကြောင့် ကျောင်းမှထုတ်ပစ်ထားသည်ကို မသိရသော်လည်း ယခုအခါ စစ်ထောက်လှမ်းရေးမှ ထားဝယ်ဝဲကျွန်းရဲစခန်းတွင် (၁)ဦး၊ အမှတ်(၁၉)စစ်ထောက်လှမ်းရေးတွင်(၃)ဦး ဖမ်းဆီးထားရှိပြီး စစ်ဆေးနေကြောင်း သိရသည်။

ဖမ်းဆီးစစ်ဆေးခံနေရသော အဆိုပါကျောင်းသား(၄)ဦးမှာ ရှစ်တန်းကျောင်းသား ကျော်လင်းနှင့် သက်ဇော်ထွေး၊ကိုးတန်းကျောင်းသား စိုးညီညီနှင့် သက်နိုင်ဝင်းတို့ဖြစ်ကြောင်း သတင်းရရှိပါသည်။

# ILO ၏ အရေးယူမှုကြောင့် အာဆီယံအဖွဲ့နှစ်ဖွဲ့ကွဲမည်လော

နည်းမျိုးစုံဖြင့် များပြားလှစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ အပြင် ၁၉၉၀ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်အား လျစ်လျူရှုထားခြင်းကြောင့် နအဖ စစ်အုပ်စုအား လွတ်လပ်သည့် ကမ္ဘာ့နိုင်ငံအများပြားက အဆက်အဆံမပြု အရာမသွင်းချင်ကြသည့် အချိန်တွင် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO က နအဖစစ်အုပ်စုအား အရေးယူရန် ဆုံးဖြတ်လိုက်သည့်အတွက် ပြည်တွင်းဝင်ရောက်မစွက်ဖက်ရေးမူ ရှေ့တန်းတင်ပြီး နအဖစစ်အုပ်စု အုပ်ချုပ်နေသော မြန်မာပြည်ကို ဒေသတွင်းအုပ်စုထဲ ဆွဲသွင်းခဲ့သည့် အာဆီယံအဖွဲ့အနေဖြင့် မရှုနိုင်မကယ်နိုင်ဖြစ်နေရကြောင်း အောက်တိုဘာလ (၂၇)ရက်နေ့ထုတ် ASIA WALL STREET ဂျာနယ်က ရေးသားထားသည်။

နအဖ စစ်အုပ်စုလက်ထက် မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ပြီး တနှစ်အကြာ ၁၉၉၈ခုနှစ်တွင် နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO စုံစမ်းရေးကော်မရှင်အဖွဲ့ မြန်မာပြည်သို့လာရောက်ပြီး အဓမ္မလုပ်အား ခိုင်းစေမှုများအတွက် နအဖစစ်အုပ်စုတွင် အပြစ်ရှိကြောင်း ပထမအကြိမ် ဆုံးဖြတ်ခဲ့သည်။ သည့်နောက်ပိုင်း နအဖစစ်အုပ်စု အရေးယူခြင်းမခံရစေရန် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က ILO တောင်းဆိုချက်များအား တတ်နိုင်သမျှ လိုက်လျောပေးရေး နအဖစစ်အုပ်စုအား တိုက်တွန်းခဲ့ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအား နည်းပညာနှင့် စက်မှုဖွံ့ဖြိုးရေး အကူအညီများပေးရန် စီမံကိန်းချထားသော ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO က ယခုနှစ် ဇွန်လအတွင်းကျင်းပခဲ့သော နှစ်ပတ်လည်ညီလာခံတွင် နအဖ စစ်အုပ်စုအား အဆင့်လျှော့ချရန် မဲအပြတ်အသတ်ဖြင့် ဆုံးဖြတ်ခဲ့သည်။

ထို့သို့ နအဖစစ်အုပ်စုအား အရေးယူထားသည့်အတွက် ILO စီမံကိန်းများ အကောင်အထည်ဖော်မရတော့သဖြင့် အာဆီယံအဖွဲ့တဖွဲ့လုံး နစ်နာသွားရကြောင်း၊ အောက်တိုဘာလအတွင်း မြန်မာပြည်သို့သွားရောက်ခဲ့သည့် ILO အဖွဲ့အစီရင်ခံစာကိုလည်း လာမည့်နိုဝင်ဘာလတွင် ဂျီနီဗာမြို့၌ ကျင်းပမည့် ILO အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးတွင် တင်သွင်းမည်ဖြစ်ကြောင်း၊ ထိုမှတဆင့် နအဖအား ပြင်းပြင်းထန်ထန်အရေးယူရေး၊ မယူရေးကို ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ယခုချမှတ်မည့် ဆုံးဖြတ်ချက်သည် နအဖစစ်အုပ်စုနှင့် အာဆီယံအဖွဲ့၏ အနာဂတ်ဆက်ဆံရေးကို ကြိုးကိုင်ထားကြောင်း၊ နအဖစစ်အုပ်စုအား အာဆီယံ အဖွဲ့တွင်းဆွဲသွင်းလိုက်လျှင် ပြဿနာများ အလိုအလို ချောမွေ့သွားမည်ဟု ယူဆခဲ့မှုများ ယခုအခါ အလွန်တရာ မှားယွင်းပြီဆိုသည်ကို အာဆီယံအဖွဲ့ဝင်များ သဘောပေါက်နေကြကြောင်း၊ နအဖစစ်အုပ်စုကြောင့် အာဆီယံအဖွဲ့ နှစ်ဖွဲ့ကွဲသွားမည်လား သို့မဟုတ် အာဆီယံအဖွဲ့တွင်းမှ နအဖစစ်အုပ်စုကို ထုတ်ပစ်ဦးမည်လား စောင့်ကြည့်ကြရတော့မည်ဟု အဆိုပါ ASIA WALL STREET ဂျာနယ်တွင် ပါရှိသည့်ဆောင်းပါးက ရေးသားဖော်ပြထားသည်။ ❖

# ဗိုလ်ချုပ်ကြီးခင်ညွန့် ဆိုသူကို သနားတယ်

**အောင်ဇေဝဦး**

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ (၈)ရက်နေ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့က ရန်ကုန်မြို့ ပြည်လမ်း ပညာရေးသုတေသန အဆောက်အဦးခန်းမတွင် ဗိုလ်ချုပ်ကြီး ခင်ညွန့်ဆိုသူကို သနားတယ်၊ ဗိုလ်ချုပ်ကြီးခင်ညွန့်ဆိုသူကို သနားတယ်၊ မအဖွဲ့အတော ဗိုလ်ချုပ်ကြီးခင်ညွန့်ဆိုသူကို သနားတယ်၊ များများရဲ့ ဥက္ကဋ္ဌလုပ်နေတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ဆိုသူက မိန့်ခွန်းချွေခဲ့တယ်။ "တပ်မတော်အစိုးရရဲ့ စာမတတ်သူပပျောက်ရေး ကျိုးပမ်းဆောင်ရွက်မှုဟာ အတိုက်အခံများက ဖျက်လိုဖျက်ဆီး လုပ်နေတဲ့ကြားက အောင်မြင်မှုရရှိနေပါတယ်။ တပ်မတော်အစိုးရရဲ့ ပညာရေးမြှင့်တင်ဆောင်ရွက်မှုတွေကြောင့် မြန်မာနိုင်ငံရဲ့ ပညာရေးဟာ ပညာသင်ကြားလိုသူတွေကို အခွင့်အရေးနဲ့ ရွေးချယ်ခွင့်တွေ ပေးထားတဲ့ "အခွင့်အလမ်းပွင့်" ပညာရေးစနစ်ဖြစ်တယ်။ အရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေးနဲ့ စာမတတ်သူပပျောက်ရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်နေရာမှာ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနှုန်း (၈၀) ရာခိုင်နှုန်းရရှိဖို့ မျှော်မှန်းခဲ့ရာမှာ (၉) ရာခိုင်နှုန်းအထိ လျှော့ကျအောင် ဆောင်ရွက်ခဲ့တယ်"တဲ့။

ခွေးပါးစပ်က နတ်စကားထွက်ဆိုတဲ့ ရှေးလူကြီးသူမ ခုလိုဖွဲ့ခဲ့တယ်။

ပြည်သူ့ချွေးနှီးစာ အခွန်ဘဏ္ဍာ
တော်ကို အလွဲသုံးစားလုပ်နေသူတွေက
နဲနဲနဲ့ ရောင့်ရဲကြပါလို့
ဆိုးမနေပါလားဟော့။

"ဗိုက်အပြည့် စားသောက်နေသူတွေက လူငတ်တွေကို အနစ်နာခံကြစမ်းပါတဲ့"

"တိုင်းပြည်ကြီးကို ချောက်ထဲဆွဲခေါ်ချမယ့် လူတွေက တိုင်းပြည်ကြီးသာယာဝပြောမယ့်အချိန် နီးလာပြီးတဲ့လေ"

"တိုင်းပြည်အုပ်ချုပ်ရေးဆိုတာ သာမန်ပြည်သူတွေ နားလည်ဖို့ အင်မတန် ခက်ပါတယ်ဆိုပါလား - ဟော့" ခြောက်လုံးပြူး ခါးချိတ်ပြီး မူလတန်းကလေးတွေကို လိုက်မွှေးမွှေးပေးနေတဲ့ ဗိုလ်ခင်ညွန့်ဆိုသူကို အရပ်စကားနဲ့ ပြောရရင်...."သနားတယ် တကယ်ပါ"

စာမတတ်သူ ပပျောက်ရေးဆိုလို့ ဗိုလ်ခင်ညွန့်ကို တတ်ကြောင်း ပြန်ပြောချင်ပါတယ်။ မြန်မာနိုင်ငံ LDC (Least Developed Council) "ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ" ဖြစ်ခဲ့ရတဲ့ အကြောင်းပါ။ (၇-၄-၈၉)ရက်နေ့ လုပ်သားသတင်းစာမှာ စစ်အာဏာရှင်တွေက ဆောင်းပါးရှင်တယောက်ကို အရှက်မရှိ ရေးခိုင်းတယ်။ မြန်မာနိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံ မဟုတ်ဘူး။ ဘယ်သူတွေကတော့ ကျွန်ုပ်တို့ထက်စာရင် ဝကြွေးများပါသေးတယ်။ မြန်မာနိုင်ငံကို ဆင်းရဲတဲ့နိုင်ငံအဖြစ် စာရင်းသွင်းချင်ရင် ၆၂ ခုနှစ်မတိုင်မီကတည်းက သွင်းရမယ်လို့ အရှက်မရှိ ရေးတယ်။

ဆင်းရဲတဲ့နိုင်ငံ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ကမ္ဘာ့ဘယ်အဖွဲ့အစည်းကမှ သတ်မှတ်လို့ မရပါဘူး။ မသတ်လဲ မသတ်မှတ်ကြပါဘူး။ ဖြစ်ချင်သူက ကိုယ့်ဟာကိုယ် လျှောက်ယူရတာပါ။ ကုလသမဂ္ဂကသတ်မှတ်တာ မဟုတ်ပါဘူး။ တိုင်းပြည်တပြည်ရဲ့ ဖွံ့ဖြိုးမှုအဆင့်အတန်းကို သတ်မှတ်တဲ့စံချိန်တွေ အတော်များပါတယ်။ ခဏခဏလည်း ပြောင်းပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကတော့ ဘယ်စံချိန်၊ ဘယ်အချိန်၊ ဘယ်သူက တိုင်းတိုင်း LDC ဖြစ်နေတာပါပဲ။ ကုလသမဂ္ဂရဲ့ ၁၉၆၀ LDC ကိုသတ်မှတ်တဲ့စံချိန်စံညွှန်းသုံးခု ရှိပါတယ်။

(၁) တိုင်းပြည်ထုတ်ကုန်စုစုပေါင်းတန်ဖိုးထဲမှာ စက်မှုလုပ်ငန်းကထွက်ကုန်ပစ္စည်းတန်ဘိုးဟာ ၁၀ ရာခိုင်နှုန်းထက်နည်းရမယ်။

(၂) တဦးချင်းဝင်ငွေဟာ ဒေါ်လာနဲ့တွက်ရင် တနှစ်ပတ်လုံး ဒေါ်လာ ၃၅၀ အောက်မှာ ရှိရမယ်။

(၃) တိုင်းပြည်မှာ စာတတ်သူဦးရေဟာ တပြည်လုံးရှိ လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်း ကြားမှာပဲရှိရမယ်။

ဒီသုံးချက်ညီမှလျှောက်မှပေးတာ။ မလျှောက်ရင် ဘယ်ရမလဲ။ ဆင်းရဲတဲ့နိုင်ငံအဖြစ် ထောက်ပံ့ကြေးရမယ်။ မလျှောက်ရင်မရဘူး။ တကယ်တော့ LDC လျှောက်တယ်ဆိုတာ အကြံကုန်လို့ ဂဠုန်ဆားချက်တဲ့နည်းပါ။ မတတ်သာတော့လို့ အရပ်ကူပါ လူဝိုင်းပါဆိုပြီး နိုင်ငံရေး ဒေဝါလီခံရတာ ဖြစ်ပါတယ်။ ဒါကိုဒီနေ့အထိ စစ်အာဏာရှင်ကြီးတွေကတိုင်းပြည်ကိုမလိမ့်တပတ် လုပ်ထားတယ်။ သူတို့လျှောက်တာကို သူများကသတ်မှတ်သယောင် လုပ်ထားတယ်။ သူတို့လျှောက်တာကို အဲဒီတုန်းက အကြာကြီးဖုံးထားတယ်။ တကယ်တော့ LDC လျှောက်ဖို့ အခါတော်ပေးက သူတို့ဆရာဂျပန်ကပါ။ အဲဒီအချိန် ၁၉၈၇ စီမံကိန်းနဲ့ ဘဏ္ဍာရေးကိုင်နေတဲ့ ဦးထွန်းတင် (မြောက်ကြောင်ချီး)ကို ဂျပန်ကခေါ်ပြီး ချွန်တွန်းလုပ်တာ။ သူကဦးနေဝင်းဆိုထံဆီတင်ပြ၊ သဘောတူကြတော့မှ ရအောင်လျှောက်တာဖြစ်တယ်။ လျှောက်တုန်းက ကုလသမဂ္ဂမှာ ဆွေးနွေးကြတော့ သူတို့စာမတတ်သူပပျောက်ရေး လုပ်နိုင်တယ်ဆိုပြီး ရွှေတံဆိပ်ကြီး ယူကြွားထားတာရှိလို့ အတော်ရှင်းယူရတယ်။ ဒီအချက်ကြောင့် တော်တော်နဲ့မရခဲ့ဘူး။ နောက်ဆုံး လယ်/သစ်ဝန်ကြီး ဦးရဲခေါင်ကိုယ်တိုင် ဘာပြောခဲ့ရသလဲဆိုတော့ "ဟုတ်ပါတယ်၊ အဲဒါ ဘုန်းကြီးကျောင်းစာလောက်တတ်ကြတာပါ။ တကယ်ပညာတတ်တာမဟုတ်ပါဘူး"လို့ လျှောချခဲ့ရတယ်။

ဒါကို ဗိုလ်ခင်ညွန့်ဆိုသူတယောက် မေ့နေတာလား၊ ဒါမှမဟုတ် မေ့ချင်ယောင်ဆောင်ပြီး ကျားကျားမီးယပ် လုပ်နေတာလား။



ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့မှ ချီးမြှင့်သည့် စာတတ်မြောက်ရေး မဟာမက်ရေဇာရှားဖလာဗီဆု ရရှိခဲ့စဉ်က

ကုလသမဂ္ဂရဲ့ ၁၉၉၁ LDC ကို သတ်မှတ်ရာမှာတော့ -

(၁) သုံးနှစ်ပျမ်းမျှ တရားဝင်ငွေလဲနှုန်းနဲ့ တွက်ထားတဲ့ တဦးကျစုစုပေါင်း ပြည်တွင်းထွက်ကုန် ( Pwr Capita GD)

(၂) လူရဲ့မျှော်မှန်းနိုင်တဲ့ သက်တမ်း၊ တဦးကျကယ်လိုရီစားသုံးမှု မူ/လယ်/ထက် ကျောင်းနေဦးရေ အချိုးနဲ့ပတ်သက်ပြီး စာတတ်မှုနှုန်းပါဝင်တဲ့ လူ့ဘဝအရည်အသွေး ပြည့်ညွှန်းကိန်း (Augment Physical Quality of Life Index)

(၃) စီးပွားရေး ခွဲခြားလုပ်ကိုင်မှုညွှန်းကိန်း၊

(၄) လူဦးရေ စတဲ့အချက်တွေ ပါဝင်ပါတယ်။

အဲဒီအပေါ်ကမှ LDC ကို ၁၉၉၇ မှာအခိုင်အမာ ဒီလိုသတ်မှတ်ပြန်ပါတယ်။

(၁) တဦးချင်း GD ၏ PUS ဒေါ်လာ ၉၀၀ အောက်၊

(၂) လူ့ဘဝအရည်အသွေးပြည့်ညွှန်းကိန်း -၄၇ အောက်၊

(၃) စီးပွားရေး ခွဲခြားလုပ်ကိုင်မှုညွှန်းကိန်း ၂၆ အောက်၊

(၄) လူဦးရေ ၅ သန်းအောက်တို့ ဖြစ်ပါတယ်။

သက္ကရာဇ် ၂၀၀၀ မှာအချုပ်အခြာအာဏာပိုင်နိုင်ငံတွေ ၁၉၀ ရှိလာပါပြီ။ ဒီနိုင်ငံ ၁၉၀ နီးပါးအနက် ဒီနေ့တိုင်းပြည်ဟာ ဘယ်အဆင့်အတန်းမှာ ရှိပါသလဲ။ အများသိတဲ့ LDC နိုင်ငံဆိုတဲ့စံနဲ့တိုင်းရင် မြန်မာနိုင်ငံဟာ စတုတ္ထကမ္ဘာထဲမှာဖြစ်မှာပါ။ LDC တွေကို စတုတ္ထကမ္ဘာလို့ခေါ်နေကြပါပြီ။တတိယကမ္ဘာကနေ အဆင့်လျော့သွားတဲ့နိုင်ငံလို့ဆိုတာပါ။ကုလသမဂ္ဂရဲ့ သတ်မှတ်ချက်အရ လက်ရှိ LDC (၄၈) နိုင်ငံတွေက အာဖရိကမှာ(၃၀)နိုင်ငံ၊ အာရပ်မှာ (၉)နိုင်ငံ၊လက်တင်အမေရိကမှာ (၁) နိုင်ငံနဲ့ ပစိဖိတ်မှာ(၁၃)နိုင်ငံတို့ ဖြစ်ပါတယ်။ဒီနေရာမှာ ကိုယ်နဲ့ဆိုင်တဲ့အာရှဒေသ အထူးသဖြင့် အာစီယံနိုင်ငံတွေနဲ့ ယှဉ်ကြည့်ပါ။၁၉၉၅ UNDPအစီရင်ခံချက်ကို ဖော်ပြလိုပါတယ်။

" လူ့အရင်းအမြစ် တိုးတက်မှုအခြေအနေ(၁၉၉၂) "

**( UNDP -Human Develop -ment Report 1995 ) မှ**

| နိုင်ငံ | မျှော်မှန်း သက်တမ်း | သက်ကြီး စာတတ်မြောက်မှု | ကျောင်းထားမှုနှုန်း မူ လယ် ထက် | တဦးချင်း PPP $တန်ဖိုး | ထုတ်ကုန် ညှိနှိုင်းပြီးတန်ဖိုး | လူ့အရင်းအမြစ် တိုးတက်မှုဆန္ဒနှုန်းအရ-အဆင့် (၁၇၄-နိုင်ငံ) |
|---|---|---|---|---|---|---|
| စင်ကာပူ | ၇၄.၈ | ၈၉.၉ | ၆၈ | ၁၈၃၃၀ | ၅၃၄၄ | ၃၅ |
| ဘရူနိုင်း | ၇၄.၂ | ၈၆.၄ | ၆၈ | ၂၀၅၈၉ | ၅၃၆၁ | ၄၁ |
| ထိုင်း | ၆၉.၀ | ၉၃.၅ | ၅၃ | ၅၉၅၀ | ၅၁၇၈ | ၅၈ |
| မလေးရှား | ၇၀.၈ | ၈၁.၅ | ၆၀ | ၇၇၉၀ | ၅၂၂၃ | ၅၉ |
| ဖိလစ်ပိုင် | ၆၆.၃ | ၉၄.၀ | ၇၇ | ၂၅၅၀ | ၂၅၅၀ | ၁၀၀ |
| အင်ဒိုနီးရှား | ၆၂.၇ | ၈၂.၅ | ၆၈ | ၂၉၅၈ | ၂၉၅၀ | ၁၀၄ |
| ဗီယက်နမ် | ၆၅.၂ | ၉၁.၉ | ၄၉ | ၁၀၁၀ | ၁၀၁၀ | ၁၂၀ |
| ဗမာ | ၅၇.၆ | ၈၂ | ၄၇ | ၇၅၁ | ၇၅၁ | ၁၃၂ |

ကဲ....ဗိုလ်ခင်ညွန့် အထက်ပါ ဇယားကြည့်ပါ။ အဝေးကမြင်နိုင်ပါ တယ်။ ၉၅ နှစ်ကုန် စာရင်းဇယား အရ အနိမ့်ဆုံးအဆင့်မှာ တကမ္ဘာလုံး နဲ့ ခြုံရင်လည်း ၁၃၂/၁၇၄ ဖြစ်လို့ အနိမ့်ဆုံးအဆင့်က မတက်နိုင်သေးပါ ဘူး။ ဒီလောက်ဆို သဘောပေါက်တော့ ပေါ့။ ဗိုလ်ခင်ညွန့်တို့ ပြောသမျှကိုသာ ပုံနေရရင် ဖြုတ်မွာဖြုမွော လျှာကုဋေနဲ့ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်မှာပါ။ ❖

# ထရိုဂျင်မြင်း ပလပ်စတစ်နွား နှင့် အာရှဖွံ့ဖြိုးရေးဘဏ်

ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၁၂၀၀)ကျော်လောက်က တရိုင် လို့ခေါ်တဲ့မြို့ကြီးတမြို့ကို ရှေးခေတ် ဂရိတပ်မတော်က ဝန်းရံပိတ်ဆို့ထားတယ်။တရိုင်မြို့တော်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ပေမယ့် မအောင်မြင်တဲ့အဆုံးမှာ ဂရိစစ်ခေါင်းဆောင်များဟာ မတူကွဲပြားတဲ့ မဟာဗျူဟာတရပ်ကို ချမှတ်ကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။သူတို့ဟာ ကြီးမားတဲ့ဘီးများကို လျှောက်လမ်းအဖြစ်အသုံးပြုထားတဲ့ သစ်သားမြင်းရုပ်ကြီးတရုပ်ကိုတည်ဆောက်ခဲ့ကြပြီး၊မြို့တော်ကိုကာကွယ်ထားတဲ့ မြို့ရိုးရဲ့အကြီးမားဆုံးဝင်ပေါက်ဆီကို တွန်းယူသွားခဲ့ကြတယ်။ပြီးတော့ တရိုင် မြို့သားများကို လက်ဆောင်အဖြစ်ပေးထားခဲ့ပြီး စစ်ရှုံးပြီဆိုတဲ့အသွင်နဲ့ သူတို့သင်္ဘောများကို ကျောက်ဆူးတွေနုတ်၊ရွက်တွေတိုက်ပြီးပြန်သွားကြပါတယ်။သူတို့ရဲ့ အောင်ပွဲအပေါ်ယစ်မူးနေကြတဲ့ တရိုင်မြို့သားများဟာ ဂိတ်တံခါးတွေကိုဖွင့်ပြီး သစ်သားမြင်းရုပ်ကြီးကို မြို့ထဲတွန်းပို့ခဲ့ကြပါတယ်။

ဒါပေမယ့် သစ်သားမြင်းရုပ်ရဲ့ အတွင်းမှာ ဟောင်းလောင်းပေါက်ဖြစ်နေပြီး ဂရိ တပ်စုတစု ပုန်းအောင်းနေတယ်ဆိုတာတော့ သူတို့မရိပ်စားခဲ့မိကြဘူး။ညအချိန်မှာ ထရိုဂျင်မြင်းရုပ်ထဲက ဂရိစစ်သားတွေ အပြင်ကိုထွက်လာပြီး ညအမှောင်ခိုလို့ အလျှင်အမြန်ပြန်ရောက်လာကြမယ့် ဂရိစစ်တပ် မြို့ထဲကိုဝင်လာနိုင်ဖို့အတွက် မြို့တံခါးတွေကို ဖွင့်ပေးထားပါတော့တယ်။ သည်လိုနည်းနဲ့ တရိုင်မြို့ကြီး ဂရိတွေလက်ထဲကျရောက်ခဲ့ရတာ သမိုင်းမှာအထင်အရှားရှိပါတယ်။

**တစုံတယောက်ဟာ သူ့အကျိုးအတွက် မရိုးမသားနည်းနာကျင့်သုံးပြီး တစုံတခုကိုလက်ဆောင်အနေနဲ့ပေးတယ်။သည်လက်ဆောင်ကိုလက်ခံခဲ့ပြီး အကျိုးထက်အပြစ်ဖြစ်ဖို့ များတယ်ဆိုခဲ့ရင် သည်လက်ဆောင်ကို ထရိုဂျင်မြင်းလို့ သတ်မှတ်ခေါ်ဝေါ်လေ့ရှိပါတယ်။**

နှစ်ပေါင်း (၃၀၀၀)ကျော် ကုန်လွန်ခဲ့ပြီး ၁၉၉၀ပြည့်လွန်နှစ်များမှာတော့ ထိုင်းနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန (MOA)က ထိုင်းနိုင်ငံအရှေ့မြောက်မှာရှိတဲ့လယ်သမားများကို သူတို့ကိုယ်တိုင် ကြွယ်ဝချမ်းသာလာစေတဲ့ နည်းလမ်းတခုကို ကမ်းလှမ်းလာပါတယ်။ ဒါကတော့ သြစတြေးလျနဲ့ နယူးဇီလန်က ဈေးကြီးပေးဝယ်ပြီးသွင်းလာရတဲ့ နို့စားနွားမများမွေးမြူရေးနဲ့ နို့နဲ့ နို့ထွက်ထုတ်ကုန်များ ထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ဖို့ပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ဘဏ် BAAC က ငွေချေးယူပြီး နို့စားနွားမများကို ဝယ်ယူနိုင်တယ်လို့ဆိုပါတယ်။ လယ်သမားအများစုဟာ နို့ထွက်ပစ္စည်းများ ရောင်းရငွေဟာ ချေးငွေများပြန်ဆပ်နိုင်လိမ့်မယ်လို့ ထင်မြင်ယူဆခဲ့ပြီး စိုက်ပျိုးရေးဘဏ်ကငွေချေး၊ နို့စားနွားမတွေဝယ်ကြတော့တယ်။နှစ် နှစ်လောက်ကြာတဲ့အခါမှာတော့ ဝယ်ထားတဲ့နို့စားနွားမတွေဟာ မြုံနေရော။ မြုံမနေဘဲ မွေးလာတော့လည်း ဒေသခံရာသီဥတုနဲ့မကိုက်ညီတာမို့ နွားငယ်လေးတွေ သေဆုံးကုန်တာကို လယ်သမားများ တွေ့ကြုံခဲ့ရတယ်။နို့နဲ့ နို့ထွက်ကုန်ပစ္စည်းတွေလည်း မထုတ်လုပ်နိုင်တော့ဘဲ BA AC ဘဏ်ကိုသာ အကြွေးတင်ခဲ့ရတယ်။၁၉၉၅ခုနှစ်မှာတော့ လယ်သမားတွေက ပြည်နယ်အစိုးရရုံးကို နွားမတွေပြန်ပို့ပြီး ကြွေးမြီများလျှော်ပစ်ဖို့တောင်းဆိုခဲ့လို့ နောက်ဆုံးမှာ (MOA ) လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ကြွေးမြီများကိုလျှော်ပစ်ခဲ့ရပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ် A DB ဟာ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းတခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ကျယ်ကျယ်ပြန့်ပြန့်အခြေခံတဲ့ အဖွဲ့အစည်းတခုဖြစ်တယ်လို့ သူ့ကိုသူသတ်မှတ်ကိုးကားလေ့ရှိပါတယ်။ ကျန်အဖွဲ့ဟာလည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ ကျော်က တရိုင်းမြို့တော်မှာဖြစ်တာမျိုးနဲ့ ထိုင်းနိုင်ငံအရှေ့မြောက်ဒေသဖွံ့ဖြိုးရေးမှာMOA က လုပ်ဆောင်တဲ့နည်းလမ်းမျိုးတွေနဲ့ တနည်းတဖုံဆက်သွယ်သက်ဆိုင်နေပါတယ်။ ADB ဟာ နည်းပညာအထောက်အပံ့များ၊ နိုင်ငံရေးရဲ့ ဘဏ္ဍာရေးဆိုင်ရာအကူအညီများ၊ ဆင်းရဲမွဲတေမှုလျှော့ကျစေရေးနဲ့ အရင်းရှင်စီးပွားရေး တိုးတက်မှုမြင့်မားလာစေရေး ကြိုးပမ်းမှုများအပေါ် အားပေးအားမြှောက်ပြုရေး စတဲ့အစီအစဉ်များပါဝင်တဲ့ ဖွံ့ဖြိုးမှုအစီအစဉ်တရပ်ကို အာရှဖွံ့ဖြိုးရေးဘဏ်က မဲခေါင်ဒေသနိုင်ငံများမှာ အကောင်အထည်ဖော်လျက်ရှိပါတယ်။

ADB ရဲ့ လက်ဆောင်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကြောင့် ဒေသအတွင်းရှိမြစ်တွေမှာ ရေကာတာတွေ အစီအရီပေါ်လာတယ်။ သစ်တောတွေ ပြုန်းတီးပြီးစက်ရုံသစ်တွေကြောင့် မြစ်တွေဟာ သောင်တွေထွန်းလာတယ်။ ဒေသတွင်းရှိနိုင်ငံများဟာ ပျက်သုဉ်းကြေမွခြင်းနဲ့ရင်ဆိုင်ခဲ့ရတယ်။ နောက်ဆုံးတော့ အစိုးရများရဲ့ အချုပ်အခြာအာဏာဟာ ADB ရဲ့လက်တွင်း ဆုံးရှုံးခဲ့ရတယ်။ADB က ကတိပေးထားတဲ့ ဆင်းရဲမွဲတေမှုနဲ့နိမ့်ကျမှုများပပျောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းရေးတို့ဟာ လေထဲတိုက်အိမ်ဆောက်သလို စိတ်ကူးယဉ်အိပ်မက်အဆင့်သာရှိပြီး၊ မဲခေါင်ဒေသတလျှောက်ရှိ ဒေသခံလူမှုရေးအဖွဲ့အစည်းတို့အဆိုအရ လူနေမှုဘဝများကို ဖျက်ဆီးခံခဲ့ရတယ်လို့ဆိုရပါမယ်။ ၁၉၉၇ခုနှစ် မှာ ADBရဲ့ဒုတိယဥက္ကဌ Gunther Shulz က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာထဲ

## ဇီဝဖိုး

မှာADBရဲ့အထောက်အပံ့နဲ့ အကောင်အထည်ဖော်ခဲ့တဲ့ စီမံချက်များရဲ့(၁၀)ရာခိုင်နှုန်းဟာ မအောင်မြင်ခဲ့ကြောင်း။ ကျန် (၃၀)ရာခိုင်နှုန်းဟာလဲ သူတို့ရဲ့ အခြေခံရည်မှန်းချက်များကို ဖြည့်ဆည်းဖို့ ပျက်ကွက်ခဲ့ကြောင်းဝန်ခံခဲ့ရပါတယ်။ တသီးပုဂ္ဂလိကလေ့လာသူများရဲ့ ခန့်မှန်းချက်ကတော့ ဘဏ်ကအကောင်အထည်ဖော်နေတဲ့စီမံချက်များရဲ့ (၅၀)ရာခိုင်နှုန်းအထက်လုပ်ငန်းများဟာ ဘဏ်ရဲ့ မူလစံချိန်စံညွှန်းများကိုဖြည့်မီဖို့ ပျက်ကွက်ခဲ့ရုံမျှမက အမျိုးသားစီးပွားရေး သဘာဝပတ်ဝန်းကျင်၊ ဒေသခံလူ့အဖွဲ့အစည်းရဲ့ အစားအစာဖူလုံရေးကဏ္ဍများအပေါ် ဆိုးဆိုးဝါးဝါးအကျိုးသက်ရောက်မှုများရှိခဲ့တယ်လို့ ထောက်ပြခန့်မှန်းခဲ့ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မဲခေါင်ဒေသတလျှောက်ရှိ အစိုးရများကတော့ADBရဲ့ ငွေမူဝါဒအကြံပြုချက်များ၊စီမံချက်များနဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံများကို ကြိုဆိုလက်ခံလျက်ရှိနေဆဲဖြစ်ပါတယ်။ခေတ်သစ်လစ်ဘရယ်စီးပွားရေးပေါ်လစီ မဟာရေကာတာကြီးများ၊ အဝေးပြေးလမ်းမများနဲ့ စီးပွားရေးအဆောက်အအုံများ၊ စက်မှုလုပ်ငန်းများဟာ လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအကျိုးစီးပွားများ ဖြစ်တယ်လို့ အစိုးရများကယုံကြည်အောင် ADB က ဆွဲဆောင်နိုင်လို့ပဲဖြစ်ပါတယ်။မကြာခဏ ဖြစ်ပျက်လေ့ရှိတဲ့အတိုင်း AD B နဲ့ အစိုးရများရဲ့ ထင်မြင်ယူဆချက်များဟာလက်တွေ့အဖြစ် အကောင်အထည်ပေါ်မလာတဲ့ အခါများမှာတော့ အစိုးရများဟာ ADB အပေါ် အကြွေးတင်ကျန်ရစ်ခဲ့ပြီး ကြွေးပြန်ဆပ်နိုင်ဖို့အတွက် နည်းလမ်းများစွာ ရှာကြံရပါတော့တယ်။ အထွေထွေရောင်းခွန် စည်းကြပ်ခြင်း၊ ရေနံ၊လျှပ်စစ်ဓါတ်အားခများ မြှင့်တင်ခြင်း၊ စီးပွားဖြစ်သစ်ခုတ်လှဲမှုများ တိုးမြှင့်ခြင်း၊ စက်မှုသုံး သစ်ပင်စိုက်ခင်းများတည်ထောင်ခြင်း၊ ငွေဖြစ်မြန်လျက်ရှိသော ဓါတုသီးနှံများထုတ်လုပ်ခြင်း၊ ဆည်များ၊ရေကာတာများ ပိုမိုဆောက်လုပ်ခြင်း စတဲ့လုပ်ငန်းတွေကို အစိုးရများက ကြွေးပြန်ဆပ်နိုင်ဖို့အတွက် ငွေရှာတဲ့နည်းလမ်းများအဖြစ် အသုံးပြုလာတဲ့အခါမှာ ကြွေးမြီဝန်ထုပ်ဟာ လူ့အဖွဲ့အစည်းရဲ့ပခုံးပေါ် ပြောင်းရွှေ့ရောက်ရှိလာပါတော့တယ်။ တကယ်တော့ လူ့အဖွဲ့အစည်းကပဲ အစိုးရရဲ့ ကြွေးမြီများနဲ့ ADB ရဲ့ မအောင်မြင်မှုများကိုပေးဆပ်ရတာဖြစ်ပါတယ်။ADB ကတော့ ဘဏ်ဟာ အမြဲတစေ အမှားကင်းတယ်။ကြွေးမြီအတွက်ရော စီမံချက်များမအောင်မြင်မှုအတွက်ပါ ဘယ်တော့မှ တာဝန်မရှိဘူးလို့ သုံးသပ်လေ့ရှိပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်က အာမခံထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ကုမ္ပဏီများနဲ့စီးပွားရေးဘဏ်များဟာ စီမံကိန်းများရဲ့ မရေရာမသေချာမှုတာဝန်ကို အစိုးရများနဲ့ လူ့အဖွဲ့အစည်းအပေါ်မှာ စုပုံထားလေ့ရှိပြီး တာဝန်ယူမှုအနည်းငယ်မျှမရှိကြပါဘူး တကယ်လို့ ကုမ္ပဏီတခုဟာ နိုင်ငံရေးအရစွန့်စားရမှု လို့ အကြောင်းပြပြီး စီမံကိန်းလုပ်ငန်းကနေ ပြန်ဆုတ်ခဲ့မယ်ဆိုခဲ့ရင် ADB က အာမခံချက်ပေးထားတာဖြစ်လို့ ကုမ္ပဏီရဲ့ရင်းနှီးထားငွေကို အပြည့်အဝပြန်ရရမှာဖြစ်ပါတယ်။ ADB က အကျိုးရှိတယ်။ပုဂ္ဂလိကကုမ္ပဏီတွေက အကျိုးအမြတ်ရတယ်။ဒါပေမယ့် သူတို့အကောင်အထည်ဖော်တည်ဆောက်ခဲ့ကြတဲ့ စီမံကိန်းများရဲ့ဆိုးဝါးတဲ့ အကျိုးသက်ရောက်မှုများကိုတော့ တာဝန်ယူကြတာမဟုတ်ပါဘူး။

ADB ရဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေ ကြာလာတာနဲ့အမျှ ဘဏ်ရဲ့အကျိုးဆက်နဲ့ ဘဏ်ရဲ့အောင်မြင်တဲ့စီမံချက်များအကျိုးဆက်တို့ ဘယ်လိုခြားနားတယ်ဆိုတာ ခွဲခြားသိမြင်ဖို့ခက်ခဲလာပါတော့တယ်။ အဲဒီအချက်က ADB နဲ့ သူ့ရဲ့အမှုသည် အစိုးရများကို အောက်ပါမေးခွန်းများမေးဖို့ မေးခွန်းများပေါ်ပေါက်စေခဲ့ပါတော့တယ်။

(၁) ADB က ကတိပြုထားတဲ့ ဝင်ငွေပမာဏနဲ့ညီမျှအောင်၊ စီမံချက်လုပ်ငန်းကဝင်ငွေ ပြန်မရခဲ့ရင် ADB ရဲ့ကတိအပေါ်အခြေပြုပြီး ချေးယူထားတဲ့ကြွေးမြီတွေကို အစိုးရများက ပြန်ဆပ်သင့်ပါသလား—

(၂)လူ့အဖွဲ့အစည်းရဲ့ အသက်မွေးဝမ်းကြောင်း လုံခြုံမှုနည်းလမ်းများနဲ့ သဘာဝပတ်ဝန်းကျင်ကို ပျက်သုဉ်းကြေပျက်စေတဲ့ ADB ရဲ့ မအောင်မြင်တဲ့ စီမံကိန်းများအတွက် တင်ရှိနေတဲ့ ကြွေးမြီတွေကိုရော အစိုးရကပြန်ဆပ်သင့်ပါသလား—

(၃) ADB ရဲ့လမ်းညွှန်မှုနဲ့ အညီအစိုးရများက တာဝန်ယူလုပ်ဆောင်နေရတဲ့ စွန့်စားရမှုများနဲ့ ဆုံးဖြတ်ချက်များဟာ ဒီမိုကရေစီဖြစ်စဉ်အပေါ်အခြေမခံခဲ့ဘူး။ပြည်သူလူထုရဲ့ မျှော်မှန်းချက်များနဲ့ သိမြင်နားလည်ထားရမယ့်လိုအပ်ချက်များနဲ့ မဆက်စပ်ခဲ့ဘူးဆိုခဲ့ရင် ADB က ငွေကြေးထောက်ပံ့ထားတဲ့စီမံကိန်းများ (အောင်မြင်သည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ)ရဲ့ အကျိုးသက်ရောက်မှုနဲ့ လူ့အသိုင်းအဝိုင်း၊လူ့အဖွဲ့အစည်းအပေါ် စည်းကြပ်ထားတဲ့ အစိုးရရဲ့ ဝန်ထုပ်ဝန်ပိုးများကို ဘာ့ကြောင့် တာဝန်ယူရမှာလဲ။ ဒါ့ကြောင့် လူ့အဖွဲ့အစည်းအကျိုးစီးပွားအတွက် အမှန်တကယ်ကို ဖော်ဆောင်နေကြတဲ့ မဲခေါင်ဒေသရှိ အစိုးရများအတွက် တခုတည်းသော စဉ်းစားစရာ တုံ့ပြန်လိုမှုကတော့ ADB ရဲ့ ထရိုဂျင်မြင်းကိုဖယ်ချလိုက်ဖို့နဲ့ သူတို့ရဲ့တံခါးများကို ပိတ်ထားဖို့ပဲဖြစ်ပါတယ်။

နောက်ပြီးတော့ADBရဲ့ ပလပ်စတစ်နွားရုပ်များရဲ့ ဆိုးဝါးတဲ့အကျိုးဆက်ကိုခံစားနေရတဲ့ လူ့အဖွဲ့စည်းနဲ့ ဒေသဆိုင်ရာ လူ့အသိုင်းဝိုင်းကို အကောင်အထည် မယ်မယ်ရရရှိမယ့် လျော်ကြေးငွေများပေးပြီး တင်ရှိနေတဲ့ ကြွေးငွေများကို ဖယ်ဖျက်ပစ်ဖို့လိုပြီ ဖြစ်ကြောင်းတင်ပြလိုက်ပါတယ်။

❖

# မြန်မာပြည်ထွက်ဘိန်းဖြူ ဒေါ်လာသန်း(၁၅၀)ဘိုး ဖိဂျီနိုင်ငံတွင်ဖမ်းမိ ဘန်ကောက်ပို့စ်သတင်းစာ အယ်ဒီတာ့အာဘော်က သုံးသပ်ဝေဖန်

ပစိဖိတ်ကျွန်းနိုင်ငံတခုဖြစ်သော ဖီဂျီနိုင်ငံတွင် မြန်မာပြည်ထွက်ဘိန်းဖြူ အမေရိကန်ဒေါ်လာ သန်း(၁၅၀)ဘိုး အောက်တိုဘာလ(၂၈)ရက်နေ့က ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဖမ်းဆီးရမိမှုနှင့်ပတ်သက်ပြီး ဘိန်းမှောင်ခိုနှိမ်နှင်းရေး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်လာကြောင်း၊ ခေါင်းလောင်းထိုးလိုက်ခြင်း ဖြစ်သည်ဟု အောက်တိုဘာလ(၃၁) ရက်နေ့ထုတ် ဘန်ကောက်ပို့စ် သတင်းစာအယ်ဒီတာအာဘော်က ရေးသားထားသည်။

မြန်မာပြည်တွင်း (၁၀)လကြာ စုံစမ်းထောက်လှမ်းခဲ့သော သြစတြေးလျလူမျိုးတဦး၏ သတင်းပေးမှုကြောင့် ယခုကဲ့သို့ ဖီဂျီနိုင်ငံတွင်း ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း တရားရေးဝန်ကြီး အာမန်တာဘန်စတုန်း က ပြောကြားသည်။

မြန်မာပြည်ထွက်ဘိန်းဖြူများကို ဖီဂျီလို နိုင်ငံငယ်ကလေးတခုအတွင်း ယခုကဲ့သို့ဖမ်းဆီးမိခြင်းသည် နိုင်ငံတကာ ဘိန်းမှောင်ခိုဂိုဏ်းကြီးတခုက စီမံကိန်းချပြီး လျှို့ဝှက်စွာလှုပ်ရှားနေခြင်းဖြစ်ကြောင်း၊ မြနမာပြည်ရှိ ဘိန်းဘုရင်ခွန်ဆာ၏ လုပ်ငန်းများကို UWSA “ဝ” တပ်ဖွဲ့ကဆက်ခံခဲ့ပြီး နောက်ပိုင်း ဘိန်းဖြူသာမက အက်ဖိတမင်း စိတ်ကြွဆေးများကိုပါ အဓိကထုတ်လုပ်လာကြောင်း ဘန်ကောက်ပို့စ် သတင်းစာအာဘော်က ဆိုသည်။

ထို့ပြင် နိုင်ငံရေးတည်ငြိမ်မှု မရှိရသည့်အထဲ တရားဥပဒေစိုးမိုးရေးပျက်ပြားနေသောဖီဂျီနိုင်ငံသည် ဘိန်းမှောင်ခိုများအတွက် မျက်စိကျစရာ ကြားခံနေရာတခုဖြစ်လာကြောင်း၊ သြစတြေးလျ၊နယူးဇီလန်၊ အမေရိကန်နှင့် ကနေဒါ (၄)နိုင်ငံပူးပေါင်းရဲတပ်ဖွဲ့မှ ဖီဂျီနိုင်ငံအတွင်း ဘိန်းဖြူများဖမ်းဆီးရမိခြင်းက ဘိန်းမှောင်ခိုဂိုဏ်းအတွက် ကံဆိုးမိုးမှောင်ကျခြင်းဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာဘိန်းနှိမ်နင်းရေး ဆောင်ရွက်နေချိန်အတွင်း ဘိန်းထုတ်လုပ်သည့် မူလနိုင်ငံကိုလည်း မေ့ထား၍ မရနိုင်ကြောင်း၊ နအဖစစ်အုပ်စုက (၁၅)နှစ်အတွင်း ဘိန်းပပျောက်စေရမည်ဟု ကြွေးကြော်နေသော်လည်း အိမ်နီးချင်းနိုင်ငံများကို မူးယစ်ဆေးဝါးဖြန့်ဖြူးပေးနေဆဲဖြစ်ကြောင်း၊

ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော မြန်မာပြည်ထွက်မူးယစ်ဆေးဝါးစုစုပေါင်း၏ (၁၀)ရာခိုင်နှုန်းကိုသာ ထိုင်းအစိုးရက ဖမ်းဆီးရမိသေးကြောင်း၊ နယ်နိမိတ်သတ်မှတ်မှုများကို ဘေးဖယ်ပြီး၊ တရားဥပဒေစိုးမိုးမှုမရှိသေးသော ဖီဂျီနိုင်ငံနှင့်မြန်မာပြည်ရှိ အာဏာပိုင်တို့ လက်တွေ့ပူးပေါင်းဆောင်ရွက်ပါက ဘိန်းနှိမ်နင်းရေးလုပ်ငန်း ပိုမိုအောင်မြင်ဖို့ရှိလာနိုင်ကြောင်းဘန်ကောက်ပို့စ်သတင်းစာ အယ်ဒီတာအာဘော်က ရေးသားတင်ပြထားသည်။ ❖



ဖီဂျီနိုင်ငံတွင် ဖမ်းဆီးရမိသော အမေရိကန်ဒေါ်လာ သန်း(၁၅၀)ဘိုးရှိသော မြန်မာနိုင်ငံထွက် ဘိန်းဖြူများ

# အီးယူ ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံဝင်ရောက်ရေး နအဖစစ်အုပ်စုမှ ရွှေ့ဆိုင်းလိုက်ပြန်ပြီဟုသိရ



ဥရောပသမဂ္ဂ ၏
ကုန်သွယ်ရေးမင်းကြီး
ပါစကယ် လာမီ

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးအဖြေရှာရေးအတွက် ဥရောပသမဂ္ဂEU ၏ အဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့လာရောက်မည်ကို နအဖစစ်အုပ်စုက ပထမပိုင်း သဘောတူညီထားသော်လည်း အချိန်မသင့်တော်သေးသဖြင့် အဆိုပါခရီးစဉ်အား ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

မကြာမီက ဖြစ်ပွားခဲ့သော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအား နအဖစစ်အုပ်စုက ဖိနှိပ်ထိုးနှက်ခဲ့ခြင်းများအတွက် ဥရောပမဂ္ဂEU က ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည့်အပြင် ယခုနှစ် ဒီဇင်ဘာလအတွင်း လာအိုနိုင်ငံ၌ ကျင်းပရန်ရှိသော အီးယူ–အာဆီယံ အဆင့်မြင့်အစည်းအဝေးကိုလည်း ထိခိုက်နိုင်သည်ဟု သတိပေးခဲ့သည်။

ဥရောပသမဂ္ဂ၏ ယခုကဲ့ သို့ ပြောဆိုမှုအား နအဖစစ်အုပ်စု ဝန်ကြီးဗိုလ်မှူးချုပ် ဒေးဗစ်အေဘယ်လ်က "မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တယ်၊ဥရောပသမဂ္ဂEU လာချင်လာ၊ မလာချင်နေ နအဖ ကိုယ်စားလှယ်ကတော့ တက်မှာပဲ" ဟု တုန့်ပြန်ပြောဆိုသည်။ သို့သော်လည်း အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂ ကုန်သွယ်ရေးမင်းကြီး ပါစကယ် လာမီက နအဖစစ်အုပ်စုအပေါ် ထားရှိသော ဥရောပသမဂ္ဂပေါ်လစီအား ပြောင်းလဲမည်မဟုတ်၊ ဥရောပသမဂ္ဂအနေနှင့် နအဖစစ်အုပ်စုအား အချိန်အကုန်ခံ အပေးအယူလုပ် ဆွေးနွေးနေမည်မဟုတ်ဟု ပြောဆိုသည်။

သို့သော်လည်းအီးယူ–အာဆီယံ အစည်းအဝေးသည် ပြဿနာမရှိ၊ အရာရာတိုင်းတွင် အဆင်ပြေချောမွေ့စွာဖြင့် သွားနေကြောင်း အီးယူအဖွဲ့ဝင်များလည်း အစည်းအဝေးတက်ရန် အဆင်သင့်ဖြစ်နေကြောင်း လာအိုနိုင်ငံက ပြောဆိုနေသေးသည်ဟု Reuters သတင်းဌာနကဆိုသည်၊

## မန္တလေးမြို့ပေါ်တွင် နအဖစစ်အုပ်စု အသိအမှတ်ပြု အမိန့်ရလောင်းကစားဝိုင်းများ သောင်းကျန်းနေ

မန္တလေးမြို့လယ်ခေါင်တွင် နအဖစစ်အုပ်စုနှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းတို့က လောင်းကစားဝိုင်းများ အကြီးအကျယ်ဖွင့်လှစ်ပြီး စီးပွားရှာနေကြကြောင်း သိရသည်။

မန္တလေးမြို့ရှိ ၂၇လမ်း(၈၃နှင့် ၈၄)လမ်းကြားတွင် ဗုဒ္ဓဘာသာကရင် ခွဲထွက်အဖွဲ့က လေးကောင်ဂျင်ဝိုင်းထောင်ထားပြီး ၃၅လမ်းပေါ်တွင် အနီထောင်လောင်းကစားဝိုင်းထောင်ထားကြောင်း၊ ၄၁လမ်းနှင့် ၆၂ လမ်းမများပေါ်တွင်"ဝ"နှင့် ကိုးကန့်တိုင်းရင်းသားအဖွဲ့တို့က လေးကောင်ဂျင်နှင့် လောင်းကစားနည်းမျိုးစုံ ဖွင့်လှစ်ထားကြောင်း သိရသည်။

ထို လောင်းကစားဝိုင်းများ၏ လုံခြုံရေးကိစ္စတို့အား နအဖစစ်အုပ်စုမှဒု ဗိုလ်အဆင့်ရှိသူများနှင့် နယ်မြေခံစစ်ထောက်လှမ်းရေးတို့က စောင့်ကြပ်ပေးနေသည်ဟု သိရသည်။

❖


နအဖစစ်အုပ်စု၏
ဘိန်းဖြူ ပပျောက်ရေး(၁၅)နှစ်စီမံကိန်းအတွက်
ကုန်ကျမည့်ငွေ အမေရိကန်ဒေါ်လာ
သန်း(၁၅၀)

ဗီဂျီနိုင်ငံတွင် ဖမ်းဆီးရမိသော မြန်မာနိုင်ငံထွက်
ဘိန်းဖြူ ကာလတန်ဖိုး အမေရိကန်ဒေါ်လာ
သန်း(၁၅၀)


# ကြောင်ချေး နှင့် သူ၏ အနန့်အသက်များ

မောင်ကျောင်း

ဒေါက်တာမောင်မောင် ဟုဆိုလျှင် ကျနော် ပြေးသတိရမိသည်မှာ"ကျောင်းသားသမဂ္ဂကို ပျော်ပျော်ပါးပါးကြီးအုတ်မြစ်ချကြတာပေါ့"ဆိုသည့် စကားပင်ဖြစ်သည်။၁၉၈၈ခုနှစ်၊ သွေးစွန်းသောနေ့ရက်ကာလများအတွင်းက သားသတ်သမားအဖြစ် နိုင်ငံတကာစာနယ်ဇင်းစာမျက်နှာများပေါ် နာမည်ကြီးခဲ့သော ဦးစိန်လွင်နောက် သမတကြီးဖြစ်လာခဲ့သူ ဒေါက်တာမောင်မောင် ကို ကျနော်တို့ ကျောင်းသားများက "ကြောင်ချေး" ဟု နာမည်ပေးခဲ့ကြသည်။ပျော့ပျော့နှင့်နံသည့်သဘော။ ပြန်လည်မချေပနိုင်တော့သည့်သွားလေသူကို တဖက်သတ်အပုတ်ချသည်ဟု ဆိုချင်ကဆိုနိုင်ပါသည်။ စစ်အုပ်စု နအဖ(နဝတ)လက်ထဲ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးပြီး ပြည်သူလူထုကို ပစ်သတ်စေခိုင်းခွင့် ပေးခဲ့သူတယောက်အား ယခုဆောင်းပါး တပုဒ်တည်းမျှဖြင့် ကျနော် ကျေးဇူးဆပ်လိုခြင်းဖြစ်၏။

မကြာသေးမီ လများအတွင်း "မြန်မာနိုင်ငံမှ ၁၉၈၈ အရေးအခင်း" The 1988 uprising in Burma အမည်ရှိ ဒေါက်တာမောင်မောင်ရေးသားပြုစုသော သမိုင်းကျမ်းစာအုပ်ကြီးကို အမေရိကန်ပြည်ထောင်စု၊ ယေးလ်တက္ကသိုလ်၊ အရှေ့တောင်အာရှလေ့လာရေးဌာနမှ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။အမေရိကန်ပညာရှင် ဖရန်ကလင်မာက့်အိုဆန်ကာ (Franklin Mark Osanka)မှ အမှာစာ ရေးသားထားပေးသည်။ ဤစာအုပ်တွင် ပါဝင်သော သမိုင်းဆိုင်ရာအချက်အလက်များ၊ သမိုင်းပညာရှင်၏ အမြင်များနှင့် ပတ်သက်၍မူ ဝေဖန်ချက်များရှိနေခဲ့သည်။ မြန်မာပြည်ရေးရာကျွမ်းကျင်သူ သတင်းစာဆရာ ဘာတေးလင့်တနာ က သက္ကရာဇ်၂၀၀၀ပြည့် Irrawaddy စာစောင်တွင် ယခုလို ကောက်ချက်ချဝေဖန်ခဲ့၏။

"ယခုစာအုပ်သည် ခေတ်ပေါ်အာရှသမိုင်း၌ အဆိုးဝါးအရက်စက်ဆုံး လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှု၏ သမိုင်းကို ထုံးသုတ်ဖျောက်ဖျက်လိုသည့်သဘောနှင့် ပြင်ဆင်ရေးသားရန် အားထုတ်မှုတခုဖြစ်သည်။ ပို၍တိကျစွာဆိုရသော် မြန်မာ့စစ်အာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းအား ဘုံမြှောက်ချီးမွမ်းထားခြင်းမျှသာ။ ဒေါက်တာမောင်မောင်သည် သူ ကြည်ညိုလေးစားအပ်သူ အဖိုးကြီး၏ နောင်လာနောက်သားမြေးမြစ်များအတွက် လက်ဆင့်မှုတခုအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။ထိုအကြောင်းချင်းရာများ သက်သက်အတွက်ဆိုလျှင် ယခုစာအုပ်သည် တန်ဘိုးရှိပါသည်။ အကြောင်းမှာ သူ့ဆရာသမား စိတ်ကျေနပ်စေရေး ပညာရှင်ပီသစွာ မျက်နှာလို မျက်နှာရ လုပ်နိုင်ခဲ့သောကြောင့်ပင်"

ဘာတေးလ်လင့်တနာ၏"သမိုင်းမဟုတ်သူ့ပုံပြင်"HISTORY NOT HISTORY)ဆောင်းပါးထဲတွင် သမိုင်းဆိုင်ရာအချက်အလက်များ တင်ပြပုံနှင့်ပတ်သက်ပြီးလည်း ဝေဖန်ရေးထားသေးသည်။

"ဆူဆူပူပူလုပ်တဲ့သူတွေကို ပြောချင်တာက စစ်တပ်ဆိုတာမိုးပေါ်ထောင်မပစ်ဘူး။ ပစ်ရင်မှန်အောင်ပစ်တယ်။ ဒါကြောင့် နောက်တခါ ဆူဆူပူပူလုပ်လို့ စစ်တပ်ကိုထုတ်သုံးရရင် ဆူဆူပူပူ လုပ်သူတွေ မလွယ်ဘူးသာမှတ်လို့ ကျနော်သတိပေးချင်တယ်"ဟု တိုင်းပြည် နိုင်ငံရေး၊စီးပွားရေး အပြောင်းအလဲကို တောင်းဆို ခဲ့ကြသည့် လမ်းမများပေါ်မှ ထောင်ပေါင်းများစွာသော လူထုကို ၁၉၈၈၊ဇူလိုင်(၂၃)ရက်တွင် ဦးနေဝင်းပြောခဲ့ခြင်းအပေါ် ဒေါက်တာမောင်မောင်က သူ၏စာအုပ် စာမျက်နှာ (၄)တွင် "တပ်မတော်သားတွေဟာ၊ အမိန့်ပေးတဲ့အတိုင်း တည့်တည့်ပစ်ဖို့ လေ့ကျင့်ထားပါတယ်။တကယ်လို့ မင်းမဲ့စရိုက်သမားတွေ စစ်တပ်နဲ့ထိပ်တိုက်တွေ့ရင် အဲဒါ ရယ်စရာအလုပ်မဟုတ်ဘူးလို့ လျော်ကန်သင့်မြတ်စွာ ကျနော်လေးလေးနက်နက်ပြောခဲ့ပါရစေ"ဟု သမိုင်းကို ရည်ရွယ်ချက်ရှိရှိ ပုံဖျက်ရေးသားခဲ့သည်။

"သူ၏စာအုပ်ထဲ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၈)ရက်မှ(၁၂)ရက်အတွင်း လူပေါင်းသုံးထောင်ခန့်ကို ပစ်သတ်ခဲ့မှုများအားမဖော်ပြခဲ့ပေ။ ပစ်ခတ်မှုများကို ဖော်ပြရာတွင်လည်း"လုယက်ဖျက်ဆီးသူများအား တပ်ဖွဲ့များက ပစ်ခတ်နှိမ်နင်းခဲ့ကြောင်း(စာမျက်နှာ–၂၆၇)"၊ "ဦးစိန်လွင်သည် ပျော့ပြောင်းနိုင်သမျှ ပျော့ပြောင်းခဲ့သူဖြစ်ကြောင်း (စာမျက်နှာ–၆၂)"တို့ကို ရေးသားတင်ပြထားသည်။ မြန်မာပြည်အနာဂါတ်ကောင်းကျိုးအတွက် အသက်သွေးတို့ကို ရင်းနှီးခဲ့ကြသည့် အသက်ရွယ်မျိုးစုံ အတန်းအစားမျိုးစုံပါဝင်သော လူထုကြီးအား "အခြေအနေမဲ့ လမ်းသူရဲများ၊ လုယက်ဖျက်ဆီးသူများ မီးကွင်းပစ်သူများ၊ ခေါင်းဖြတ်သတ်ဖြတ်သောလူရိုင်းများ(စာမျက်နှာ–၂၂၇)"ဟု ခေါ်ဆိုရေးသားထားခဲ့သည်"။

ကျနော့်မှာ အံ့ဩတကြီး ဖြစ်ကျန်ရစ်ခဲ့သည်။ မြန်မာနိုင်ငံသား ပညာရှင်တယောက်ဖြစ်ပြီး သမ္မတဟောင်းတယောက်ဖြစ်ခဲ့သူ ဒေါက်တာမောင်မောင်က ကိုယ့်လူမျိုးအပေါ် ပစ်ပစ်ခါခါ အပုပ်ချရေးသားထားပြီး မြန်မာနိုင်ငံသားမဟုတ်သည့် ဘာတေးလ်လင့်တနာ က မြန်မာလူထုဖက်ကရပ်တည်ဝေဖန် သုံးသပ်သွားခဲ့သောကြောင့်ပင်။ ကျနော်တို့ မြန်မာလူမျိုးများအတွက် လွတ်လပ်စွာ ပြောဆိုရေးသားပိုင်ခွင့်မရှိသည့် ယနေ့ကာလ အမှောင်ခေတ်ကြီးအတွင်းတွင် ဒေါက်တာမောင်မောင်၏ အင်္ဂလိပ်လိုရေးသားစီစဉ်အပ်သော မြန်မာ့သမိုင်းလိမ် မဟာစာအုပ်ကြီးကို ဖတ်ရှုဝေဖန်ရန် အခြေအနေမပေးပါ။

သို့သော်မြန်မာစာဖြင့် ဒေါက်တာမောင်မောင် ရေးသားခဲ့သည့် "မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း"အမည်ရှိ မဟာစာအုပ်ထုကြီးကိုတော့ မြန်မာ့နိုင်ငံရေးစိတ်ဝင်စားသူ ကျနော့်လို စာချစ်သူအပေါင်း ဒုက္ခခံ ဖတ်ခဲ့ကြဖူးပေသည်။ ဦးနေဝင်း၏ စစ်အာဏာစက်ခါးမိုးမှုအောက် စာပေလွတ်လပ်ခွင့်များ ပျောက်ဆုံးနေခဲ့ပြီး ဖော်လံဖားဂိုဏ်းသားများသာ နေရာယူတွင်ကျယ်ခဲ့သော အချိန်ကာလတွင် ၎င်းစာအုပ်ကို ထုတ်ဝေဖြန့်ချိခဲ့သည်။ ထိုအချိန်ကာလ၌ စာပေချစ်သူအပေါင်းကလေးစားမြတ်နိုးအပ်သော ပြည်သူ့စာရေးဆရာကြီးဒဂုန်တာရာသည် သူ၏ဝေဖန်ရေးကလောင်လက်နက်ကို ရဲရင့်လှပစွာ သုံးစွဲတို့ထိပြခဲ့ဖူးသည်။ ၂၉–၅–၆၉ထုတ် ရှုဒေါင့်ဂျာနယ်ပါ "မှန်နန်းဆောင်မှ ဒဂုံရိပ်သာသို့" ဆောင်းပါးတွင် ယခုလို ရေးထားခဲ့ပါသည်။




"တက်ကြွသော ပညာရှင်များက ရှေးအစဉ်အလာအရသုံးနှုန်းခဲ့သော 'ရာဇဝင်'ဟူသည့် ဝေါဟာရအစား 'သမိုင်း'ဟူသော ဝေါဟာရကို နှစ်သက်ကြသည်။ ယင်းသမိုင်းဟူသော စကားလုံးကိုလည်း သုံးနှုန်းလျက်ရှိကြသည်။

ရာဇဝင်ဟူသည် "ရာဇဝသ" ဟူသော ပါဠိစကားမှ ဆင်းသက်လာသည်၊ ရှင်ဘုရင် အမျိုးအနွယ်အကြောင်း ရေးသားချက်မျှသာဖြစ်သည်။ သမိုင်းဆိုသည်မှာ ကျယ်ဝန်းသောအဓိပ္ပါယ် ထွက်သည်ဟု ယူဆကြသည်။ ရှေးက သမိုင်းဟူသောဝေါဟာရကို ဘုရားသမိုင်းဟု သုံးနှုန်းကြသည်။

ရာဇာသည် ရှေးခေတ်က ရှင်ဘုရင်ကို ခေါ်သောစကားဖြစ်သည်။ အမှန်အားဖြင့် ရာဇာ၏အဓိပ္ပါယ်မှာ အုပ်စိုးသူပင်ဖြစ်သည်။ရှင်ဘုရင်လက်ထဲ၌ နိုင်ငံရေးအာဏာရှိသည်။ မည်သူမှ တိုင်ပင်ညှိနှိုင်းဖို့မလို၊သတ်စေဆိုက သေစေရမည် စသောအာဏာကိုပိုင်သူဖြစ်သည်။ ရှေးက သက်ဦးဆံပိုင်ဟုလည်းကောင်း၊ ယနေ့ခေတ်တွင်မူ အာဏာရှင်ဟုလည်းကောင်း၊သမိုင်းဆရာတို့က သုံးနှုန်းလေ့ရှိကြသည်။ရှေးက ရှင်ဘုရင်ကို မင်းဟုလည်းခေါ်သည်။ ယနေ့ခေတ် ပြည်သူတို့က ရွေးကောက်တင်မြှောက်သော သမတအစိုးရခေတ်တွင်မူ အုပ်စိုးသူကို အစိုးရဟူ၍လည်းကောင်း၊ ဝန်ကြီးချုပ်စသည်အားဖြင့်လည်းကောင်း နာမည်တပ်၍ ခေါ်ဝေါ်ကြသည်။ပါဠိအခေါ်ဖြင့်ခေါ်လျှင် ရာဇာပင်ဖြစ်သည်မဟုတ်လော။

ကွန်မြူနစ်နိုင်ငံများ၌ ဥက္ကဋ္ဌကြီးဟုခေါ်ချင် ခေါ်ပေမည်။ အိန္ဒိယနိုင်ငံ၌ နိုင်ငံတော်အကြီးအကဲကို ရဋ္ဌပတိ ဟုခေါ်သည်။ယင်းတို့သည် ပညတ်သဘောတရား(ဝါ)အမည်ခေါ်ဝေါ်ခြင်း သဘောမျှသာဖြစ်သည်။

မကိုဋ်ကိုဆောင်းသည်ဖြစ်စေ၊ သရဖူကို ဆောင်းထားသည်ဖြစ်စေ၊ သံခမောက်ဆောင်းထားသည်ဖြစ်စေ၊ ခေါင်းပေါင်း ပေါင်းထားသည်ဖြစ်စေ၊ ဖော့ဦးထုပ် ဆောင်းထားသည်ဖြစ်စေ၊ မည်သို့ပင်ခြားနားလင့်ကစား နိုင်ငံရေးအာဏာလက်ဝယ်ရှိသူသည် ရာဇာပင်ဖြစ်သည်။

အရေးကြီးသည်ကား မည်သည့်လူတန်းစား၏ နိုင်ငံရေးအာဏာကို ကိုယ်စားပြုသနည်း ဆိုတာပင်ဖြစ်သည်။ အရင်းရှင်လူတန်းစားကို ကိုယ်စားပြုသောရာဇာသည် ဓနရှင်အစိုးရဖြစ်သည်၊ ဆင်းရဲသားလူတန်းစားကို ကိုယ်စားပြုသောရာဇာသည် ဆင်းရဲသားအစိုးရဖြစ်သည်။ ပြည်သူကို ကိုယ်စားပြုလျှင် ပြည်သူ့အစိုးရဖြစ်သည်။"

ဆရာကြီးဒဂုန်တာရာ သည် သမိုင်းပညာရှင်၏ အခန်းကဏ္ဍနှင့် ရပ်တည်ချက်တို့ကို ဆက်လက်ဖွင့်ဆိုပြီး ဒေါက်တာမောင်မောင်သည် တရားဥပဒေသမားဖြစ်ကြောင်း၊ ထို့ကြောင့် တရားနည်းလမ်းကျရမည်။ မှန်ကန်တိကျရမည်။ သေချာရမည်ဟု ဆက်လက်ပြော၏။ ဒေါက်တာမောင်မောင်စာအုပ်ပါ အချက်အလက်အမှားများကိုလည်း ဝေဖန်ထောက်ပြသည်။ ဒို့ဗမာအစည်းအရုံးခေတ်က ကွန်မြူနစ်ကျေညာစာတမ်းကို ဘာသာပြန်ခဲ့သူ သခင်ဗဟိန်း နောက်ပိုင်းတွင်ကွန်မြူနစ်ဆန့်ကျင်ရေးသမားဖြစ်သွားခဲ့ပုံကို ဥပမာဆောင်ကာ မူမမှန်သူဒေါက်တာမောင်မောင်အား တနေ့နီ၊တနေ့ပြာ၊တနေ့ဝါ ဟု ဝေ့ကာဝိုက်ကာ ဝေဖန်သုံးသပ်ခဲ့သည်။ ဆရာကြီးကဆက်ပြီး

"ဒေါက်တာမောင်မောင်သည် သီပေါမင်းမှ ဗိုလ်ချုပ်ကြီးနေဝင်း ခေတ်အထိ နိုင်ငံရေးအဖြစ်အပျက်များကို ဖတ်ချင်စဖွယ်ရေးထား၏။ ကန့်လန့်ဖြတ်ပုံကားတချပ်ပင်။ တအုပ်တည်းဖတ်ရုံဖြင့် 'အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊တရားစီရင်ရေး စသောအာဏာရပ်အားလုံးကို ရယူနိုင်စွမ်းရှိသော' ဗိုလ်ချုပ်နေဝင်း၏ စွမ်းရည်ကို ရောင်စုံယှက်သန်းသော နောက်ခံကားဖြင့် ပေါ်လွင်အောင် ဖော်ပြထားသည်မှာ ကျမ်းပြုသူ ဒေါက်တာမောင်မောင်အား ချီးကျူးရမည်ပင်။ထို့ကြောင့် ဒေါက်တာမောင်မောင်က 'ဗိုလ်ချုပ်ကြီးနေဝင်းသည် မကြုံဖူးသော မြန်မာ့သမိုင်းခေတ်

စာမျက်နှာ(၁၀)ကော်လံ(၁)သို့

ရုပ်ရှင်သရုပ်ဆောင်ကနေ သမတဖြစ်လာတဲ့ အက်စ်တာဒါး Estrada ဟာ ဖိလစ်ပင်းလူမျိုးတွေရဲ့ ရွှေဘလိုလူမျိုးပါ။ရုပ်ရှင်တွေထဲမှာ ဆင်းရဲသားတွေဘက်ကရပ်တည်ပေးတဲ့ သူရဲကောင်းကြီးပါ။ ဖိလစ်ပင်းမှာတော့ သင်္ကေတဆောင်မှုဟာ ကံကြမ္မာလိုဖြစ်နေတယ်။

အရက်သမား၊ လာဘ်ငွေ လက်ခံသူ စတဲ့နာမည်ဆိုးတွေ ထွက်နေမှုနဲ့ အတူ ငွေစားမှုအရှုပ်တော်ပုံကြောင့် ဒုက္ခရောက်နေချိန်မှာတောင် ရုပ်ရှင်ထဲမှာ ရာဇဝတ်မှုတွေကို နှိမ်နင်းတဲ့သူ၊ မနီလာ ဆင်းရဲသားရပ်ကွက်တွေကို သွားရောက်ပြီးသူ့ကိုယ်သူ ဆင်းရဲသားတို့ဘက်တော်သား၊ ရုပ်ရှင်ထဲက ရာဇဝတ်မှုတွေကို နှိမ်နင်းသူအဖြစ် လှုံ့ဆော်ခဲ့ပါတယ်။

လူတွေက သူ့ကို သမတအဖြစ်ကနေဖြုတ်တော့မယ်။ ရုပ်ရှင်ထဲကနေရလာတဲ့ သူ့ရဲ့ သူရဲကောင်းနိမိတ်ပုံကလည်း ထိခိုက်ရတော့မယ်။ ၁၉၈၆ ခုနှစ် သမတမားကို့စ်ကို ဖြုတ်ချခဲ့တုန်းက ပြည်သူတို့ရဲ့ စွမ်းအားလှုပ်ရှားမှု People Power က သမတ အက်စ်တာဒါးကိုလည်း ဂျူတန် Jueteng လို့ခေါ်တဲ့ တရားမဝင်လောင်းကစားလုပ်ငန်းတွေကနေ အမေရိကန်ဒေါ်လာ (၈)သန်းခန့် လာဘ်ယူထားမှုကို အကြောင်းပြုပြီး နှုတ်ထွက်ပေးဖို့ ဖိအားပေးလာပြီဖြစ်တယ်။ ဂျမိကာဒီနယ်လ်ဆင် Jaime Cardinal Sin က သမတကိုတော်လှန်ကြဖို့နဲ့ လူထုအများရှေ့မှာ ရှုတ်ချခဲ့ပါတယ်။

ဖိလစ်ပင်းလူတန်းစားကိုဦးဆောင်ခဲ့တဲ့ သမတဟောင်း ကိုရာဇန်အကီနိုကတော့ ရှက်တတ်တယ်ဆိုရင် အမှုဖွင့်ခံထားရတဲ့အချိန်မှာ ရာထူးကနေ နှုတ်ထွက်ပေးဖို့ သမတကို တောင်းဆိုခဲ့ပါတယ်။ဒု သမတတာဝန်ယူထားတဲ့ အမျိုးသမီးတဦးဖြစ်သူ အာရိုင်ရိုမကာပါကဲလ် Arroyo Macapagal ကလည်း အကီနိုနဲ့ တသဘောတည်းရှိနေတယ်။လူအများက သူ့ကို ကိုရာဇန်အကီနိုကို ဆက်ခံမယ့်လူလို့ မြင်နေကြတယ်။သူလည်း အက်စ်တာဒါးလုပ်ရပ်ကို ရှုတ်ချပြီး လှုပ်ရှားမှုမှာပါနေတယ်။

သို့သော်လည်း အမြင်တိုင်းက မမှန်နိုင်ပါဘူး။

အာရိုင်ရိုရဲ့အနေအထားကတော့ သမတနေရာနဲ့ သင့်တော်ပါတယ်။ မကြာသေးခင်က (၁၂)ရက်ကြာ ပြည်ပခရီးတခုက ပြန်လာချိန် နိုင်နိုအာကီနိုလေဆိပ်မှာ သံတမန် (၃၀)လောက်နဲ့ သူမ လက်ခံတွေ့ဆုံခဲ့ပါတယ်။ သူမကလည်း အာကီနိုလိုပဲ ဖိလစ်ပင်းနိုင်ငံရေးမှာ သမိုင်းနောက်ခံလေးရှိနေပါတယ်။ သူ့အဖေကလည်းလူအများ လေးစားကြည်ညိုကြတဲ့ သမတ ဒိုင်ဝိုဒါဒို

# အက်စ်တာဒါးရဲ့ ကံကြမ္မာ

**ဖိလစ်ပင်းလူထုတွေကြားမှာ လူထုအာဏာလှုပ်ရှားမှုကြီးဖြစ်လာပြန်ပြီ။ ဒါပေမယ့် ဒီတချီတော့ အကြီးအကျယ်အောင်မြင်မယ်လို့ မမျှော်လင့်နိုင်။**

မာကာပ်ကဲလ်Diosdado Macapagal ဖြစ်တယ်။ ဒါပေမယ့် သူမရဲ့ အနေအထားက အာကီနိုတုန်းကလို သမတလုပ်ကိုလုပ်ရတော့မယ်ဆိုတဲ့ ရှင်းလင်းတဲ့ အခြေအနေမျိုးတော့ မဟုတ်သေးပါဘူး။ ၁၉၈၆ ခုနှစ် အာကီနိုတုန်းက ထက်တော့ အခြေအနေတော်တော်များ



**ဖိလစ်ပိုင် သမတ**
**ဂျိုးဇက် အက်စ်တာဒါး**

များ တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ သူမဟာ စီးပွားရေးပညာရှင်တဦးဖြစ်တယ်။ အမေရိကန်နိုင်ငံ နာမည်ကြီး ဂျော့တောင်းတက္ကသိုလ်မှာ သင်ကြားလာခဲ့တာဖြစ်ပြီး အမေရိကန် သမတ ကလင်တန်နဲ့ အတန်းဖော်ဖြစ်ခဲ့တယ်။ ဖိလစ်ပင်းတက္ကသိုလ်က စီးပွားရေးဆိုင်ရာ ဒေါက်တာဘွဲ့ရထားတယ်။ အစိုးရအဖွဲ့ထဲကို အကီနိုက လက်တို့ခေါ်လာခဲ့တာ ဖြစ်ပြီးကုန်သွယ်ရေးနဲ့ စက်မှုအတွင်းရေးမှူးဌာနအောက်မှာ စတင် တာဝန်ပေးအပ်ခဲ့တယ်။၁၉၉၂ ခုနှစ်မှာ ဆီးနိတ်မှာအရွေးခံခဲ့ရတယ်။ (၆)နှစ်သက်တမ်းကာလမှာ စီးပွားရေးဆိုင်ရာ(၅၅)ဥပဒေဆိုတဲ့ စာအုပ်ကို ရေးသားခဲ့တယ်။ ၁၉၉၈ခုနှစ်မှာ ဒု သမတအဖြစ် အပြတ်အသတ် အနိုင်ရရှိလာတယ်။ ဒါတောင်မှ အနိုင်ရပါတီကနေ အရွေးခံရတာမဟုတ်ဘူး။ ပင်ကိုယ် သဘာဝယဉ်ကျေးသိမ်မွေ့ပေမယ့် အခြေအနေက သူမသဘောထားထက်ကိုပိုပြီး သတိထားဆောင်ရွက်ဖို့ ဖန်တီးလာပါတယ်။သူမအနေနဲ့ ဒု သမတအဖြစ်ကနေနှုတ်ထွက်ပြီး အတိုက်အခံတွေကို ဦးဆောင်ဖို့ သဘောတူပေမယ့် သမတကို နှုတ်ထွက်ဖို့တော့ မတောင်းဆိုချင်ဘူးလို့ ဆိုပါတယ်။ ကိုယ့်အကျိုးကိုယ်ဆောင်နေသလို ဖြစ်မှာကို စိုးရိမ်နေပါတယ်။ သူကတော့ ပြည်သူတွေ အကျိုးကိုဆောင်ရွက်ဖို့လိုတယ်။ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံသူတွေကို ယုံကြည်အောင် ဆောင်ရွက်ဖို့ လိုတာကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။

ခုချိန်ထိတော့ သူက အခြားအတိုက်အခံခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ သဘောတူတယ်။အမျိုးသားရေးဆိုင်ရာ အခြားနည်းလမ်းကိုသာ ဆောင်ရွက်ဖို့ဖြစ်တယ်။ ဒီအပတ်အတွင်း မနီလာမှာ ကျင်းပခဲ့တဲ့ အက်စ်တာဒါး ဆန့်ကျင်ရေးလှုပ်ရှားမှုတွေကိုတော့ မသွားခဲ့ပါဘူး။ သူ့နောက်မှာရှိတဲ့ အင်အားစုတွေကိုလည်း တွက်ချက်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့ကတော့ မနီလာမြို့ မာကပ်တီစီးပွားရေးရပ်ကွက် Makati Bussiness Districtမှာ လူတသောင်းခန့် စုဝေးဆန္ဒပြကြပါတယ်။ အများစုက

## မိုး သီး

လက်ဝဲအုပ်စုမျိုးစုံတွေကဖြစ်တယ်။ ဒီအသံတွေထဲမှာ အက်စ်တာဒါးကို နှုတ်ထွက်ပေးဖို့တောင်းဆိုတဲ့ အကျယ်လောင်ဆုံးအသံတွေကတော့ စီးပွားရေးသမားကြီးတွေဖြစ်ပြီး အာရိုင်ရိုရဲ့ စီးပွားရေးအမြင်နဲ့ပတ်သက်တဲ့ အရည်အသွေးကိုရော သူမရဲ့မျိုးရိုးကိုပါ လေးစားနေတဲ့သူတွေဖြစ်ကြတယ်။ သူတို့က အက်စ်တာဒါးရဲ့ ပေါက်ကရလုပ်နေတဲ့ စီးပွားရေးမူတွေကို စိတ်ဓတ်ကျနေတဲ့ သူတွေလည်းဖြစ်တယ်။



**သမတ အက်စ်တာဒါး၏ လောင်းကစားဝိုင်းမှ လာဘ်ငွေယူမှုနှင့် ပတ်သက်ပြီး နှုတ်ထွက်ပေးရန်တောင်းဆိုနေကြသော ဖိလစ်ပင်းလူထု**

"နိုင်ငံရေးပြဿနာက ဈေးကွက်ကို သက်ရောက်မှုရှိသဗျ။ ကျုပ်တို့ဆီမှာ ခု နိုင်ငံရေးပြဿနာရှိနေပြီလေ"

မားကပ်တီ စီးပွားရေးကလပ်က သြဇာတိက္ကမကြီးတဲ့ စီးပွားရေးသမားကြီး ဂူလီယာမိုလပ်Guillermo Luz ကစိုးရိမ်မကင်းတဲ့လေနဲ့ သတိပေးတယ်။ (၂)နှစ်အတွင်း မနီလာစတော့ဈေးကွက်မှာ အကျဆုံးအမှတ်ကိုရောက်ခဲ့တယ်။ပီဆိုတန်ဖိုးက တဒေါ်လာကို (၄၉)ပီဆို အထိတောင် ဖြစ်ခဲ့ရတယ်။ဒါမျိုး မကြုံဖူးသေးဘူး။

ဒီတခါတော့ အက်စ်တာဒါးထောက်ခံသူတွေက အက်စ်တာဒါးကို စွပ်စွဲထားတဲ့ ခရိုင်မြို့တော်ဝန် လူးဝစ်ဆင်စွန် Luis Singson နဲ့ ရင်ဆိုင်တွေ့နေကြရပါပြီ။ ဂျူတန်လောင်းကစားဝိုင်းက ဒေါ်လာငွေတသိန်းကို သမတအနေနဲ့ (၂)ပတ်တခါ ရရှိနေတယ်လို့ ဆိုတယ်။ သမတရဲ့လူတွေကတော့ ကိုရာဇန်အကီနိုရဲ့ အကိုရော၊ အာရိုင်ရိုရော ဂျူတန်လောင်းကစားဝိုင်းနဲ့ မကင်းကြဘူးလို့ တီတိုးဝါဒဖြန့်နေကြတယ်။ ဒု သမတကိုယ်တိုင် နယ်မြေလောင်းကစားဝိုင်းပိုင်ရှင်တခုရဲ့ သားကလေးမွေးတဲ့ အချိန်တုန်းက ခေါင်းကိုင်မိခင် Godmother အဖြစ် လက်ခံခဲ့တယ်လို့ ပြန်တွယ်ထားကြတယ်။ အရိုင်ရိုကတော့ သူမအနေနဲ့ ခရစ်ယာန်ဘာသာဝင် တယောက်ဖြစ်တဲ့အတွက် ဘာသာထုံးတမ်းအရသာ လက်ခံခဲ့တာပါလို့ ဆိုပါတယ်။

အစိုးရအဖွဲ့ထဲမှာ သူတို့လူတွေအများစုလွှမ်းမိုးထားတဲ့အတွက် သမတအက်စ်တာဒါးနဲ့ သူ့လူတွေကတော့ ဥပဒေကို သိပ်ကြောက်ကြပုံမရပါဘူး။ လွန်ခဲ့တဲ့အပတ်က သမတကို နေရာကနေ ဖြုတ်ချဖို့အတွက် တရားစွဲဆိုမှုဟာ ဘယ်မှာမှ ပြတ်ပြတ်သားသားမရှိနိုင်ပါဘူး။ အထက်လွှတ်တော်က အမှုကို တရားရုံးဖွဲ့ဆောင်ရွက်မယ့် ဆီးနိတ်ကိုပို့ဖို့ (၁၄၃)ရက်ကြာမှာပါ။ နောက်ပြီးတော့ ကွန်ဂရက်အနေနဲ့ တလကြာ ရွေးကောက်ပွဲမတိုင်မီ နားချိန်အထိ အလုပ်လုပ်ချိန်ဟာ (၅၆)ရက်သာ ကျန်ပါတော့တယ်။

သူ့ပါတီကတော့ သမတကို အစွမ်းကုန်ကာကွယ်ပေးဖို့ ပြင်ဆင်နေပါတယ်။ အတိုက်အခံဘက်က အခြေအနေက သိတ်မကောင်းလှဘူး။ဘယ်ကိစ္စမျိုးကိုမဆို အနည်းစုဖြစ်နေတဲ့အတွက် ဆီးနိတ်မှာ၊တရားရုံးမှာ တရားစွဲနိုင်ဖို့မဲပေးဖို့ မလွယ်ဘူးဖြစ်နေတယ်။ ကိုရာဇန်ကတောင်မှ အက်စ်တာဒါးကို မောင်းထုတ်ဖို့အခြေအနေက မလွယ်ဘူးဆိုတာ ဝန်ခံပါတယ်။

"အခြေအနေက ကြာနိုင်တယ်၊ အမှန်တရားက ကိန်းဂဏန်း အရေအတွက်မှာမူတည်နေရတယ်၊ တရားမှုက ရွေးကောက်ပွဲမှာ ကိုယ်အရွေးခံရေးလောက်ကိုပဲ စိတ်ဝင်စားတဲ့လူတွေလက်ထဲမှာ ဝကွက်အပ်လိုက်ရပြီ" လို့ သူမကပြောပါတယ်။

ဒီနေရာမှာ အကီနို သမတဖြစ်ခဲ့တဲ့ လှုပ်ရှားမှုနဲ့ အခု လှုပ်ရှားမှုကြားမှာ ကြီးမားတဲ့ ခြားနားမှုဖြစ်နေပါတယ်။အက်စ်တာဒါး အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရကိုပဲ ဆက်လက်အုပ်ချုပ်ဖို့အတွက် အခွင့်အလန်းရှိနေပါတယ်။လူတွေရဲ့ ထောက်ခံမှုကလည်း တစုံတရာရှိနေပါသေးတယ်။ မကြာသေးခင်အချိန်တွေတုန်းကပဲ ကျူးကျော်ရပ်ကွက်တွေ၊ ကျေးလက်တွေမှာ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးအစီအစဉ်တွေ၊ချမ်းသာတဲ့ အာဏာရှိကြတဲ့ လူတွေက သူ့ကို ဖြုတ်ချဖို့ အကြံအစည်တွေကို လူထုတရားပွဲတွေလုပ်၊ ဆန့်ကျင်တာတွေလုပ်ပြီး သူ့ရဲ့အနေအထားကို ပြသခဲ့တယ်။

သူက "ဒီလူတွေက ခင်ဗျားတို့အကျိုးစီးပွားကို ဘာမှ လုပ်ပေးမှာ မဟုတ်ဘူး၊ သူတို့ ကိုယ်ကျိုးအတွက်ပဲ သူတို့စဉ်းစားနေတာ၊ ခင်ဗျားတို့ကို ဘာမှ ဂရုစိုက်နေမှာမဟုတ်ဘူး"ဆိုပြီး လူထုအစည်းအဝေးပွဲတခုမှာ ပြောသွားပါတယ်။

သူ့အနေနဲ့ ကိုယ့်ဘာသာကိုယ် မနှုတ်ထွက်ဘူးဆိုရင် သူဟာ ဒီကိစ္စနဲ့ မပတ်သက်ကြောင်းတော့ ပြရလိမ့်မယ်။ သူ့ရဲ့အတိုက်အခံတွေအနေနဲ့ သူ့ကိုဖြုတ်နိုင်ဖို့အတွက် အခွင့်အလမ်းက အနည်းငယ်ပဲရမှာ ဖြစ်ပါတယ်။ ဒီလူတွေက အာရိုင်ရိုရဲ့ အခြေအနေဖန်တီးလာတဲ့ အနေအထားကို အသုံးချလာခဲ့ပါတယ်။တကယ်လို့ အာရိုင်ရိုအနေနဲ့ ခုချိန်မှာသမတတာဝန်ကို လက်ခံယူခဲ့မယ်ဆိုရင်တော့(၂၀၀၄) ခုနှစ်မှာပြုလုပ်မယ့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လို့တော့ မရနိုင်ပါဘူး။ ဒါဟာ အတော့်ကိုစွန့်စားရမယ့် ကိစ္စတခုဖြစ်နေတယ်။မြန်မြန် ဆန်ဆန် အဖြေထွက်လာနိုင်ဖို့ ခဲယဉ်းနေတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့ကတော့ ဝေးနေဦးမှာပဲဖြစ်တယ်။

Sound and Fury
by Nisid Hajart
Time October 30, 2000

❖



## အကျဉ်းခံ

**ဝင်သက်ထွက်သက်ထဲ**
**ညှီစို့စို့ အိပ်မက်တွေပဲ ပွတ်တိုက်ထိရှသွား**
**နံရံလေးဘက်ကြားက**
**ခြိမ်းခြောက်ခံထားရတဲ့ နေ့နဲ့ညတွေဟာ**
**သွေးအလိမ်းလိမ်းနဲ့ တရွတ်တိုက်ဖြတ်ကျော်သွားကြပေါ့။**

**ဒီလိုနဲ့**
**ဖူးရောင်နာကျင်နေတဲ့ နှလုံးသားဟာ**
**(လက်ရာကောင်းကောင်းနဲ့ အသွေးခံထားရတဲ့ မိန်တပွင့်လို)**
**အလျှံတညီးညီး တောက်ပ မာကျောနေတော့တယ်။**

**ဖူးသစ် ( ရင်း – ၉ )**

Burma Independent News Agency
**မြန်မာနိုင်ငံ**
**လွတ်လပ်သည့် သတင်းအေဂျင်စီမှ**
**ထုတ်ဝေဖြန့်ချီသည်။**
**အယ်ဒီတာ**
**ကိုပုည**
မိုးကြိုး သတင်းစဉ်သို့
ဆောင်းပါးများ၊ သတင်းများနှင့်
ဝေဖန်အကြံပြုစာများ
ပေးပို့ဆက်သွယ်နိုင်ပါသည်။
**THE LIGHTNING NEWSLETTER**
**P.O. BOX (91)**
**MAE SOD, 63110**
**TAK**
**THAILAND.**
**E-mail : binamojo@hotmail.com**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်
နိုင်ငံရေးအစိုးရမဟုတ်သဖြင့် မည်သည့်
လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့်မျှ နိုင်ငံရေးနည်းအရ
စေ့စပ်ဆွေးနွေးခြင်းပြုရန် အကြောင်းမရှိပေ။**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်ကြေညာချက်အမှတ်(၁-၉၀)
၁၃၅၂ခုနှစ်၊ ဝါခေါင်လဆန်း(၆)ရက် ၁၉၉၀ပြည့်နှစ်၊ဇူလိုင်လ(၂၇)ရက်**

# နအဖစစ်အုပ်စုအပေါင်းပါတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

### တောင်ငူခရိုင်

(၂၂-၁၀-၂၀၀၀) ရက်နေ့တွင် နအဖ ခလရ (၄၈) စစ်ကြောင်း(၁) နှင့်(၂)တို့သည် ဘောဂလိရွာသား (၁၅)ဦးအား ဘူဆာခီးသို့ ရိက္ခာ ပစ္စည်းများ သယ်ဆောင်ခိုင်းခြင်း၊ မိုင်းဗုံးများရှင်းလင်းခိုင်းခြင်းတို့ကို အဓမ္မစေခိုင်းခဲ့သည်။ ထိုနေ့တွင်ပင် နအဖပြောက်ကျားတပ်ဖွဲ့မှ ကျော်ဇော်သည် လယ်ဂီခိုနှင့် ဒဲကားရွာတို့မှ ဝက်သား(၃)ပိဿာအပတ်စဉ်ပေးရန် အဓမ္မ တောင်းခံခဲ့သည်။ ရိက္ခာသယ်ပို့ရန် အတွက် ၎င်းရွာနှစ်ရွာမှ ရွာသား(၁၅) ဦးအမြဲတမ်း အဆင်သင့်ရှိနေရမည်။ ဟင်းစားအဖြစ် ဝက်သား၊ကြက်သား များ အဓမ္မတောင်းစားသည့်အပြင် လစဉ် ပေါ်တာကြေးအဖြစ် တသောင်း ကျပ်နှင့် ဓတ်ခဲအလုံး(၁၀၀)ကိုလည်း အမြဲတမ်း ပေးဆောင်နေကြရသည်။

(၂၆-၁၀-၂၀၀၀) ရက်နေ့တွင် နအဖပြောက်ကျားတပ်ဖွဲ့မှ တပ်ခွဲမှူး တင့်ဇော်သည် ရှားဇီးဖိုရွာသားများထံ အမဲသား(၂၀)ပိဿာ အတင်းအဓမ္မ တောင်းစားခဲ့သည်။ ထိုနေ့တွင်ပင် နအဖ ပြောက်ကျားတပ်ဖွဲ့ ဗလတပ်ခွဲမှ ဗိုလ်တင်လှသည် ကစယ်ဒိုရွာသား များထံမှ ငွေကျပ်တသောင်းတန် ဝက်တကောင်ကို အဓမ္မတောင်းစားခဲ့သည်။ ထိုနေ့မှာပင် ရှားစီးလူရွာသားများထံမှ တန်ဖိုးငွေကျပ် နှစ်သောင်းခန့်ရှိသော ဟင်းနှင့်ပစ္စည်း အမျိုးမျိုးကို အတင်း အဓမ္မတောင်းယူခဲ့သည်။ အဆိုပါ တပ်ဖွဲ့ဝင်များသည် ကစယ်ဒိုရွာသား စောဆာပူးလူအား ဖမ်းဆီးပြီး ငွေ လေးသောင်းကျပ် တောင်းယူသည့် အပြင် ကစယ်ဒိုရွာသို့အလာ လမ်း၌ သောမူလို၊ရွှေတစော၊ယယ်မူ ရွာသား များအားဖမ်းဆီးကာ ၎င်းတို့စစ်ကြောင်းသွားလေရာသို့ ပစ္စည်းသယ်ပို့ရန် ခေါ်ဆောင်သွားခဲ့သည်။

### ညောင်လေးပင်ခရိုင်

မတ်လမှ အောက်တိုဘာလအထိ နအဖ ခလရ(၆၀)မှတပ်ရင်းမှူးမြတ်စိုးသည် ဆောမီလူနှင့်ခိုးပူရွာသားများထံမှ တရွာလျှင်ငွေကျပ်ငါးသောင်းစီ တောင်း ယူသည့်အပြင် နအဖ ခလရ (၇၃)မှ ဗိုလ်စိုးခိုင်သည်လည်း ထိုရွာများမှ တရွာလျှင် ငွေကျပ်တထောင်တောင်းယူ ခဲ့သည်။နအဖ ခလရ(၆၀) တပ်ရင်းမှူး ဗိုလ်မြတ်စိုးနှင့် ခမရ (၃၅၁)မှ ဗိုလ်ခွန်နောင်တို့သည် ၎င်းတို့တပ် ဝေယျာဝစ္စများလုပ်ဆောင်ပေးရန် အနီးအနားရှိရွာများမှ ရွာသားများအား တနေ့လျှင် (၃)ဦး ခေါ်ယူခိုင်းစေခဲ့သည်။ အခြားလိုအပ်မှုများအတွက် ကျေးနယ်တခုလျှင် ငွေ တသောင်းငါးထောင်ကျပ် လစဉ် တောင်းယူခဲ့သည်။ ထို့အပြင် သောင်းကျန်းသူဆန့်ကျင်ကျင်ရေးအဖွဲ့သည် ၎င်းတို့ရိက္ခာအတွက် တလလျှင် ငွေကျပ်ငါးသောင်း ထပ်မံတောင်းယူခဲ့သည်။ ဒီကေဘီအေ ခေါင်းဆောင် သံချပ်သည် မောလေးစခန်းမှနေ၍ လူအ၊ဝဲကြီး၊ ကျောက်ရှာ၊တောင်ပေါ်၊ ဖိုးသောင်းစု၊သစ်ချဆိပ်၊ဦးချစ်ခင်၊ ငါးလောက်တက်၊ သူဌေးကုန်းကျေးရွာများမှလည်းကောင်း၊ကိုနီနှင့် တခေါ့ပွာ ကျေးရွာများမှ မောလေးစေတီ တည်ဆောက်ရာတွင် လမ်းဖေါက်လုပ်ရန်အတွက် တအိမ်လျှင် တဦးကျစီ ခေါ်ယူခိုင်းစေခဲ့သည်။

### သထုံခရိုင်

(၂၃-၁၀-၂၀၀၀) ရက်နေ့တွင် နအဖခမရ(၂)နှင့် သောင်းကျန်းသူ ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းထားသော စစ်ကြောင်းတကြောင်းသည် တာအုခီးဂွင်ရှိ ရွာသားများ၏ ယာတဲများကိုဝင်ရောက်ပစ်ခတ်ရာ တာအုခီး ရွာသူ(၁)ဦး၊ရွာသား(၁)ဦးသေဆုံးသွားခဲ့သည်။

(၂၅-၁၀-၂၀၀၀) ရက်နေ့တွင် နအဖ ခလရ (၃၆၆) တပ်ဖွဲ့ဝင်များသည် ဝေါ်ခီးရွာသား ကျွဲနွားကုန်သည် စောလက်လက်၏ ငွေကျပ် ကိုးသန်းတန်ဖိုးရှိ ကျွဲနွားစုစုပေါင်း(၁၂၀) ကောင်ကို ဘောပေါ်ကလောနေရာ၌ သိမ်းယူလိုက်သည့်အပြင် စောလက်လက်ထံမှပါလာသော ငွေ နှစ်သိန်းရှစ်သောင်းကျပ်ကိုလည်း အဓမ္မလုယူသွားခဲ့သည်။

(၂၆-၁၀-၂၀၀၀) ရက်နေ့တွင် နအဖ ခမရ(၁၀၂)မှတပ်ခွဲမှူး သက်ရွှေဦး ဦးစီးသောတပ်ဖွဲ့သည် နိုအောလာ ရွာသားများအား ဝါးလုံးရေ (၂၅၀)ကို အဓမ္မခုတ်ခိုင်းပြီး ၎င်းဝါးများကို မယူတော့ဘဲ ရွာသားများထံမှ ငွေ သုံးထောင်ကျပ် ထပ်မံတောင်းခံခဲ့သည်။ ဒုံသမိချောင်း၌ အသွားအပြန် စုန်ဆန်လျှက်ရှိသော လက်လှော်လှေ တစင်းလျှင် ငွေ နှစ်ရာကျပ်၊ စက်လှေ တစင်းလျှင် ငွေ သုံးရာကျပ်စီ နေ့စဉ် အဓမ္မ တောင်းခံခဲ့သည်။

### ဖာပွန်ခရိုင်

(၂၇-၉-၂၀၀၀) ရက်နေ့တွင် နအဖ ခမရ (၁၀၄)တပ်ဖွဲ့သည် မယ်ညူးထာစခန်း ဘုရားရှိခိုးကျောင်းအတွက် သွပ်ပြားဝယ်ယူရန် မယ်ခူးထာရွာ၊မယ်ညူးထာရွာ၊ တိုးမူးရွာ၊ ထီးဒိုထာ၊မယ်ခူ့ထီးရွာများမှ တအိမ်လျှင်ငွေ တထောင်ကျပ်၊ မုဆိုးမ တအိမ်လျှင် ငွေ ငါးရာကျပ်တောင်းခံခဲ့သည်။ ထို့အပြင် ဆင်ပိုင်ရှင်များဖြစ်သော ထီးဒိုရွာသား စောကူးလာ၊ တိုးမူးဒဲရွာသား စောဖားဂေါ်ခဲ၊ မယ်ကူ့ခီးရွာသား စောဖိုးသေး၊ထီးဒိုထာရွာသား စောဖားလာ ရွှေမယ်ညူးထာရွာသား စောဖါးကဲတို့ ထံမှငွေကျပ်တသောင်းကိုလည်းအတင်း အဓမ္မ တောင်းယူခဲ့သည်။

(၃၀-၉-၂၀၀၀) ရက်နေ့တွင် နအဖ ခမရ(၅၃၄)မှ တပ်ရင်းမှူး မောင်လှိုင်သည် ဘောသိုထာရွာသူရွာသား (၄၀)ဦးကိုခေါ်ယူ၍ ကစယ်သဲဖလယ် နှင့် ထို့သီးအူအကြားရှိလမ်းကို ခုတ်ရှင်း ခိုင်းခဲ့ပြီး၊ဘောသိုထာ၊ကပီခီး၊ ထီးသပလူ ထာ ရွာများမှ တရွာလျှင်အင်ဖက် (၂၀၀) တောင်းယူခဲ့သည်။

(၂-၁၀-၂၀၀၀) ရက်နေ့တွင် နအဖ ခမရ (၂)မှ တပ်ခွဲမှူး ဝင်းလေး အောင်သည် ထီးသဲလေးရွာသို့ဝင် ရောက်၍ ရွာသား(၂၀)ဦးကို ခေါ်ယူ ကာ နော်မပျိုထံမှ ကြက်တကောင် လုယူစားသောက်သည့်အပြင် ရွာသား များထံမှ လှည်းနှစ်စီးကို အတင်းအဓမ္မ တောင်းယူကာ ကားလမ်းဖေါက်လုပ် ရေးအတွက် ခေါ်ဆောင်သွားခဲ့သည်။

### ဒူးပလာယာခရိုင်

(၁၆-၉-၂၀၀၀) ရက်နေ့ ည ၈နာရီ ၃၀မိနစ်တွင် နအဖ၊ခမရ(၂၀၂) မှ တပ်ရင်းမှူး ဗိုလ်ကံညွန့် ဦးစီးသော တပ်ဖွဲ့သည် ကော့ကရိတ်မြို့နယ် ဒဘာလူ့ခို့ခီးရွာသို့ ဝင်ရောက်လာပြီး ရွာသားစောဒိသာ့(၃၂)နှစ်အား အကြောင်းမဲ့ ပစ်သတ်သွားသည့်အပြင် ထိုသူပိုင်ဆိုင်သော ထိုင်းဘတ်ငွေ တသောင်း၊ နာရီတလုံးနှင့် သစ်စက် တလုံးတို့ကိုပါ ယူဆောင်ခဲ့ပြီး သားဖြစ်သူ(၅)နှစ်အရွယ် စောစီးဘဲမှာ ခြေထောက် တဖက်ဒဏ်ရာရသွားခဲ့သည်။ ၎င်းအပြင် ရွာသားများဖြစ်သော စောကျော်မီးထံမှ နွားတကောင်၊ တောပုံးသေနတ်(၃)လက်၊ လွယ်အိတ်(၅)လုံး၊ နာရီ တလုံး၊ငွေကျပ်(၁၅၀၀)၊ ဖီးသူးမဲထံမှ ဇွန်း(၁၀)ချောင်း၊ အိတ်(၃)လုံး၊ ပုဆိုးတထည်၊နော်ပယ်ထံမှ အိုး ၃လုံး၊ စောင်၂ထည်၊ဓါး ၂လက်၊ တောပုန်းသေနတ်တလက်၊ဒဘာလေ့ဖေါမိုး ထံမှ နားကပ်နှစ်ရံ၊ လက်စွပ်သုံးကွင်း၊ တကျပ်သား ရွှေဆွဲကြိုး သုံးကုံး၊ပန်းကန်(၁၅) ချပ်၊ဇွန်း(၁၂)ချောင်း၊ဓါး(၆)လက်၊ ထမီ(၁၅)ထည်၊အင်္ကျီ(၁၆)ထည်၊ ပုဆိုး (၁၀)ထည်၊နာရီတလုံး၊ဘတ်ငွေ ထောင့်ခြောက်ရာ၊အိတ်(၂၅)လုံး၊ ကျော်ပေ့ဖိုးမိုးထံမှ ခေါင်းပေါင်း နှစ်ထည်၊လွယ်အိတ် သုံးလုံး၊ယက်ထမီအထည်(၂၀)၊ တောပုံး သေနတ်တလက်၊ပုဆိုးနှစ်ထည်၊ ဘောင်းဘီ ရှည်သုံးထည်၊စောင်(၆)ထည်၊ နာရီ တလုံး၊ဝက် တကောင်၊ လူးဝါးမိုး ထံမှ အင်္ကျီ သုံးထည်၊ပုဆိုး တထည်၊ ငရုတ်သီး တပိသာနှင့်နော်ကားပါးထံမှ ဓါး(၆) လက်၊ပုဆိုး နှစ်ထည် စသည့် ပစ္စည်း များကို လုယူသိမ်းဆည်းခဲ့သည်။

### ဖားအံခရိုင်

(၈-၈-၂၀၀၀)ရက်နေ့တွင် ဒီကေဘီအေ တပ်မဟု(၉၉၉)တပ်ခွဲမှ မူနော်ဒွေ ဦးဆောင်သော (၁၀)ဦး အဖွဲ့သည် ခေါ်သူးခီးရွာသို့ဝင်ရောက်၍ ကျမ်းမာရေးအဖွဲ့များကိုပစ်ခတ်ခဲ့ရာ ရွာသား ဖါးဒီဖလယ်၏သမီး နော် ကျေးယွား(၂၈)နှစ် သေနတ်ထိမှန် သေဆုံးသွားခဲ့ပြီး (၁)နှစ်သားအရွယ် ဖါးဖေဝါးဆိုသူ ကလေးတဦးဒဏ်ရာရ သွားခဲ့သည်။ ထို့အပြင် ကျန်းမာရေး အဖွဲ့မှ ဝေငှပေးသွားသော ဆေးဝါး များကိုလည်း ရွာသူရွာသားများထံမှ အကုန်လုယူသွားခဲ့သည့်အပြင် လယ် တဲ(၁)လုံးကိုလည်း မီးရှို့ဖျက်ဆီးသွား ခဲ့သည်၊

(၁၀-၈-၂၀၀၀) ရက်နေ့တွင် ဂနာရီ ၅၅မိနစ်အချိန်တွင် ဒီကေဘီ အေ တပ်မဟာ(၅၅၅)တပ်ခွဲမှ အင် အား(၂၀)ရှိ မိုးကြိုးဦးစီးသောအဖွဲ့ သည် စီဖါးဒေးခီးရွာမှ မားကလောခီး လယ်တဲကို ဝင်ရောက်ပစ်ခတ်သဖြင့် ဖါးမိုးလိုး(၂၅)နှစ်၊ဇနီးဖြစ်သူ နော်မူ သေ(၂၀)နှစ် နှင့် သူငယ်ချင်းဖြစ်သူ ဖါးတားဒေ(၃၀)နှစ် တို့ သေဆုံးသွားခဲ့ သည်။၎င်းတို့ထံမှ ငါးမူးသားရွှေ လက် စွပ်တကွင်းနှင့်တမတ်သား ရွှေနားကပ် တရံ ဖြုတ်ယူသွားခဲ့သည့်အပြင် တဲတလုံးကိုလည်း မီးရှို့ ဖျက်ဆီးသွား ခဲ့သည်။

❖



## တိုက် ပွဲ သ တင်း များ

၂၄--၇-၂၀၀၀ရက်နေ့ (၁၀း၀၀)အချိန် ကေအဲန်အယ်အေ တပ်ရင်း(၁၇)မှ တပ်ခွဲ(၃)နှင့် မြို့နယ် ကာကွယ်ရေးတပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့က နအဖ-ခမရ(၇၁၀)နှင့် ကြာအင်းမြို့နယ်ထီးဆောမဲ့ချောင်းဝတွင် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖတပ်ဖွဲ့ဝင်(၂)ဦးသေပြီး၊ ဘီအေ(၆၄)တလက် သိမ်းဆည်းရမိကြောင်း သိရသည်။

၁-၈-၂၀၀၀ရက်နေ့(၁၅း၃၀)နာရီခန့် နအဖ-ခမရ(၇၀၈-၇၀၉) ပူးပေါင်းအဖွဲ့နှင့် ကေအဲန်အယ်အေ အမှတ်(၁၈)တပ်ရင်းမှ တပ်ဖွဲ့ဝင်တို့ ကြာအင်းမြို့နယ်၊ မဲ့ဖညားချောင်းဖျားတွင် (၇)မိနစ်ကြာရင်ဆိုင်တိုက်ခိုက်ရာ နအဖဘက်မှ (၁)ဦးသေသွားကြောင်း သိရသည်။

၃-၈-၂၀၀၀ရက်နေ့ ကေအဲန်အယ်အေတပ်ရင်း(၁၆)မှဆရာ မောင်ရှမ်း ဦးစီးတပ်ဖွဲ့နှင့် နအဖ-ခမရ(၇၀၄)တပ်ဖွဲ့တို့ ကြာအင်းမြို့နယ်၊တခါ့ခီးကျေးရွာတွင်း ရင်ဆိုင်တိုက်ပွဲဖြစ်ရာ နအဖတပ်ဖွဲ့ဝင်(၂)ဦး၊ ဒဏ်ရာရရှိသွားကြောင်း၊ သတင်းရရှိသည်။

၅-၈-၂၀၀၀ရက်နေ့တွင် ကေအဲန်အယ်အေ အမှတ်(၆)တပ်မဟာ ၊အမှတ်(၁၈)တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် နအဖ-ခမရ(၇၀၈)နှင့် (၇၁၉) ပူးပေါင်းလှုပ်ရှားတပ်ဖွဲ့တို့အား ကြာအင်းမြို့နယ် တော်ဘီကျေးရွာအထက်၌ မိနစ်(၂၀)ကြာထိတွေ့တိုက်ခိုက်ရာ နအဖတပ်ဖွဲ့ဝင်(၂)ဦးသေ၊(၂)ဦး ဒဏ်ရာရရှိသွားပြီး ကေအဲန်အယ်အေဘက်တွင် ထိခိုက်မှုမရှိကြောင်း သိရသည်။

၇-၈-၂၀၀၀ရက်နေ့ ကေအဲန်အယ်အေအမှတ်(၁၇)တပ်ရင်းမှ တပ်ခွဲ(၃)နှင့် နအဖ-ခမရ (၇၀၆)တပ်ဖွဲ့တို့ ကြာအင်းမြို့နယ်၊ ကွီးခလယ့်ကျေးရွာနယ့်လာ့ပါ၏ လယ်ဘေး၌(၇) မိနစ်ကြာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ နအဖ တပ်ဖွဲ့ဝင်(၃)ဦးသေ၊(၃)ဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။ ❖

—ASIAWEEK—

## စစ်မဟာဗျူဟာလေ့လာရေးဌာန နိုင်ငံခြားသား ပညာရှင် (၃)ဦးငှားရမ်း စီးပွားရေးနှင့်နိုင်ငံရေးမူဝါဒ ပြောင်းလဲရန်အကြံပြုစာတမ်းရေးသားခိုင်း

နအဖ၏ စစ်မဟာဗျူဟာ လေ့လာရေးဌာနက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးမူဝါဒများပြောင်းလဲရန်အကြံပြုစာတမ်း တစောင်အား နိုင်ငံခြားသားပညာရှင်(၃)ဦးကို ငှားရမ်းပြီး ရေးသားခိုင်းခဲ့သည်ဟု နိုဝင်ဘာလထုတ် အေးရှားဝိခ်မဂ္ဂဇင်း တွင် ဖော်ပြထားသည်။

စစ်မဟာဗျူဟာလေ့လာရေးဌာန၏ဌာနကြီးမှူးအဖြစ် နအဖစစ်အုပ်စု အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဆောင်ထားခြင်း ဖြစ်ပြီး ထိုဌာနမှ လူလတ်ပိုင်းစစ်အရာရှိများအနေဖြင့် လက်ရှိနအဖ၏ စီးပွားရေးနှင့် နိုင်ငံရေးမူဝါဒများအပေါ် နှစ်သက်မှုမရှိကြကြောင်း၊ သို့သော်လည်း ထိပ်တန်း နအဖ စစ်ခေါင်းဆောင်များအပေါ် ကျော်လွှန်နိုင်မှုမရှိသေးကြောင်း ထိုအတွက် နိုင်ငံခြားသားပညာရှင်(၃)ဦးကို လျို့ဝှက်ငှားရမ်းပြီး ယခုကဲ့သို့ အကြံပြုစာတမ်း ရေးသားခိုင်းခြင်း ဖြစ်ကြောင်းသိရပြီး ယခုစာတမ်းကို နိုဝင်ဘာလကုန်တွင် အပြီးသတ် တင်သွင်းခိုင်းထားသည်ဟု အေးရှားဝိခ်မဂ္ဂဇင်း က ဆိုသည်။

စစ်မဟာဗျူဟာလေ့လာရေးဌာနမှ ငှားရမ်းထားသော နိုင်ငံခြားသားပညာရှင်(၃)ဦးမှာ ဂျာမနီနိုင်ငံ သံအမတ်ဟောင်း ဘာရိဝက်တန်၊ အောက်စ်ဖို့တက္ကသိုလ်ဆင်း ရှုပဗေဒပါရဂူ ဂျာရင်မိုးနှင့် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နိုင်ငံတကာညှိနှိုင်းရေးအဖွဲ့ အကြီးအကဲ ဂျင်းဗရင်မွင်းန်း တို့ ဖြစ်သည်ဟု သိရသည်။

လက်ရှိ စီးပွားရေးမူဝါဒချို့ယွင်းချက်များအား ဝေဖန်သုံးသပ်ထောက်ပြခဲ့သော မကြာမီက ရာထူးမှဖြုတ်ချခံခဲ့ရသည့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ဒု ဝန်ကြီး ဗိုလ်မှူးချုပ်ဇော်ထွန်း၏ပြောဆိုချက်များလည်း ယခုစာတမ်းထဲတွင်ပါဝင်နိုင်ကြောင်း၊ နိုင်ငံခြားသားပညာရှင်(၃)ဦးသည် အောက်တိုဘာလအတွင်း ရန်ကုန်မြို့၌ (၂)ပတ်ကြာနေထိုင်ခဲ့ပြီး နအဖဝန်ကြီးအဖွဲ့ဝင်များ၊ စစ်အုပ်စု ဝန်ကြီးအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း၊ သို့သော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခြင်းမရှိကြောင်း၊ ၎င်းတို့၏အကြံပြုစာတမ်းထဲတွင် စစ်မဟာဗျူဟာလေ့လာရေးဌာန၏ လိုလားချက်တို့ အများဆုံးပါဝင်လိမ့်မည် ဖြစ်ကြောင်း အေးရှားဝိခ် မဂ္ဂဇင်းက ရေးသားဖော်ပြထားသည်။

❖

**လုံခြုံစိတ်ချ　ပညာရေး　ကျောင်းသားတွေကို　ချက်ချင်းပေး**

# ခေါင်းဆောင်များ၏ ခွင့်ပြုချက်မရရှိဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးပြောင်းရွှေ့ပေးမည်မဟုတ် အဖွဲ့ချုပ်၏ ရည်မှန်းချက်များအား အခက်အခဲများကြားမှ ဆက်လက်အကောင်အထည်ဖော်သွားမည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုဌာနချုပ်ရုံးတွင် အောက်တိုဘာလ(၉)ရက်နေ့က အရေးပေါ်အစည်းအဝေးကျင်းပခဲ့ရာ အဖွဲ့ချုပ် အဖွဲ့ဝင်(၂၀၀)ကျော်တက်ရောက်ခဲ့ကြသည်ဟု သိရသည်။အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ် မဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်က မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ တက်ရောက်လာကြသော အဖွဲ့ဝင်များကလည်း နအဖစစ်အုပ်စုလက်အောက် ကြုံတွေ့နေရသော အခက်အခဲများအား ပွင့်လင်းစွာဆွေးနွေးကြပြီး မည်သို့ပင်ဖိနှိပ်နေသော်လည်း ကြံ့ကြံ့ခံပြီး အဖွဲ့ချုပ်၏ ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်ကြကြောင်းသိရသည်။

ထို့အပြင် အဖွဲ့ချုပ်ရုံး ပြောင်းရွှေ့ရန် နအဖစစ်အုပ်စုက အိမ်ပိုင်ရှင်များကို ဖိအားပေးခဲ့သည့်အတွက် အောက်တိုဘာ(၂၅)ရက် နောက်ဆုံးထားပြီး ပြောင်းရွှေ့ရန်ပြောဆိုလာမှုအပေါ် အိမ်ငှားစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဥက္ကဌဦးအောင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များ နေအိမ်အကျယ်ချုပ်ချထားခံရခြင်းမှ ပြန်လွတ်လာလျှင် ဆွေးနွေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ခေါင်းဆောင်များ၏ ခွင့်ပြုချက်မရရှိဘဲ အဖွဲ့ချုပ်ရုံးမှ ဖယ်ရှားမပေးနိုင်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။ ❖

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အများစု၏ လွှဲအပ်ပိုင်ခွင့်အရ ဖွဲ့စည်းထားသည်ဖြစ်၍ လွှတ်တော်တရပ်၏ လုပ်ဆောင်ချက်များနှင့် တူညီသော အာနိသင်ရှိသည်

ရွှေဖုံးမှအဆက် ●

"ပြည်သူလူထုအကျိုးအတွက် မပျက်မကွက် ဆောင်ရွက်ရမည်ကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ပြည်သူ့လွှတ်တော်မပေါ်ပေါက်မခြင်း မည်သို့ပင် ပြန်ပေးဆွဲသဘောနဲ့ ခြိမ်းခြောက် ခြိမ်းခြောက် မယိုင်မလဲဘဲ မည်သို့မျှ ဖျက်သိမ်းလိမ့်မည်မဟုတ်ကြောင်း သန္နိဋ္ဌာန်ပြုထားပြီးကြောင်းကို အတိအလင်းကြေညာလိုက်ပြီး နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား" ဟု ပြတ်သားသော သဘောထားယုံကြည်ချက်များဖြင့် လူထုဆန္ဒနှင့် တိုင်းပြည်ဘက်က ရပ်တည်နေဆဲပင်ဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစု၏ လွှဲအပ်ပိုင်ခွင့်အရ ဖွဲ့စည်းထားသည်ဖြစ်၍ ဤကော်မတီ၏ ဆောင်ရွက်ချက်များသည် ပြည်သူ့လွှတ်တော်တရပ်၏ လုပ်ဆောင်ချက်များနှင့် တူညီသော အာနိသင်ရှိနေခြင်း ဖြစ်ပေသည်။ ထို့အပြင် ယနေ့ မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ပေါ်ပေါက်လာရခြင်းသည်အာဏာကို လက်ကိုင်ပြု၍ အုပ်ချုပ်နေပြီး ရွေးကောက်ပွဲကို ကြီးမှူး၍ကျင်းပပေးခဲ့သော စစ်အုပ်စု၏ ကတိမတည်၊ကောက်ကျစ်၊ လိမ်လည်လှည့်ဖျား၊ မတရားမှုများကို ထုတ်ဖော်ပြသနေသော သမိုင်းမှတ်တိုင်ဖြစ်သကဲ့သို့ ပြည့်လွှတ်တော်တရပ်ပေါ်ထွန်းလာပြီး စစ်မှန်သောဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာမည်ကို ပြသနေသော သင်္ကေတတခုလည်း ဖြစ်ပေသည်။

မတရားသော နည်းလမ်းများဖြင့် ရပ်တည်နေရသော သူများအဖို့ တရားသောနည်းလမ်းများ ပေါ်ပေါက်လာမည်ကို အစဉ်အမြဲစိုးရိမ်စိတ်ဖြင့် ကြောက်လန့်ပြီးရင်း ကြောက်လန့်နေကြပေရာ လူမျိုးစုံပြည်သူလူထုနှင့် ဒီမိုကရေစီအင်အားစုများ၏ အောင်ပွဲကား မတရားဥပဒေမဲ့ဖိနှိပ်မှုများကြားထဲမှ မလွဲကေန်နီးကပ်လာသည်မှာ သေချာလှပေတော့သည်။ ❖



ပြည်သူလူထုအကျိုးအတွက်
မပျက်မကွက်ဆောင်ရွက်ရမည်ကြောင့်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို
ပြည်သူ့လွှတ်တော်မပေါ်ပေါက်မချင်း မည်သို့ပင်
ပြန်ပေးဆွဲသဘောနဲ့ခြိမ်းခြောက်ခြိမ်းခြောက်
မယိုင်လဲဘဲ မည်သို့မျှ
ဖျက်သိမ်းလိမ့်မည်မဟုတ်ကြောင်း
သန္နိဋ္ဌာန်ပြုထားပြီးကြောင်းကို အတိအလင်း
ကြေညာလိုက်ပြီး နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား---

ဦးအောင်ရွှေ
ဥက္ကဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဥက္ကဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ

နအဖစစ်အစိုးရ ရှိနေသရွေ့ထိုင်းနိုင်ငံထဲက
မြန်မာဒုက္ခသည်ပြဿနာ ဖြေရှင်းလို့ရမှာ မဟုတ်ဘူး။
အင်ဒိုနီးရှားနဲ့ မြန်မာနိုင်ငံဒုက္ခသည်အရေးဟာ
ကုလသမဂ္ဂ ဒုက္ခသည်စောင့်ရှောက်ရေးအဖွဲ့ကြီးအတွက်
အဓိက ခေါင်းခဲရမယ့် ပြဿနာဖြစ်မယ်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး
မစ္စစ် အိုဂါတာ



## မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာလာလား ရာထူးမှနှုတ်ထွက်လိုက်ခြင်း

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာလာလားသည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများပေါ်တွင် စိတ်ပျက်၍လည်းကောင်း၊ ဆက်လက်အလုပ်လုပ်နိုင်ရန် လုံလောက်သည့်အထောက်အထားများ မရရှိခြင်းကြောင့် လည်း ကောင်းနိုဝင်ဘာ(၄)ရက်နေ့တွင် ရာထူးမှ နှုတ်ထွက်သွားကြောင်း ကြေညာခဲ့သည်။

ယခုကဲ့သို့ ရာထူးမှနှုတ်ထွက်ရခြင်းနှင့်ပတ်သက်ပြီး မစ္စတာလာလားက "လူ့အခွင့်အရေးကိစ္စမှာ ကုလသမဂ္ဂရဲ့လုပ်ငန်းတွေအတွက် ကျနော့်ရဲ့ ဆွဲချက်တွေ ဘယ်လောက်ထိရောက်မှုရှိသလဲဆိုတာ ပြန်လည်ဆန်းစစ်ပြီးမှ အခုလို ဆုံးဖြတ်ခဲ့ပါတယ်။ ကျနော်က လူ့အခွင့်အရေးကော်မတီ အဖွဲ့ဝင်တဦးလည်းဖြစ်ပြီး အဲဒီကော်မတီမှာ ပြန်လည် အရွေးခံထားရတာဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေတွေကို ထိထိရောက်ရောက်လေ့လာနိုင်အောင် ဒီ ကော်မတီနဲ့ကင်းကွာနေခဲ့ရတာပါ။ လူ့အခွင့်အရေးကော်မတီကတင်သွင်းတဲ့ ဆုံးဖြတ်ချက်တိုင်းမှာ ကျနော့်အနေနဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ လေ့လာရာမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ လိုအပ်တဲ့ထောက်ပံ့ကူညီမှုတွေပေးဖို့ဆိုတာ ပါဝင်နေပြီး အဲဒီထောက်ပံ့မှုတွေကို နောက်ပိုင်းမှာ မရတော့ပါဘူး။မြန်မာနိုင်ငံ အခြေအနေတွေ အမြဲတမ်းစောင့်ကြည့်ပြီး ကျနော့်ဆီကို တလတခါလောက် အချက်အလက်တွေပို့ပေးတာမဟုတ်ဘူး။ နယ်စပ်

စာမျက်နှာ(၄)ကော်လံ(၁)သို့

## ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် အသက်(၉၀)ပြည့်ပြီး မွေးနေ့တွင် ပြောကြားသော မိန့်ခွန်းမှကောက်နှုတ်ချက်

ကနေ့ ကျနော့်အသက် ကိုးဆယ်ရှိပြီ။ ကျန်တဲ့ ရဲဘော်တွေလည်း ခုနှစ်ဆယ်ကျော် ရှစ်ဆယ်ကျော်တွေ ရှိကုန်ပြီ။ ဒီတော့ လူဖြစ်ကျိုးနပ်အောင် လူဖြစ်မရှုံးအောင်ကျင့်ရမယ်။ ဘဝကူးကောင်းအောင်ကြိုးစားရမယ့် အခါရောက်ပြီ ။ ကျနော်တို့က တပ်မတော်ကို ထူထောင်ခဲ့တဲ့လူတွေ၊ တပ်မတော်ကိုထူထောင်ခဲ့တဲ့ အချိန်တုန်းက တိုင်းပြည်နဲ့လူမျိုးအတွက် သစ္စာဆိုခဲ့ကြတယ်။အဲဒီ သစ္စာအဓိဋ္ဌာန်အရလိုက်နာကျင့်ကြံရပါမယ်။ အဓိဋ္ဌာန်ထားတဲ့အတိုင်း တိုင်းပြည်အတွက်စွန့်ရမယ်။ ထင်ရာမြင်ရာလျှောက်လုပ်ရင် သစ္စာစူးမယ်။လောကဝေါဟာရစကားနဲ့ ပြောရရင် ကျမ်းစူးမယ်။



အသက်(၉၀)ပြည့်
ရဲဘော်သုံးကျိပ်ဝင်
ဗိုလ်မှူးအောင်

ကနေ့ တပ်မတော်သားတယောက်အနေနဲ့ သစ္စာဆိုတယ်ဆိုတာ ကျမ်းကျိန်တာပဲ။ဒီ ကျမ်းကျိန်တဲ့အတိုင်းကျင့်ရင် တပ်မတော်ဟာ တည်မြဲမယ်။ မကျင့်ရင် ဒီတပ်မတော်ဟာပျက်မှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ သစ္စာဆိုထားလို့ပဲ။ ဒီ သစ္စာကို ဆိုထားတဲ့သူတွေဖြစ်လို့ ကျနော်တို့က ဒီအသက်၊ဒီအရွယ်အထိ တိုင်းပြည်နဲ့ လူမျိုးအတွက် ဘာပဲဖြစ်ဖြစ်ကိုယ်လုပ်နိုင်တဲ့ဘက်က စိုက်လိုက်မတ်တတ် လုပ်နေကြတာပဲ။

ဒီကနေ့မှာ တိုင်းပြည်တော့ လွတ်လပ်တယ်။ညီညွတ်ရေးရှိ သလားဆိုတော့မရှိဘူး။ ညီညွတ်ရေးပျက်ပြားခဲ့လို့ ရှစ်ဆယ့်ရှစ်တို့၊ ဘာတို့ ဖြစ်လာတယ်။အဲဒီအပေါ်မှာ တပ်မတော်က အာဏာ သိမ်းပြီးတော့ ရွေးကောက်ပွဲတို့၊ဘာတို့ပြန်လုပ်ပေးတယ်။ ဗိုလ်ချုပ်စောမောင်ရှိတုန်းက ရွေးကောက်ပွဲပြီးတာနဲ့ တိုင်းပြည်အာဏာတိုင်းပြည်ကိုပြန်အပ်ပြီး ကျနော်တို့ကတပ်မတော်ဘားတိုက်ကို ပြန်မယ်လို့ပြောတာပဲ။ ကနေ့အထိ ဘားတိုက်မပြန်ဘူး။ ဘာဖြစ်လို့လဲ။ဘားတိုက်ပျက်သွားလို့လား။ ဘားတိုက်က မပျက်ပါဘူး။ ရှိပါတယ်။ ကိုယ်က မသွားတာပဲ ဖြစ်ချင်ဖြစ်မယ်။ အခုဆိုရင် တိုင်းပြည်မှာအဖက်ဖက်က တော်တော်ဒုက္ခရောက်တယ်။ ဒေါ်စုကြည်ကိစ္စနဲ့ပတ်သက်ပြီး တကမ္ဘာလုံးက ရှုတ်ချကြတယ်။ ဒီလို ရှုတ်ချခံရတာ ဘယ်သူကြောင့်လဲ။တိုင်းပြည်နဲ့ လူမျိုးသစ္စာကိုစောင့်ထိန်းထားတဲ့ တပ်မတော်ကြောင့်ရှုတ်ချခံရတာ။သူက အာဏာယူထားတဲ့အဖွဲ့ဖြစ်လို့ သူ့ကိုရှုတ်ချတာဘဲ။ဒီတော့ တိုင်းပြည်အနေနဲ့လည်း အင်မတန်နာတယ်။ တပ်မတော်အနေနဲ့လည်းအင်မတန်နာတယ်။ဒါတွေကို ဒီ ဗိုလ်ချုပ်သန်းရွှေနဲ့ စတဲ့ သူတို့ပြောတဲ့ အကြီးအကဲဆိုတာတွေက စဉ်းစားဖို့ကောင်းတယ်။

ကနေ့ဖြစ်နေတဲ့ ပြဿနာကို ပြေလည်အောင်ပါလီမန်ခေါ်ပါ။ ပါလီမန်ခေါ်ပြီး၊ ယာယီအစိုးရဖွဲ့ပြီး ခင်ဗျားတို့ရေးနေတဲ့ အခြေခံစည်းမျဉ်းဥပဒေရော၊ ဒေါ်စုကြည်တို့က သူတို့ရေးထားတဲ့ဟာတွေ သို့မဟုတ် သတ်သတ်ဆွေးနွေးပြီးတော့ အခြေခံစည်းမျဉ်း ဥပဒေရေးဆွဲပြီး တကယ့်ရွေးကောက်ပွဲနဲ့တက်တဲ့ အစိုးရဖွဲ့ဖို့လိုတယ်။

ကျနော်တို့ တပ်မတော် ထောင်လာတဲ့လူတွေအဖို့ ပြည်သူက တပ်မတော်ကို မုန်းသွားမှာ သိပ်စိုးရိမ်တယ်။ ကနေ့ လုပ်ရပ်တွေအများကြီးဟာ ပြည်သူနဲ့ ဆန့်ကျင်နေတာများတယ်။ ပြည်သူတွေနဲ့ ဆန့်ကျင်နေတဲ့အလုပ်တွေမလုပ်ဖို့ပြောချင်တယ်။ ပြည်သူလူထုကတော့ ငတ်တဲ့လူကငတ်၊ ပြတ်တဲ့လူကပြတ်နဲ့ပဲ။ တပ်မတော်နဲ့ ပြည်သူ စည်းလုံးမှုရှိတာပဲလိုချင်တယ်။ စည်းလုံးမှုရှိမှလည်း တိုင်းပြည်လုံခြုံမှုက အပြည့်အဝရှိတယ်။ အဲဒီတော့ ကိုယ့်အချင်းချင်း ပြန်ပြီးညီညွတ်ဖို့ ပြန်စည်းလုံးဖို့ပြည်သူနဲ့ချပြီး စေ့စပ်ဖို့ကောင်းတယ်။ ❖

**လူထုဆန္ဒ　လူထုအသံ ၊ ရွေးကောက်ပွဲသစ်　လက်မခံ**



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၁၆)

## အမျိုးသားနေ့ပြဋ္ဌာန်းသတ်မှတ်ခြင်း

၂၀ရာစု နှစ်ဆန်းပိုင်း ခေတ်သစ်လွန် လွတ်လပ်ရေးတိုက်ပွဲကာလ အစမှာ ယခင်က ပဋိယတ်၊ပဋိပတ်ကိစ္စတို့လောက်နဲ့သာ အေးအေးလူလူ နေထိုင်တော်မူခဲ့ကြတဲ့ သံဃာတော်များဟာ ဆရာတော် ဦးဥတ္တမရဲ့ ဗမာလူမျိုးကျွန်ဖြစ်နေသမျှ ဗမာလူမျိုးတို့ ကိုးကွယ်သည့် ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည်လည်း ကျွန်သာသနာအဖြစ်ဖြင့် ဂုဏ်ရှိန် မှေးမှိန်နေလိမ့်မည်။ သာသနာတော်ကြီး ကျွန်သာသနာအဖြစ်မှ ကင်းလွတ်ရန် သံဃာတော်များအနေဖြင့် မိမိတို့ကျောင်းတွင် အေးအေးမနေကြဘဲ အမျိုးဘာသာ သာသနာပညာဟူသော ရည်မှန်းချက်များနှင့် ကြိုးပမ်းနေကြသော ဂျီစီဘီ

**အောင်စောဦး**

အေ ဝံသာနုအသင်းကြီး (General Council of Burmese Association) ကို အားပေးလာကြတော့တယ်။

သံဃာတော်များဟာ အစမှာ တပါးချင်း ထောက်ခံအားပေးခဲ့ကြရာက ၁၉၂၁ခုနှစ် ဇူလိုင်လ(၄)ရက် (၁၂၈၃ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်)နေ့မှာ ရန်ကုန်မြို့ အလယ်တောရ၊ ဝေဠုဝန်၊ သာခု၊ ဗားကရာစတဲ့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဟာ "သံဃာသာမဂ္ဂီ" အဖွဲ့အစည်းနဲ့ ဝံသာနု သံဃာအဖွဲ့အစည်းတရပ်ကို ဦးဆောင်ဖွဲ့စည်းပြီး ဂျီစီဘီအေအသင်းကြီးကို အားပေးတော်မူလာကြတယ်။

ဒ့ါအပြင် သံဃာတော်များနဲ့တကွ ဝိုင်ဒဗလျူဘီအေ (Y.W.B.A) ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၊ ဝံသာနုကုမ္မာရီအသင်းစတဲ့ အမျိုးသမီးအသင်းတွေပါ အားပေးထောက်ခံဆက်သွယ်လာကြတဲ့အတွက် အဌမကွန်ဖရင့်ကြီးပြီးလို့ တနှစ်ခန့်အတွင်းမှာ ဂျီစီဘီအေဟာ အသင်းသားပေါင်း ၈၀၀၀ (ရှစ်ထောင်)ကျော်အထိ အင်အားတိုးတက်လာခဲ့တယ်။ အမျိုးသားစိတ်ဓါတ်ပြင်းထန်လာတဲ့အလျောက် ဝံသာနုများ၊ သံဃာတော်များ၊ ကုမ္မာရီအသင်းများဟာ နိုင်ငံခြားဖြစ်ပစ္စည်းတွေကို သပိတ်မှောက်ရှောင်ကျဉ်ပြီး တိုင်းရင်းဖြစ်ပစ္စည်းတွေကို သုံးစွဲလာကြတယ်။ ဂျီစီဘီအေကို ထောက်ခံလာသူတိုင်းကို ဝံသာနုဆရာတော်၊ ဝံသာနုဘုန်းကြီး၊ ဝံသာနုခေါင်းဆောင်၊ ဝံသာနုအသင်း၊ အမျိုးသမီးတွေကို ကုမ္မာရီခေါင်းဆောင် ကုမ္မာရီအသင်းသူလို့ခေါ်ဆိုကြတယ်။

၁၉၂၁အောက်တိုဘာလ (၂၁) မှ(၂၄)ရက် (၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ မှ ၈)ရက်နေ့အထိဂျီစီဘီအေ နဝမမြောက်ကွန်ဖရင့်ကို မန္တလေးမှာကျင်းပခဲ့ပြီး(၁)ကိုယ်ပိုင်အုပ်ချုပ်ရေး အမြန်ပေးရမယ်ဆိုတဲ့ ဂျီစီဘီအေ ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ကို အတည်ပြုဖို့၊ (၂) ဗိုက်ကော်မတီကို သပိတ်မှောက်ဖို့၊ (၃) ဝေလမင်းသားလာတဲ့ခါ မကြိုဆိုဖို့၊ (၄) လူခွန်နဲ့ သဿမေဓ အခွန်တွေကောက်တာကို ပယ်ဖျက်ဖို့၊ (၅) သင့်တော်တဲ့ရက်တရက်ကို အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ရေးအတွက် ဂျီစီဘီအေသို့ တာဝန်လွှဲဖို့ စတဲ့ အဆိုတွေကို တင်သွင်းဆုံးဖြတ်ခဲ့ကြတယ်။

အဲဒီလို ဂျီစီဘီအေကို တာဝန်ပေးချက်အရ ၁၉၂၂ ဇူလိုင်လ(၁၇) ရက်(၁၂၈၄ ခုနှစ် နယုန်လပြည့်ကျော် ၈ရက်)နေ့မှာ ကျင်းပတဲ့ ဂျီစီဘီအေ အထူးအစည်းအဝေးကြီးက တက္ကသိုလ်ကျောင်းသားများသပိတ်မှောက်တဲ့နေ့ "တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်"နေ့ကို အမျိုးသားနေ့လို့ သတ်မှတ်လိုက်ကြတယ်။ဒါတင်မက ကျောင်းသားသပိတ်ကြောင့် ပေါ်ပေါက်လာတဲ့ အမျိုးသားပညာရေးနဲ့ အမျိုးသားကျောင်းတွေကိုပါ ထောက်ခံအားပေးလာတဲ့အတွက် အနယ်နယ်အရပ်ရပ်မှာအမျိုးသားကျောင်းတွေ တိုးတက်များပြားလာပြီး အမျိုးသားပညာရေးကောင်စီဟာလည်း အင်္ဂလိပ်အစိုးရလေးစားလာရတဲ့အထိ ကျယ်ပြန့်ခိုင်မာလာခဲ့တယ်။

အမျိုးသားနေ့ သတ်မှတ်လိုက်ပြီးတဲ့နောက် ဝံသာနုများ၊ အမျိုးသားကျောင်းဆရာများ၊ ကျောင်းသူကျောင်းသားများနဲ့တကွ ပြည်သူအပေါင်းတို့ဟာ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့မှာ "အမျိုးသားအောင်ပွဲနေ့"လို့ ပြောဆိုရေးသားပြီး ဟောပြောပွဲတွေ၊ စီတန်းလှည့်လည်ပွဲတွေ ပြုလုပ်ခဲ့ကြတယ်။ အဲဒီလို နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ ကျင်းပခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားစိတ်ဓါတ် တက်ကြွရေး တို့ကို လှုံ့ဆော်မြှင့်တင်ပေးနိုင်ခဲ့တယ်။



တကယ်တော့ အမျိုးသားအောင်ပွဲဆိုတာ ကျောင်းသားအောင်ပွဲပါပဲ။ လူ့သမိုင်းရာဇဝင် ခရီးစဉ်နဲ့အညီ တူနှိုင်းစရာမမြင်အောင် ကဗ္ဗည်းတင်ခဲ့တာဖြစ်ပါတယ်။

၁၈၈၅ခုနှစ်ဆီ ပြန်တွေးလိုက်ရင် အမှောင်ခေတ်မှာနစ်တဲ့ ကားပန်းချီအတိုင်းပါ။ ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသုညနဲ့ကြုံရချက်နာခဲ့ရတယ်။ အောင်ပင်လယ်မှာရေညိုခြောက်၊ ဆောင်ပလ္လင်မှာကွယ်ပြီး ရွှေဗဟိုရ် ပျောက်ခဲ့ရတယ်။ဗမာ့ဦးစွန်း အနောက်ကိုယွန်းပြီး နယ်ချဲ့ဖဝါးအောက် ပြားပြားမှောက်ရောက်ခဲ့တယ်။ မြှားမှန်ထားတဲ့ ဥဒေါင်းငှက်ပမာ ထုထောင်းချက်နာပြီး ဗမာပြည်ဟာ အမျိုးသားရေးမှာ မှေးမှိန်သေးသိမ်ခဲ့တယ်။

တပါးကျွန်လက်အတွင်း သက်ဆင်းခဲ့ရပြီး အနှစ်မဲ့ဗမာပြည် ဖြစ်ခဲ့ရတယ်။ပညာရေးဟာလည်း ကျွန်ပညာရေးပဲဖြစ်ခဲ့တယ်။ ကျွန်စိတ် ကျွန်သွေးမွေးမှ အုပ်ချုပ်ရေးမှာ ခိုင်မာတာရှည်တာဖြစ်လို့ တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။

ခေတ်သမိုင်းအစဉ်ကို ဆစ်ပိုင်းရင် လူငယ်ဆိုတာ တက်ကြွတယ်၊ရဲရင့်တယ်၊တရားမမျှတမှုကို ရှုံ့ရှာမုန်းတီးပြီး တရားမျှတမှုကို လိုလားတယ်။ စွန့်လွှတ်စွန့်စားလိုတယ်။ဖိနှိပ်မှု အမျိုးမျိုးကို ဆန့်ကျင်လိုတယ်။ အမှန်တရားကို ရင်ဆိုင်ရဲတဲ့ လူငယ်တစုက ၁၂၈၂ ခုနှစ်၊တန်ဆောင်မုန်းလဆုတ် (၁၀)ရက် နေ့မှာစုပေါင်းဆန္ဒပြခဲ့ကြလို့ တက္ကသိုလ်သပိတ်ကြီး ပေါ်ပေါက် လာခဲ့တယ်။





**၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ရာတွင် ရန်ကုန်မြို့တွင်း၌ စီတန်းလှည့်လည်လာကြစဉ်**

အခွင့်အရေးဆိုတာ တိုက်ယူသင့်ရင် တိုက်ယူရမယ်။ ဖိလွှမ်းရင်ကြွ၊ ထိရင်ချမယ့် ဗမာ့စိတ်ဓါတ်ထုံးစံနဲ့အညီ အမျိုးသားရေးစိတ်ဓါတ်တွေ နိုးကြားတက်ကြွလာစေခဲ့တယ်။ဒီနှစ်အခါဆိုရင် နောင်တော်ကျောင်းသားကြီးတွေ စတင်တိုက်ပွဲဝင်ခဲ့တာ အနှစ် (၈၀)ပြည့်ခဲ့ပြီ။ ဗမာနိုင်ငံရဲ့ ကျောင်းသားလှုပ်ရှားမှုသမိုင်း အနှစ်(၈၀)ကာလကို သမိုင်းရေးရာအရ သုံးသပ်ရရင် ကိုလိုနီခေတ်ကျောင်းသားလှုပ်ရှားမှုများရဲ့ အဆက်ဖြစ်ပြီး မပြီးဆုံးသေးတဲ့ တာဝန်ကို ဆက်လက်တိုက်ပွဲဆင်တဲ့ သမိုင်းဖြစ်တယ်။

ဒီနေ့ ဒီအချိန်လက်ရှိ စစ်အာဏာရှင်တွေက အမျိုးသားရေး၊ အမျိုးသားရေးလို့ အကြွေးကြော်ဆုံးအခါမှာ အမျိုးသားရေးတွေ အနိမ့်ကျဆုံးဖြစ်နေတာကို ဝမ်းနည်းစွာတွေ့ရတယ်။ဒါကြောင့်မို့ ဒီကနေ့ မျိုးဆက်သစ်လူငယ်ကျောင်းသားတွေရဲ့ သမိုင်းပေးတာဝန်ကတော့ ကျော်လွန်ခဲ့တဲ့ နှစ်(၈၀)ကာလက ပင်ပန်းတက်ကြွစွာ လူငယ်ပီပီ ကိုယ်ကျိုးစွန့် မြေရိုင်းထွန်ယက်ခဲ့ခြင်းတွေကို ကြည့်မောရင်ခုန်ရင်း –

မျိုးဆက်ဟောင်းများရဲ့တလျှောက်လုံး ပြည်သူလူထုအကျိုးဆောင်ခဲ့တဲ့ ကောင်းမြတ်ထွန်းပြောင်တဲ့ သမိုင်းအစဉ်အလာကို စွဲစွဲမြဲမြဲ ထိန်းသိမ်းသွားရမှာဖြစ်တယ်။

ဒီအစဉ်အလာကိုချေဖျက်ဖို့ လမ်းကြောင်းပြောင်းဖို့ ကြံစည်နေတဲ့ စစ်အုပ်စုရဲ့ ကြံရွယ်ချက်မှန်သမျှကို ပြတ်ပြတ်သားသား ဆန့်ကျင်သွားဖို့ပဲ ဖြစ်ပါတယ်။

**ရန်မလိုလျှင် ရန်ပိုသည်။**
**ရန်လိုမှ ရန်ပြိုသည်။**
**လာမဲ့ဘေးပြေးတွေ့။**
**သေမြေကြီး ရှင်ရွှေထီး၊**
**ကြောက်မွေးပါ ဇာဂနာနဲ့နှုတ်။**
**ကြောက်လာဘ်လွဲ ရဲမင်းဖြစ်။**
**လူမိုက် အလိုရှိသည်။**



**၁၉၂၀ သပိတ်မှောက်ကျောင်းသားများ တည်းခိုနေကြသော ဗဟန်းကြားတောရလမ်း ဦးအရိယ ကျောင်းတိုက်အတွင်းရှိ ဇရပ်များ**



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ်　　အမှတ် (၁၆)

## ခွပ်ဒေါင်း...ကဒေါင်း...တေးဆိုတဲ့... ဒေါင်း.......

**ခိုင်ဖူးချစ်**

ဟိုတုန်းက ယူနီယံလို့ခေါ်ကြတဲ့ တကသအဆောက်အဦးဟာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(ဗကသ)၊(တကသ) ကျောင်းသားအဖွဲ့အစည်းများ အခြေချတည်ရှိရာဖြစ်ပါတယ်။ လူငယ်ကျောင်းသားများဟာ ခေတ်အဆက်ဆက်မှာ နိုးကြားတက်ကြွမှုရှိကြတယ်။ အမှန်တရားကို မြတ်နိုးပြီး လွတ်လပ်မှုကိုလိုလား နှစ်သက်ကြတဲ့အတိုင်း၊ သမိုင်းပေးတာဝန်ကို မပျက်မကွက် ထမ်းရွက်ခဲ့ကြတယ်။ ၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်ကြီးဟာဗြိတိသျှကိုလိုနီစနစ်ကိုဆန့်ကျင်အန်တုလိုက်တာဖြစ်တယ်။ အဲဒီတုန်းက ကျောင်းသားသမဂ္ဂရယ်လို့ အဖွဲ့အစည်းမဆိုသေးပေမယ့် ကျောင်းသားများ ညီညွတ်စုစည်းမှုအင်အားနဲ့ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြနိုင်ခဲ့ကြတယ်။၁၉၃၀ ခုနှစ်၊ စက်တင်ဘာလ (၂၀)ရက်နေ့ရောက်တဲ့အခါမှာတော့ တက္ကသိုလ်အားကစားရုံကြီးမှာ ကျောင်းသားများအတွက် သမဂ္ဂတခု ဖွဲ့စည်းတည်ထောင်ဖို့ သဘာတူညီဆုံးဖြတ်ခဲ့ကြတယ်။ ၁၉၃၅၊၁၉၃၆နှစ်များမှာ မြန်မာပြည်အနှံ့အပြား ကျောင်းသားသမဂ္ဂများ ပေါက်ဖွားပေါ်ထွန်းလာတယ်။

ဗကသ၊တကသတို့ပူးတွဲပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီကျွန်ပညာရေးစနစ်ဖျက်သိမ်းရေး၊ အမျိုးသားပညာရေးပေါ်ထွန်းရေးနဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု လုပ်ငန်းများကို တကသအဆောက်အဦးမှာ အခြေချပြီး ကြိုးပမ်းလုပ်ဆောင်ခဲ့ကြတာပါ။ ဒါကြောင့် တက္ကသိုလ်သမဂ္ဂ အဆောက်အဦးဟာ နယ်ချဲ့ဆန့်ကျင်ရေးတပ်ပေါင်းစုရဲ့ ဘူမိနက်သန် မဟာအောင်မြေ ဖြစ်ပါတယ်။

ရွှေးဖြစ်ဟောင်း အောက်မေ့ဘွယ်တွေ အခုမြင်ယောင်ပါတယ်။






ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအမှုဆောင် ရွေးကောက်ပွဲများ ကျင်းပပြီးလို့ တကသဥက္ကဋ္ဌ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပတဲ့အခါ တကသအမှုဆောင်အဖွဲ့ရဲ့ မူဝါဒကို ကျေညာလေ့ရှိတယ်။

၁။အဆင့်အတန်းမြင့်သော ပညာ ရေးနှင့် ကျောင်းသားဘဝ သာယာ ဖြောင့်ဖြူးရေး။

၂။ကျောင်းသားထု ညီညွတ်ရေးနှင့်တရားမျှတသော ကျောင်းသားပြဿနာတိုင်းတွင် ဆောင်ရွက်လိုသော ကျောင်းသားအင်အားစုများ ကျောင်းသားအဖွဲ့အစည်းများတို့နှင့် ပူးပေါင်းဆောင်ရွက်ရေး။

၃။ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး၊ယဉ်ကျေးမှုမြှင့်တင်ရေးနှင့် ကျောင်းသားအချင်းချင်း ရင်းနှီးစွာပေါင်းသင်းဆက်ဆံရေး။

တကသဟာ ဒီမူဝါဒတွေကို ကိုင်စွဲအကောင်အထည်ဖော်ခဲ့တယ်။ကျောင်းသားပွဲတော်များ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံဆွေးနွေးပွဲများ၊ အားကစားပွဲတော်များ၊ဟောပြောပွဲများ၊စာပေပြိုင်ပွဲများ၊ဂီတအနုပညာ အဆိုအက ပြိုင်ပွဲများ၊ ပညာရေးနှီးနှောဖလှယ်ပွဲများ၊ ကျောင်းသားသမဂ္ဂညီလာခံ တစ်နှစ်ပတ်လည်လုံး အဆက်မပြတ် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ကြတယ်။ လှုပ်ရှားမှုအစုံစုံကို ရင်ခုန်ပြီး တေးသီချင်း သီဖွဲ့ဖော်ကျူးခဲ့တယ်။ မှတ်မိသမျှ တေးသီချင်းအချို့ကို အခုဖော်ပြလိုက်ပါတယ်။ နှစ်ကာလကြာညောင်းလို့ လိုအပ်ချက်လွဲချော်ချက်များရှိခဲ့ပါရင် ဖြည့်စွက်ပြင်ဆင်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ ဒါမှသာ ပိုမိုပြည့်စုံမှန်ကန်တဲ့ တကသသမိုင်းကို ရမှာဖြစ်ပါတယ်။



အဲဒီတုန်းက အခမ်းအနားတိုင်းမှာ မြေနီကုန်း အမေဒေါ်လှတင်ရဲ့ အသံချိုစက်ကို ငှားရမ်းဖွင့်နေကျ။ အမေက ကျောင်းသူကျောင်းသားတွေကို သားရင်း သမီးရင်းလို ခင်နေတယ်။ အမေ ဒေါ်လှတင် အသက်ရှင်လျက်မှရှိပေသေးရဲ့လား။၁၉၆၂ခုနှစ် ဂျူလိုင်လ(၇)ရက်အရေးတော်ပုံမှာ ကျောင်းသူကျောင်းသားတွေ သွေးမြေကျခဲ့ရတာအမေမြင်တွေ့ရပြီး ရင်ထုမနာဖြစ်ခဲ့ရတယ်။ မှိုင်းရာပြည့်၊ ဦးသန့်၊ ၁၉၈၈မှ အခုထိ အရေးတော်ပုံကာလများအတွင်း ကျောင်းသားတို့သွေး မြေကျခဲ့ရလို့ သေဆုံးပုံကို အမေမြင်တွေ့နိုင်သေးရဲ့လားလို့ သံယောဇဉ်နဲ့ တမ်းတမိသေးတယ်။

တကယ်တော့ ကျောင်းသူကျောင်းသားဆိုတာ မိဘပြည်သူများရဲ့ ရင်နှစ်သည်းချာတွေဖြစ်သလို ပြည်ထုလူထုကြီးရဲ့ ကံကြမ္မာနဲ့ ထပ်တူခံစားမှုအတူတူ.... လူထုကြီး ပြည်တွင်းစစ်နဲ့ကြုံရတယ်။ ပြည်တွင်းစစ်ရပ်စဲပါ။ ငြိမ်းချမ်းရေးပေးပါ။ တကသသီချင်းတွေ၊ပြဇာတ်တွေမှာ ထင်ဟပ်ပြီ။ တရုတ်ဖြူကျူးကျော်မှုနဲ့ နိုင်ငံကြုံတုန်းကလည်း တရုတ်ဖြူဆန့်ကျင်ရေး ကြွေးကြော်သံတွေ၊ သီချင်းတွေ၊ လှုပ်ရှားမှုတွေ၊ အမျိုးသားယဉ်ကျေးမှုတံခွန် အမြင့်ဆုံး လွှင့်ထူဖို့ ကြိုးစားတာလည်း တကသ ပါပဲ။ ကျောင်းသားတို့ရဲ့ ပညာရေး၊တိုင်းပြည်ရဲ့ အနာဂါတ်ရေး၊ အရေးရေးတွေ တကသသီချင်းတွေမှာ ထင်ဟပ်နေရဲ့။

### အောက်တိုဘာ အရေးတော်ပုံ

ရဲဘော်အပေါင်းတို့ရေ....ခွပ်ဒေါင်း ရဲဘော်အပေါင်းတို့ရေ....အို.... ခွပ်ဒေါင်းရဲဘော်အပေါင်းတို့ရေ .... ရှေးအတိတ်ကို တွေးသော်ရင်လေးပေ၊ အောက်တိုဘာအရေး တွေးတွေးလေ၊ အာဏာပိုင်အချို့က ဒို့ဘဝကိုချေ၊ ထုံးလိုချေရေလိုနှောက် ဟင်.... ကမောက်ကမပညာရေးတွေ ထေးဖာလို့နေ၊ ပုံစံအမျိုးမျိုးနဲ့ အံထိုးလို့ထေ၊ဟင်.... ဒါလဲ မကျေနပ်ပြန်သေးပေ အောက်တိုဘာ အခွင့်အရေး ပိတ်ပင်သေးပေ....

အောက်တိုဘာ အောက်တိုဘာ အရေးတော်ပုံကြီးလေ၊ တပ်ဦးဟေ့ တပ်ဦးဟေ့....ရှေ့ဆောင်ခဲ့ပေ၊ ကျောင်းသားရဲ့အခွင့်အရေး မထိပါးပါနဲ့လေ၊ တပ်ဦးကင့်မခံ တုန့်ပြန်ရန် ဝန်မလေးပေ....ကျောင်းသားအခွင့်အရေး ကာကွယ်ရေးတွေ ဒို့တတွေ တိုက်လို့ယူရမလေ....ညီစေဟေ.... ညီမယ်လေ ဆရာမိဘကျောင်းတွေဟာ ငြိမ်းချမ်းစွာယှဉ်တွဲလို့ ပူးပေါင်းလုပ်ဆောင်ပါရမလေ....အထေးအဖာ အကာနှင့် ပြီးသော ပညာရေးတွေ စွန့်ပယ်ရမလေ ညီစေဟေ.... ညီမယ်ဟေ.... (အောက်တိုဘာ....အောက်တိုဘာ....)

၁၉၅၃ ခုနှစ် တက္ကသိုလ်နယ်မြေမှာ အမည်းကွက်စွန်းထင်းခဲ့တယ်။ ကျောင်းသားဦးရေနဲ့ ကျောင်းအဆောက်အဦးမမျှတလို့ပြီးတော့ ကျောင်းသားများသမဂ္ဂရွေးကောက်ပွဲ မဲခိုးမှုနဲ့ ပတ်သက်လို့ ကျောင်းသားများ မကျေမနပ်ဖြစ်ကာ မဲပုံးဖောက်ခွဲဖျက်ဆီးခြင်းများဖြစ်ခဲ့တယ်။ ကျောင်းအာဏာပိုင်တို့က ပိတ်နေကျဖြစ်တဲ့ အောက်တိုဘာ ကျောင်းတလပိတ်ရေးကို ကန့်သတ်ချုပ်ချယ်မှုပြုခဲ့တယ်။ ဝန်ကြီး ဦးကျော်ငြိမ်း က ယုဒသန်ခန်းမမိန့်ခွန်းမှာ ကျောင်းတလပိတ်ရင် ဂျပန်စက္ကူဘီအေများဖြစ်လာပြီး သုံးမရဖြစ်မယ်လို့ နှုတ်ဗွေထိုးခဲ့တယ်။ ကျောင်းတစ်လအစား (၁၅)ရက်သာပိတ်မယ်လို့ ကန့်သတ်တယ်။ ကျောင်းသားများက သပိတ်မှောက်ဆန္ဒပြကြတယ်။ ၁၉၅၃ ခုနှစ် အောက်တိုဘာ (၃)ရက်နေ့မှာ အင်းဝဆောင်တံခါးကိုပိတ်ပြီး ဆန္ဒပြနေကြတဲ့ ကျောင်းသားတွေကို သေနတ်နဲ့ပစ်၊ မျက်ရည်ယိုဗုံးနဲ့ပစ်၊ လူစုခွဲခဲ့တယ်။ ကျောင်းသား (၂၉)ယောက် အဖမ်းခံခဲ့ရတယ်။ အင်းယား(၆)မိုင်မှာရှိတဲ့ ယူအမ်ပီဌာနချုပ်ထဲမှာ တစ်ညလုံးရိုက်နှက် နှိပ်စက်ပွဲကြီး ကျင်းပခဲ့ကြတယ်။ တက္ကသိုလ်ကျောင်းသားကို ရိုက်ဖူးတယ်ရှိအောင် ရိုက်ကြလို့ ပြောပြောပြီး အဝတ်များအုပ်၊ ခေါင်းစွပ်လို့ ဝိုင်းဝန်းရိုက်နှက်ထိုးကျိတ် ကန်ကျောက်ခဲ့ကြတယ်။ ကျောင်းသားခေါင်းဆောင် ကိုဗဆွေလေး၊ ကိုကျော်ဇောတို့ပါ အရိုက်နှက်ခံရတဲ့အထဲ ပါဝင်တယ်။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေး ကလည်း အစွမ်းကုန်အာဏာပြတယ်။ တက္ကသိုလ်မြေတခုလုံးကို ပုလိပ်တပ်နဲ့ ဝိုင်းရံထားတယ်။ ကျောင်းသား (၄၀)ကိုရာသက်ပန် ကျောင်းထုတ်ပစ်ပြီး (၁၀)ယောက်ကို တနှစ် ကျောင်းထုတ်ခဲ့တယ်။ ကျောင်းသား အများအပြားလည်း သတိပေးခြင်းခံရတယ်။ ဒီ အရေးတော်ပုံအတွင်းကနေ(အောက်တိုဘာအရေးတော်ပုံ)သီချင်း မွေးဖွားသန့်စင်လာတာဖြစ်ပါတယ်။ အာဏာပိုင်တို့ရဲ့ရာသက်ပန်ဆိုတာ သူတို့ အုပ်စိုးမင်းမူချိန်ကာလတစ်ခုသာဖြစ်တယ်။ ရာသက်ပန်ကျောင်းထုတ်ခံရတဲ့ ကျောင်းသားတစ်ဦးဟာ နောင်တော့ မော်ကွန်း

ရင်တွင်းဒဏ်ကား
လှိုက်ဖိုရှိုက်မက် တသက်တသက်တည့်
ပေါ်လျှက်လာသည် မျက်ရည်ပျံ့ဆွတ်
လွတ်လပ်ရေးတွက် တိုက်ပွဲရက်တွင်
အသက်ဆုံးရ သခင်ဗဟိန်း
စိမ်းစိမ်းမြေ့မြေ့ အောက်မေ့စိတ်မှန်း
တမ်းတညွတ်ညွတ် လွမ်းဆွတ်ဆွတ်မိ။

ဒဂုန်တာရာ



ကိုဗဟိန်း
( ဥက္ကဋ္ဌ )
ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂ
နှင့်
တက္ကသိုလ်ကျောင်းသားများ
သမဂ္ဂ

(၁၉၃၈)



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

မိုးကြိုး သတင်းစဉ် အမှတ် (၁၆)



ပါမောက္ခဦးမျိုးမင်း၊ ပညာရေးသုတေသနအရာရှိ ဦးဘမြင့်နဲ့ပြည်နယ်တစ်ခုစီက ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေတယ်။

ဒီကော်မတီဟာ (၈)နိုင်ငံက ပညာရေးပါရဂူ (၁၃)ဦးကို အိမ်ခေါ်ပြီး အကြံဉာဏ်များ ရယူခဲ့တယ်။ ဝန်ကြီး ဦးထွန်းတင်၊ ဒေါက်တာဦးဗမောင်၊ ဦးခန်ကြီးတို့ ဦးဆောင်တဲ့အဖွဲ့ (၃)ဖွဲ့ နိုင်ငံတော်ကို စေလွှတ်လေ့လာစေတယ်။ ပညာရေးအတွင်းဝန် ဦးကျော်တို့အဖွဲ့ဟာ ဆိုဗီယက်ယူနီယံ၊ တရုတ်ပြည်နဲ့ ရှုမေးနီးယား။ဒေါက်တာဦးဗမောင် က တရုတ်ပြည် ဘာသာပြန်လုပ်ငန်း။ ပါမောက္ခဦးမျိုးနဲ့ဦးဘမြင့်တို့က အမေရိကန်မှာ နိုင်ငံခြားဘာသာစကား သင်ကြားနည်း။ အရှေ့အနောက်လက်ဝဲ လက်ယာနိုင်ငံစုံမှာ ပညာရေးလေ့လာနည်းယူမှုများ လုပ်ခဲ့ကြတယ်။ နိုင်ငံတော်အစိုးရအကူအညီနဲ့ ကျောင်းသားများ ပညာရေးနှီးနှောဖလှယ်ပွဲကြီးကို



ကိုအောင်ဆန်း
ဥက္ကဋ္ဌ
ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂ
( ၁၉၃၈ )

ရှေ့သို့သာ ချီတက်မည်....

ဒီ "ခွပ်ဒေါင်းစုံညီရှေ့သို့ချီ" သီချင်းဟာ တတိယအကြိမ် ရန်ကုန်တက္ကသိုလ်ကျောင်းသားပွဲတော်မှာ တင်ဆက်ခဲ့တဲ့ "ခွပ်ဒေါင်းစုံညီရှေ့သို့ချီ" အရိုပ်ပြသရုပ်ဖော် ဇာတ်လမ်းက ဇာတ်ဝင်သီချင်းအဖြစ် တို့ကျောင်းသားထုရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့တယ်။ ကျောင်းသားပွဲတော်များဟာ တကသမှုဝါဒနဲ့အညီ ကျင်းပခဲ့တာဖြစ်တယ်။ နှစ်နှစ်တစ်ကြိမ် ကျင်းပတဲ့ ဒီပွဲတော်ကို ကျောင်းသားတိုင်း ဆင်နွှဲပျော်ရွှင်ဖို့ မျှော်နေကြတာပါပဲ။ ပြပွဲပြိုင်ပွဲတွေနဲ့ အားကစားပွဲတွေပါ ပူးတွဲပါဝင်တယ်။ ကျောင်းသူ ကျောင်းသားတိုင်း မိမိတို့စွမ်းသန်ရာ ပါဝင်ယှဉ်ပြိုင်နိုင်ကြတယ်။ (၁) ကျောင်းသားချင်း ရင်းနှီးမိတ်ဆွေဖြစ်ရေး၊ (၂)ယဉ်ကျေးမှုမြှင့်တင်ရေး၊ (၃) ငြိမ်းချမ်းရေး ရည်ရွယ်ချက်များနဲ့ ခွပ်ဒေါင်း အလံတော်အောက်မှာ ရှမ်း၊ကရင်၊ကချင်၊ချင်း၊

ဒီတေးကို ဆိုရခြင်းအတွက် ဂုဏ်ယူမက်မောမိသည်။ ရိုးသားသည်၊ တည်ကြည်သည်၊ သစ္စာရှိသည်၊ ဒီတေးကို ဆိုရခြင်းအတွက်ဖြစ်သည်။

သည်လိုတေးကို ဘာကြောင့်ဆို၊ အလိုမကျလို့ဆို၊ဘာကိုများ အလိုမကျလိမ့်နော်၊ မေးခွန်းစေသော် အဖြေပေါ် (ဒို့မြေကိုကျူးကျော်)၂ နယ်ချဲ့ဘီလူးရဲ့ စစ်သည်တော် ကေအမ်တီခါ ချန်ကေရှိတ်ဘက်တော်အများက မလိုလားသော် (ဒို့ကဝိုင်းအော်) (ဒို့ကဝိုင်းအော်) ကေအမ်တီအလိုမရှိပြီ ချန်ကေရှိ– ကနေဒီ– ပေါလစီ(အလိုမရှိပြီ)၂ အလိုမရှိပြီ....



## ထမင်းယူမလာနဲ့ သတင်းယူလာခဲ့

မင်းကိုနိုင်
( ဥက္ကဋ္ဌ )
ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများသမဂ္ဂ

ထိန်း၊ ကောလိပ်ကျောင်းအုပ်ကြီး ဘဝတွေကို ရောက်ရှိခဲ့တယ်။ ရာသက်ပန်ကျောင်းထုတ်ခံရတဲ့ ဆေးတက္ကသိုလ်ကျောင်းသား(၄)ဦးအနက် (၃)ဦး ဆရာဝန်ဘွဲ့ ရရှိခဲ့တယ်။

## ပညာရေးနှီးနှောဖလှယ်ပွဲ

ဒို့တိုင်းမြန်မာပြည်မှာ အတိတ်ကိုညွှန်း ညွှန်းသည့်အခါ အလုပ်သမား လယ်သမားများနဲ့ ဒို့ကျောင်းက ဦးဆောင်လာ တပါးကျွန်ပညာရေးစနစ် တွန်းလှန်ဖယ်ရှားရာ အမျိုးသားပညာရေးအတွက် သွေးစက်မြောက်များစွာနဲ့ စတေးယူလာခဲ့ရှာ.... ဒါတွေမသိသယောင် ဟင်.... မေ့သယောင် ဟန်ဆောင်မထားနိုင်ပါ....

**(ရာဇဝင်မှတ်ကျောက်တင် အခန်းဆက်ဂန္ထဝင်မှာ၊ခွပ်ဒေါင်းလံ ကြွားကြွားနဲ့ ဝင့်ကာလွှင့်ကာ တလူလူပါ)၂**

(မျိုးစေ့ကောင်းပါမှ ရှင်သန်စွမ်းမည့်အပင်ပမာ၊ ယွင်းချွတ်တဲ့ ပညာရေးဟာ၊ဖာရုံထေးရုံမပြီးပါ။တခုသော ပညာရေးစနစ် အသစ်သစ် တည်ဆောက်ပြုပြင်ရာ၊ဟော့....ကျောင်းသား ရဲဘော်အပေါင်းတို့ရာ တွေ့ဆုံကြဆွေးနွေးကြဖို့လိုနေတာ၊ ပညာရေးနှီးနှောဖလှယ်ရန် လာ....လာ.... လာဟော့ လာ....

ကျောင်းသားသမဂ္ဂများဟာ အဆင့်အတန်းမြင့်တဲ့ အမျိုးသားပညာရေးစနစ်ကို အစဉ်တစိုက် တောင်းဆိုတင်ပြခဲ့တယ်။ အရာမထင်ခဲ့ဘူး။ ခေတ်အဆက်ဆက် အုပ်စိုးသူများဟာ တာဝန်လစ်ဟင်းခဲ့ကြတယ်။ဆိုးသထက်ဆိုးလှတဲ့ နောက်ဆုံး စစ်အာဏာရှင် နဝတ၊နအဖ လက်ထက်မှာ တက္ကသိုလ်ကောလိပ်အားလုံး နှစ်ရှည်ပိတ်ထားတဲ့အထိ ယုတ်မာခဲ့ကြတယ်။ တိုင်းပြည်ဟာ ပညာရေးမရှိတဲ့တိုင်းပြည်ဖြစ်ခဲ့ရတယ်။ ပါလီမန်ဒီမိုကရေစီခေတ်များမှာတော့ ဖာဖာထေးထေးလုပ်ဖော်ရသေးတယ်။ဒါလည်း တိုင်းပြည်တိုးတက်ရေးအတွက် ကောင်းတဲ့မှန်ကန်တဲ့ လက္ခဏာမဟုတ်ပါဘူး။ ဝန်ကြီးချုပ်ဦးနုက၁၉၅၇ ခုနှစ်၊ဇွန်လ(၁၄)ရက်နေ့မှာ လေးနှစ်စီမံကိန်း ပညာရေးကော်မတီကို အဖွဲ့ဝင်များတိုးချဲ့ပြီး ပညာရေးစုံစမ်းမှုကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့တယ်။ အဖွဲ့ဝင်များအဖြစ် ဒုအဓိပတိဦးဘိုကြီး၊တရားမျှတမှုပါတီဥက္ကဋ္ဌ ဒေါက်တာဦးဗမောင်၊ ကျောင်းသုံးစာအုပ်ထုတ်လုပ်မှု ညွှန်ကြားရေးဝန်ကြီး ဦးသိန်းဟန်၊ ဆရာဖြစ်သင် ညွှန်ကြားရေးဝန် ဦးဘဘွား၊ စက်မှုလက်မှု ညွှန်ကြားရေးဝန် မစ္စတာစီပင်လို၊ ကျောင်းဆရာများ အသင်းချုပ်အတွင်းရေးမှူး ဦးမြတ်ထွန်း၊ လူထုပညာညွှန်ကြားရေးမှူး ဦးအောင်မင်း၊




ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမကြီးမှာ ၁၉၅၇ခုနှစ်၊ဩဂုတ်လ(၈)ရက်နေ့က(၁၃)ရက်နေ့အထိကျင်းပခဲ့တယ်။ တကသ၊ဗကသနဲ့ နယ်တက္ကသိုလ် ကောလိပ်သမဂ္ဂအသီးသီးက အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့တယ်။ အခမ်းအနားပြင်ဆင်ရေးကော်မတီက ပွဲတော်အခမ်းအနားကို ကုလသမဂ္ဂ ညီလာခံပုံစံမျိုး နမူနာယူပြီး အခမ်းအနားထိုင်ခုံများကို လခြမ်းပုံ၊ ပစောက်ပုံ ပြင်ဆင်ပေးထားတယ်။ခမ်းနားကြီးကျယ်ကြည့်ကောင်းလှတယ်။ဒီလို ပညာရေး နှီးနှောဖလှယ်ပွဲမျိုး ရှေးကလည်း မပေါ်ပေါက်ဖူးခဲ့၊ အခုထိလည်း မပေါ်ပေါက်နိုင်သေး။ ဩော်.... မြန်မာပြည်၊ မြန်မာပြည် တိုင်းပြည်တိုးတက်ရေးအတွက် ပညာရေးနှီးနှောဖလှယ်ပွဲ အစစ်အမှန်ကို ဘုရားစူးရစေ့တစ်ကြိမ်သာ လုပ်နိုင်ခဲ့ပြီး၊ ပြည်တွင်းစစ်ကိုတော့ ရာစုနှစ်ဝက်ကျိုးတဲ့အထိ အဆက်မပြတ်ဆင်နွှဲနေကြရတယ်။ ပြည်တွင်းစစ်မီးတောက်ကြီးထဲမှာ အသက်အိုးအိမ်၊စည်းစိမ်၊ပညာရေး၊ ပျော်ရွှင်မှုတွေ လောင်ကျွမ်းပြာကျခဲ့ရတယ်။

## ခွပ်ဒေါင်းစုံညီရှေ့သို့ချီ

ရာဇဝင်သစ်ကို ဖွင့်လှစ်ကြမည်၊ ဒို့ကျောင်းသူ ကျောင်းသားစုံညီ၊ ဇမ္ဗူဒီမြေ သားသမီးဖြစ်သည်.... တကဏ္ဍသရုပ်ဆောင် လူ့ဘောင်မှာ ပြောင်ရှမ်းစေမည်၊ အရိုင်းအယဉ် အခက်တိုင်းဆက်လျက် သမိုင်းစဉ်ဆက် ခုတ်ရှင်းခဲ့သည်။

အနာဂတ်အရေး ဒို့အရေး

ဒို့မနေ့ပြိုင်သည့် ဒီမိုကရေစီ၊ တက္ကသိုလ်ဆောက်မည်၊ (တည်ထောင်မည်) ငြိမ်းချမ်းသောပညာရေး (တောင်းဆိုကြဟေ့) (ခွပ်ဒေါင်းစုံညီ) တဲ့– နွှဲ ရဲရဲတောက်နီ၊မခွဲ အမြဲ တွဲတွဲလို့ အတည်(ခွပ်ဒေါင်းစုံညီ) ရှေ့သို့သာ

ကယား၊ရခိုင်၊မွန်၊ပအိုဝ်းစတဲ့ တိုင်းရင်းသားလူမျိုးစုံတို့ရဲ့ကဟန်များဟာ တိုင်း ရင်းသားညီအစ်ကို မောင်နှမချင်း ချစ် ကြည်သွေးစည်းမှုကို သီးပွင့်စေခဲ့တယ်။

"ခွပ်ဒေါင်းစုံညီ ရှေ့သို့ချီ" အရိပ်ပြ သရုပ်ဖော်ဇာတ်လမ်းဟာ ဆန်းသစ်ထူးခြားနေတယ်။ ပိတ်ဖြူကားကို နောက်ကနေ ဆလိုက်ထိုးထားပြီး ဇာတ်ကောင်တွေက ဆလိုက်နဲ့ ပိတ်ကားကြားမှာ လှုပ်ရှားသရုပ်ဖော် ရတာပါ။ ပိတ်ကားပေါ်က အရိပ်တွေနဲ့ နောက်ခံဇာတ်လမ်းပြောသူရဲ့ ထိမ်းတဲ့အပြောတွေ၊ ရန်ကုန်တက္ကသိုလ် သီရိဆောင်သူများနဲ့ ဗကသများ အဖွဲ့ချုပ်က ရဲဘော်များ၊ကဗျာဆရာ၊ စာရေးဆရာများ ပူးတွဲသရုပ်ဆောင်ထားကြတယ်။

**တရုတ်ဖြူကျူးကျော်မှု ဆန့်ကျင်ရေး**

သည်တေးကိုဆိုရခြင်းအတွက် ဂုဏ်ယူမက်မောမိသည်။ ရိုးသားသည် တည်ကြည်သည်။ သစ္စာရှိသည်။ သည်တေးကိုဆိုရခြင်းအတွက်ဖြစ်သည်....

မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုအရေးတော်ပုံများဟာ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံများနဲ့ခွဲခြားမနေပါ။၁၉၄၉ခုနှစ်နောက်ပိုင်း မြန်မာပြည်အရှေ့ဘက်တဝန်းဒေသကို တရုတ်ပြည်ကြီးက ထွက်ပြေးလာတဲ့ တရုတ်ဖြူချန်ကေရှိတ်တပ်အကြွင်းအကျန်တို့က ဝင်ရောက်သိမ်းပိုက်ထားကြတယ်။ အမေရိကန်သမတကနေဒီက တရုတ်ဖြူတို့အား အသိအမှတ်ပြု အားပေးခဲ့တယ်။တရုတ်ဖြူကူမင်တန် ဂျင်နရယ်လီမီ၊ ဂျင်နရယ်လီကိုချွမ်း၊ မေဂျာဂျင်နရယ်မာချောရီတို့ရဲ့ အမှတ်(၈)၊အမှတ်(၂၆)၊ အမှတ်(၉၃)တပ်တွေ မြန်မာ့မြေထဲ ဝင်ရောက်ကျူးကျော်ခဲ့တာကို ပြည်သူလူထုကြီးနဲ့အတူ ကျောင်းသားတို့က ဆန္ဒပြကန့်ကွက်ခဲ့လို့ ဖဆပလအစိုးရဟာ



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်



# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံစာမျက်နှာ

**မိုးကြိုး သတင်းစဉ် အမှတ် (၁၆)**



ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်ပြတိုင်တည်ခဲ့ရတယ်။ ၁၉၅၃ ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့ ဟန်ဂေရီပြည် ဘူဒါပက်စ်မြို့မှာကျင်းပတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ချုပ် ဗဟိုကောင်စီအစည်းအဝေးပွဲကြီးကိုလည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး မြန်မာနိုင်ငံအရေးကိစ္စကို တင်ပြခဲ့တယ်။

## ဗကသအဖွဲ့ချုပ် ၆ ကြိမ်မြောက်ညီလာခံအတွက် ဖွဲ့ဆိုတဲ့သီချင်း

(ငါတို့ကျောင်းသားပေါင်းစည်းလို့ ညီရမည်၊ အမျိုးသားအရေးကို ကြိုးဆိုဘို့ရည် ဒီမိုကရေစီပညာရေးအတွက် ညီ ဒို့အသား ဒို့အသွေး စတေးလှူမည်။)၂

(ငါတို့ကျောင်းသား ပေါင်းစည်းလို့ညီရမည် အမျိုးသားအရေးကို ကြိုးဆိုဘို့ရည် လွတ်လပ်ခိုင်မြဲ အခွန့်ရှည်ဘို့အတည် ပြည်ချစ်စိတ်ဓါတ်မွေးရမည်။)၂

ဟေ.... ညီညီညာညာ ငြိမ်းချမ်းရေးထိန်းသိမ်းမည် ဖက်ဆစ်ဝါဒီ တိုက်ဖျက်မည်....

ဟေ.... ညီညီညာညာ ငြိမ်းချမ်းရေးထိန်းသိမ်းမည် ဖက်ဆစ်ဝါဒီ တိုက်ဖျက်မည်၊

ဟေ....ညီညီညာညာ ငြိမ်းချမ်းရေးထိန်းသိမ်းမည် နယ်ချဲ့ရန်ကို တွန်းဖြိုမည် ကျောင်းသားအသိနဲ့ ကျောင်းသားအခွင့် တင်ပြမည်၊ သွေးစည်းလို့ပင် ရာဇဝင်အခန်းဆက်ရှည် ဘဝသစ်မုခ်နန်းလှမ်းချိဘို့ရည် အောင်ပွဲ ဆက်ဆက် ခံဖူးသည်။

ဟေ.... အောင်ပြီ.... အောင်ပြီ ငြိမ်းချမ်းရေး ထိန်းသိမ်းမည်၊ ဖက်ဆစ်ဝါဒီ တိုက်ဖျက်မည်၊

ဟေ....(အောင်ပြီ)၂ ငြိမ်းချမ်းရေးထိန်းသိမ်းမည် နယ်ချဲ့ရန်ကို တွန်းဖြိုမည် ကျောင်းသားအသိနဲ့ ကျောင်းသားအခွင့်တင်ပြမည် သွေးစည်းလို့ပင်ရာဇဝင် အခန်းဆက်ရှည် ဗကသများအဖွဲ့ချုပ် ဦးဆောင် အောင်ပွဲ ဆက်ဆက်ခံဦးမည်....

၁၉၆၀ ခုနှစ်၊ အောက်တိုဘာလမှာ ဆဋ္ဌမအကြိမ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် (ဗကသ)ကြီးကို ဂုဏ်ပြုပြီး သီချင်းရေးဖွဲ့သီကျူးခဲ့ကြတယ်။ ဒီနှစ်မှာ တစ်ပြည်လုံး သမဂ္ဂညီလာခံများနဲ့ ကြိုတင်ညှိနှိုင်းပြီး တကသ အဆောက်အဦမှာညီလာခံကျင်းပပြီး အမှုဆောင်သစ်များ ရွေးကောက်တင်မြှောက်ပါတယ်။ကိုခင်မောင်အုန်း၊ကိုသက်၊ ကိုတင်ထွန်း၊ ကိုလှရွှေအစရှိသူ ရဲဘော်လှရွှေ ပြည်လည်ဖော်ထုတ်ပေးခဲ့လို့ ကျောင်းသားထုအတွင်း ပြန့်နှံ့ခဲ့တယ်။

ဗကသများအဖွဲ့ချုပ်ရဲ့ ပထမဦးဆုံးဥက္ကဋ္ဌမှာ ဦးရာဇာတ်၊ ပထမဦးဆုံးအတွင်းရေးမှူးမှာ သခင်အောင်ဆန်းဖြစ်ပါတယ်။ ၁၉၃၆ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တယ်။ ၁၉၃၈–၃၉ နှစ်မှာတော့ သခင်ဗဟိန်းက ဗကသဥက္ကဋ္ဌ ဖြစ်လာပြီး ဦးဗဆွေက အတွင်းရေးမှူး။

ကျောင်းသားသမဂ္ဂများကို စစ်ကိုခေတ်၊ စစ်ပြီးခေတ်တို့မှာ အာဏာပိုင်များက နည်းလမ်းစုံနဲ့ ကြိုးပမ်းဖျက်ဆီးခဲ့ကြတယ်။ အမျိုးသားပညာရေးစနစ်ထူထောင်ရေး၊ ငြိမ်းချမ်းရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့တဲ့သမဂ္ဂကို ဖြိုဖျက်ဖို့ ကြိုးစားခဲ့တဲ့ အစိုးရအဆက်ဆက်သာ ပြိုပျက်ခဲ့ကြတယ်။သမဂ္ဂကား အစဉ်အမြဲ ခိုင်မာတည်တံ့နေဆဲ။ မဆလ၊ နဝတ၊ နအဖခေတ်ရှေ့မှာလည်း ကျောင်းသားသမဂ္ဂများကို အကြီးအကျယ် နှိမ်နင်းဖျက်ဆီးခဲ့တယ်။ သမဂ္ဂအဆောက်အဦးကို မှိုက်မှိုက်ကန်းကန်း ဖျက်ဆီးပစ်တယ်။ သမဂ္ဂဝင်ကျောင်းသားများကို ဖမ်းဆီးနှိပ်စက်သတ်ဖြတ် ထောင်တွင်းအကျဉ်းချကြတယ်။ဒါပေမယ့် ဖြိုသူသာပြိုပြီး၊ ဖျက်သူသာပျက်ရတဲ့ သာဓကတွေ တကြိမ်ပြီးတကြိမ် ကြုံခဲ့မြင်ခဲ့ရတယ်မဟုတ်လား။ ကျောင်းသားများသမဂ္ဂ ဘယ်တော့မှမပျောက်ပျက်နိုင်ပါ။

## ငြိမ်းချမ်းရေးသည် အပေါင်း လက္ခဏာ

ကမ္ဘာသူကမ္ဘာသား ဆန္ဒနှစ်ဖြာ အတူကြုံဆအမှန်တဝပန်ကြားမှာ.... စစ်ဆိုသည်မှာ အနှုတ်လက္ခဏာ ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ ရေပမာ....လေပမာ လွတ်လွတ်လပ်လပ် ခံစားလိုကြရှာ၊အဲဒါ ငြိမ်းချမ်းရေးအရသာ ငြိမ်းချမ်းရေးသည် အပေါင်းလက္ခဏာ....

လူသားအနွယ်အား ဆိတ်သုဉ်းစေမည့် အနုမြူအန္တရာယ်ကို ကာကွယ်ပါ....အင်အားဖြင့်လည်း အနိုင်ကျင့်မှုကို အဆုံးသတ်စေလိုတာ နိုင်ငံအချင်းအချင်း ပူးပေါင်းဆောင်ရွက်ရေးသာ တွေးကာ....တွေးကာ နည်းလမ်းရှာဖွေ ပါ။

စစ်ဖြစ်ပြီဆိုမှဖြင့် ဟာ မိခင်တကွဲ သားတကွဲနဲ့ သေပွဲဝင်ရှာ အရောင်အသွေး မခွဲခြားပါ၊ ဘာသာမရွေးရှာ သွေးချောင်းစီးတော့ ကမ္ဘာအနှံ့အပြားမှာ အလုပ်ရုံ စက်ရုံ လယ်ယာကိုင်းကျွန်းတွေ မီးလောင်ကျွမ်းမှာ ပြာအထိလွှမ်း စာကြည့်ခန်းတွေလည်း ချိတ်ပိတ် ဆိတ်ငြိမ်ကာ ပန်းချီပန်းပုနဲ့ အနုပညာ မပြုပြင်ရှာ ကလောင်ငိုစုတ်ငို ဟင်....စောင်းအိုလဲငို အနုပညာရှိုက်သံ တော်လျှင်လဲပြို အို .... အမျိုးသားလက္ခဏာဆံမြိတ်ထုံးကို ပိုးမွှားအဖျက်တန်ဆာ အဆိပ်ဗုံးနဲ့ အဆုံးသတ်လိုကြတဲ့ စစ်ဝါဒီရာ မချစ်ပါပြီ သင့်ကိုသာ မချစ်ပါပြီ သင့်ကိုသာ လာ....လာ (အရေးဆိုကြ)၂ (အနုမြူဗုံးပိတ်ပစ်ပါ)၂ (စစ်ကိုမလိုပါ)၂ ငြိမ်းချမ်းရေးသာ ငြိမ်းချမ်းရေးသာ ပေးပါ.... ပေးကြပါ....

ငြိမ်းချမ်းရေးသာရရင် ဒို့ပျော်ရွှင်မှာစေတီဘုရားများနဲ့ ကျောင်းကန်ဇရပ်ပါ စိမ်းလန်းစိုဝါ လယ်မြေဟာ လယ်လုပ်သူတိုင်းလယ်ပိုင်မှာ ယာလုပ်သူလဲယာပိုင်မှာ အလုပ်ရုံစက်ရုံ တချွင်ချွင်ညံ တူကိုပေး တံဇင်ကိုပေး ခုလူသုံးကုန်ပစ္စည်း ခိုင်ပြီးပေါရာ ထုတ်လုပ်လေရာ မြေပဒေသာခေတ်ကိုပဲ ရောက်ရမှာ လာ....လာ(အရေးဆိုကြ)၂ (အနုမြူဗုံးပိတ်ပစ်ပါ)၂ (စစ်ကိုမလိုပါ)၂ (ငြိမ်းချမ်းရေးသာ)ပေးပါ ပေးကြပါ....

ပြည်သူလူထုကြီးက စစ်ကိုမလိုလား၊ ခါးခါးသီးသီး မုန်းမုန်းတီးတီး တားဆီးကန့်ကွက်နေတဲ့ကြားက စစ်ကောင်တွေ ပွားများကြီးထွားလာခဲ့တယ်။ ပညာရေး၊ ကျန်းမာရေးတွေအတွက် ထိထိရောက်ရောက် မသုံးနိုင်ဘဲ စစ်စရိတ်ကြောင့် တိုင်းသူပြည်သားတွေ ထောင်းထောင်းကျေညက် အနေခက်ခဲ့ကြရပြီ....

ပြည်သူနဲ့ ကျောင်းသားတို့ရဲ့ ငြိမ်းချမ်းရေးတောင်းဆိုသံတွေ ဘဝဂ်ညံမျှ လျှံထွက်ခဲ့တယ်။ဆရာကြီး သခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့က တတိုင်းတပြည်လုံးအနှံ့လှည့်လည်ပြီး ဟောပြောပွဲတွေကျင်းပ၊ ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်ခဲ့တယ်။ လှုက်ရည်ဆိုင်မှာ၊ မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်တွေမှာ တစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းရေးဆန္ဒတွေကို လက်မှတ်ထိုး တောင်းခံတဲ့အထိ အသေးစိတ် အောက်ခြေရောက်အောင် လှုံ့လဉဿဖ စိုက်ထုတ်ခဲ့ကြတယ်။ ကျောင်းသားမိဘလူထုကြီးရဲ့ ဆန္ဒအစစ်အမှန်တွေထင်ဟပ်တဲ့ ပြဇာတ်တွေ၊ သီချင်းတွေ၊ယိမ်းအော်ပရာတွေဟာ ကျောင်းသားပွဲတော်များမှာ တင်ဆက်ကပြတဲ့အနက် "ညီမလေးမာလာ"ပြဇာတ်က လူကြိုက်ပိုများခဲ့ရတဲ့ အကြောင်းက ပြည်တွင်းစစ်ဘေးဒဏ်ကြောင့် ညီမလေးမာလာဘဝ အဆိုးကြီးဆိုးခဲ့ရတာကို ဖော်ကျူးနိုင်လို့ဖြစ်ပါတယ်။

## ညီမလေးမာလာ

ဟယ်.... ပြည်တွင်းစစ်မီးရယ် နင့်ကိုလေ.... နင့်ကိုလေ.... ဥဒါန်းမကြေဘူးမှတ်ဟေ....ပြည်သူအသားတွေအသွေးတွေနဲ့ စတေးခဲ့တဲ့လွတ်လပ်ရေးဟာလေ ခုတော့ အဓိပ္ပါယ်မရှိသလိုဖြစ်နေ၊ ကိုးနှစ်ကျော်တိုင် သွေးပင်လယ်ဝေပြီး စီးပွားပျက်ကပ် ကြုံကြိုက်ကာနေ မာလာရဲ့ပညာရေး ရင်ဝယ်မအေးရပေ တကောင်ကြွက်တမျက်နှာကမ္ဘာ့အလယ်မှာ မျက်နှာငယ်နေ လူရေးမလှတော့ပေ ပူဆွေးဗျာပါပွေ ရှေးအနာဂတ်ပညာရေးတွေ (မာလာရေ)၃ ပြည်တွင်းမငြိမ်းချမ်းသမျှ လက်လွှတ်လိုက်တော့ မာလာညီမလေးရေ....

ပြည်တွင်းစစ်ဖြစ်တဲ့ကာလ (၉)နှစ်အတွင်းမှာ သွေးပင်လယ်ဝေပြီး စီးပွားပျက်ကပ်ကြုံခဲ့တာကို ရပ်မပစ်နိုင်ခဲ့ကြဘူး။ နောက် (၉)နှစ်ကြာလို့လည်း မရပ်စဲနိုင်ဘူး။နောက်ထပ်(၉)နှစ်၊နောက်(၉)နှစ်၊ ဘယ်လိုမှ မရပ်စဲနိုင်ခဲ့ဘူး။ ၉ ဂဏန်းကြိုက်တဲ့ ပြည်တွင်းစစ်ကြောင့် အမြတ်ရကြီးပွားနေကြတဲ့ နဝတ၊ နအဖစစ်အုပ်စု လက်ထက်မှာတော့ ပြည်သူတို့ဘဝဟာ စားစရာမရှိသလောက်ဖြစ်နေပါပြီ။ တက္ကသိုလ်ကောလိပ်ကျောင်းတွေ နှစ်ရှည်ပိတ်ပြန်ဖွင့်တော့လည်း အကန့်အသတ်အလျှပ်အချယ်တွေနဲ့ ပညာရေးမဲ့တဲ့တိုင်းပြည်ဖြစ်နေပါပြီ။ စစ်အုပ်စုရဲ့သားသမီးတွေကတော့ နိုင်ငံခြားမှာ ပြည်တွင်းမှာ ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ပညာရေးတွေ ရနေကြတယ်။

လူထုဘဝကိုထင်ဟပ်တဲ့ တကသရဲ့သီချင်းတွေကို မှတ်မိသမျှ တင်ပြလိုက်တာပါ။ တကယ်တော့ သမဂ္ဂသီချင်းတွေ အများကြီးရှိပါသေးတယ်။ရရှိသူမှတ်မိသူများက ပြန်လည်ဖော်ထုတ်တင်ပြကြဖို့ တိုက်တွန်းပါတယ်။

**မြန်မာပြည် ကျောင်းသားသမဂ္ဂများ ကမ္ဘာတည်သရွေ့ အစွန့်ရှည်ပါစေ**





In the fell cluth of cirumstance
I have not winced nor cried aloud.
Under the bludgeon ings of change
My head is bloody but unbowed.

လောကစံတရား၏ ကြမ်းကြုပ်သောလက်ဆုပ်တွင်းသို့
ငါ သက်ဆင်းကျရောက်ငြားလည်း
ငါကား မတုန်လှုပ် မငိုကြွေး
ကံတရား၏ ရိုက်ပုတ်ခြင်းကြောင့်
ငါ၏ ဦးခေါင်းတို့သည် သွေးဖြင့် ချင်းချင်းနီ၏
သို့သော် ညွှတ်ကား မညွှတ်။

မူရင်းစာရေးဆရာ **Willian Ernest Henley (1849-1903)** ၏ကဗျာအား ကိုအောင်ဆန်း( ဗိုလ်ချုပ်အောင်ဆန်း )က ဘာသာပြန်ဆိုပြီးရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ထုတ်ဝေသည့် "အိုးဝေ" မဂ္ဂဇင်းတွင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ယခု ထိုကဗျာထဲမှ အပိုဒ်တပိုဒ်ကို ကောက်နှုတ်ထားခြင်းဖြစ်ပါသည်။

◆◆◆◆◆◆◆◆◆◆